အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၂၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၄ ခုနှစ် ဩဂုတ် ၂၀ ရက်၌ ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာဖယ်ရန့်၊ မာဒဲလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချမှု ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄) အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ (၂၀၀၄)ကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက် ရတနာခန်းမသို့ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် နိုင်ငံသားရတနာကုန်သည်များနှင့် ပြည်ပမှ နိုင်ငံခြားသား ရတနာကုန်သည်များက ကျောက်မျက်နှင့် ကျောက်စိမ်းများအား ဈေးပြိုင်ဝယ်ယူမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်း ဆောင်းပါးအညွှန်း

☆ မြန်မာနိုင်ငံသည် အဖိုးတန်ကျွန်းသစ်နှင့် သစ်မာအမျိုးမျိုးကို စနစ်တကျ ထုတ်ယူရောင်းချလျက်ရှိရာ နှစ်စဉ် ပြည်တွင်းဝင်ငွေ ကျပ်သန်းပေါင်းများစွာနှင့် နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်းများစွာကို ရှာဖွေပေးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံသစ်တောများအတွင်း တောဆင်ရိုင်း၊ ကျား၊ ကျားသစ်၊ ကြောင်၊ စိုင်၊ ဆတ်၊ ကြံ့၊ ကြံ့သူတော် စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များအပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၃၀၀ ခန့်၊ ကုန်းနေ၊ ရေနေနှင့်တွားသွားသတ္တဝါမျိုးစိတ် ၃၆၀ ခန့်၊ ငှက်မျိုးစိတ် ၁၀၀၀ ကျော်၊ လိပ်ပြာမျိုးစိတ် ၁၀၀၀ ကျော် နေထိုင် ကျက်စားလျက်ရှိသည်။

တင်ထွန်း(ဝန်းကျင်/သားငှက်)၏ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက်" ဆောင်းပါး (စာ-၁၀)

☆ ဩဂုတ် ၁၈ ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၉၄၆ ဦးရှိပြီ။

နိုင်ငံတကာသတင်း (စာ-၄)

☆ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ပေးထားသော စက်ရုံအလုပ်ရုံများ။

ဓာတ်ပုံစာမျက်နှာ (စာ-၇)

မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ ရတနာကုန်သည် စုစုပေါင်း ၈၉၉ ဦးတို့ တက်ရောက်ကြသည်။

ဖွင့်ဖောက်စစ်ဆေး

ရှေးဦးစွာ ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ကျောက်စိမ်းများအနက် ***စာမျက်နှာ ၈ ကော်လံ ၅*** ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကနေဒါသံအမတ်ကြီးအဖြစ် မစ္စတာဒင်နီကော်မိုးအား ခန့်အပ်ရန်သဘောတူညီ

ရန်ကုန် ဩဂုတ် ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါသံအမတ်ကြီးအဖြစ် မစ္စတာဒင်နီကော်မိုးအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဒင်နီကော်မိုးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်

၁၉-၈-၂၀၀၄

မင်္ဂလာဒုံ	၁ ဒသမ ၈၉ လက်မ
ကမ္ဘာအေး	၂ ဒသမ ၁၃ လက်မ
ရန်ကုန်မြို့လယ်	၁ ဒသမ ၈၅ လက်မ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး နိုင်ငံတော်နှင့်လက်တွဲ၍ ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ဖြစ်ထွန်းရေးအတွက် ထူထောင်နေဆဲကာလတွင် အခြေခံရှိပြီးဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောစသည့် ကဏ္ဍသုံးရပ်ကို အခြေပြု၍လိုအပ်သော အရင်းအနှီးများ စုဆောင်းကာ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရာ၌ နိုင်ငံတော်အစိုးရက တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်အတူ လက်တွဲ၍ ထိထိရောက်ရောက် အားပေးဖြည့်ဆည်းလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၃ခုနှစ် ဇွန်လ ၈ ရက်နေ့က ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်အပန်းဖြေစခန်းသို့ သွားရောက်ပြီး တာဝန်ရှိသူများအား မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားခဲ့ရာတွင်–

> **"နိုင်ငံတော်၏အရေးပါသော စီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူ ရေးကဏ္ဍနှင့် သစ်တောကဏ္ဍတို့အနက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတို့မှာမူ နိုင်ငံတော်၏ ရေမြေရာသီဥတု အခြေအနေအရ အရှိန်အဟုန်မြှင့်တင်၍ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ကိုင်ဆောင်ရွက်၍ရသော အခြေခံရှိသည့် ကဏ္ဍများဖြစ်ကြောင်း၊ ယင်းကဏ္ဍများ တစ်ဆင့်မြင့်မားတိုးတက်လာအောင်၊ မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီမံအားပေးရမည်ဖြစ်ကြောင်း"**

မှာကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ရေမြေသဘာဝနှင့် ကိုက်ညီသည့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ရှိစွာဖြင့် လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ယင်းလမ်းညွှန်မှာကြားချက်ကို အလေးအနက်ခံယူ၍ တိုင်းရင်းသားလုပ်ငန်းရှင်များသည် နိုင်ငံတော်နှင့်လက်တွဲပြီး မွေးမြူရေးကဏ္ဍ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ကိုင်ကြရမည် ဖြစ်သည်။

ယခုအခါ ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ငန်းရှင်များ ကျွမ်းကျင်စွာဆောင်ရွက်နိုင်ပြီဖြစ်သကဲ့သို့ ခေတ်မီ ပုစွန်မွေးမြူရေးလုပ်ငန်းကိုလည်း စတင်မွေးမြူနိုင်ပြီဖြစ်ရာ ပြည်တွင်းစားသုံးမှုဖူလုံရုံမျှသာမက ပြည်ပဝင်ငွေ တိုးတက်မှုရရှိလာအောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ငါး၊ ပုစွန်အပါအဝင် ရေထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချရာ၌ ဈေးကွက်ကိုတိုးချဲ့ထိုးဖောက်ကြရန် အရေးကြီးသည်။ ရေထွက်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှသာမက နယ်စပ်ဒေသ ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် တင်ပို့ရောင်းချရန်ဖြစ်သည်။ ဈေးကွက်က ကြိုက်နှစ်သက်မည့် အရည်အသွေးအဆင့်အတန်းရှိသော ရေထွက်ပစ္စည်းများထုတ်လုပ်နိုင်မှသာ ဈေးကွက်ကို ပိုမိုထိုးဖောက်နိုင်မည် ဖြစ်သည်။

မွေးမြူရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်း၊ မေထုန်မဲ့သားဖောက်ပေးခြင်း၊ တိရစ္ဆာန်ရောဂါ ကာကွယ်ကုသပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများ ပြုလုပ်ပေးရန်လည်း လိုအပ်ပေသည်။ ထို့မျှသာမက တစ်မြို့လျှင် မွေးမြူရေးလုပ်ငန်းတစ်ခုအတွက် စံပြမွေးမြူရေးခြံတစ်ခြံထူထောင်ပြီး မျိုးကောင်းမျိုးသန့်များ မွေးမြူဖြန့်ဖြူးခြင်း၊ မွေးမြူရေးနည်းစနစ်များ ဖြန့်ဝေပေးခြင်းအားဖြင့် စီးပွားဖြစ်ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများ မိမိတို့မြို့နယ်အတွင်း ဖြစ်ထွန်းလာစေရေး နည်းပေးလမ်းပြ အားပေးကူညီကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုနိုင်ငံဖြစ်ပေါ်လာရေးအတွက် အခြေခံရှိပြီးဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍ သုံးရပ်အနက် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းသားလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်လက်တွဲ၍ ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝါခေါင်လဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၁၉

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အရှင်ပညာသီဟာဘိဝံသ(ပဋ္ဌာန်ကာယ်) သ–စ–အ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဆရာတော်သည် ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ သီရိဂုဏ်ဝေဓမ္မဗိမာန်၌ နံနက် ၉ နာရီက သီလပေး၊ ပဋ္ဌာန်းတရားတော်နှင့် ကမာရွတ်မြို့နယ် အင်းစိန်လမ်း အင်းလျားရွာသစ်ကျောင်း၌ မွန်းလွဲ ၂ နာရီတွင် ဘာဝနာခရီးလမ်း တရားတော်များကို ဝါခေါင်လ ဥပုသ်နေ့တိုင်း ဟောကြားမည်ဖြစ်သည်။

ဝါခေါင်လပြည့် တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးဓမ္မာရုံနှင့် ဝါခေါင်လကွယ် ဘောက်ထော်နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံများ၌လည်း နေ့တရားပွဲများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ရဲမှူးချုပ်ဇော်ဝင်း ဒုတိယရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အကျဉ်းဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
(ခ)	ဦးစောဝင်း ဒုတိယပါမောက္ခချုပ် မအူပင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မအူပင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း လမ်းပေါက်များဖာထေးမှုကြည့်ရှု စက်ယန္တရားများ အစဉ်ကောင်းမွန်ရေး ဂရုပြုဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် သန့်ရှင်းသာယာစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် ရှေးဦးစွာ မြို့တော်ဝန်သည် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းတစ်လျှောက် ကမ္ဘာအေးစေတီလမ်းနှင့် ဦးဝိစာရလမ်းအကြား၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့်ကမ်းနားလမ်းဆုံမှ ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်းဆုံအကြား ကမ်းနားလမ်းတစ်လျှောက်၊ လှိုင်မြို့နယ် ရွာမကျောင်းလမ်းနှင့် ဘူတာရုံလမ်းအကြား ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် လမ်းပေါက်များ ဖာထေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လမ်းနှင့်တံတားဌာနသုံး စက်ယန္တရားများ အစဉ်ကောင်းမွန်နေစေရန် ဂရုပြုဆောင်ရွက်ရေး၊ လုပ်ငန်းများ သွက်လက်မြန်ဆန်စွာ လုပ်ဆောင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြိုတင်စီစဉ်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရေး၊ လုပ်ငန်းခွင်အန္တရာယ်ကြုံတွေ့မှုမရှိရန် ဂရုပြုဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ဒေါပုံမြို့နယ် နိုင်လွန်ကတ္တရာဖျော်စက်နှင့် ကျောက်ခွဲစက်သို့ သွားရောက်ပြီး လိုအပ်သည့်ကျောက်များ၊ ဘိလပ်မြေနှင့် ကတ္တရာများ စုဆောင်းထားရှိမှု၊ လူသွားစင်္ကြံခင်းကျောက်ပြားများ၊ ရေမြောင်းဖုံးများ၊ ကပ်တုံးများ၊ Inter Lock များနေ့စဉ်ထုတ်လုပ်ထားရှိမှု၊ လိုအပ်သည့် အရွယ်အစားများအလိုက် ကျောက်များကြိတ်ခွဲနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာ တာဝန်ရှိသူများအား အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၏ လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရရှိရေး၊ စဉ်ဆက်မပြတ်ထုတ်လုပ်ပေးရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀–၈–၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The First Industrial Revolution (စီးပွားရေး)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၁၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (အပိုင်း–၈)

ဩဂုတ် ၁၅ ရက်က အထက(၅)မင်္ဂလာတောင်ညွန့်၌ ကျင်းပသော ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီ အဖွင့်အမှာစကား ပြောကြားစဉ်။
(က–ပ)

လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်းသိမ်းပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်း(၈/၂၀၀၄) စခန်းသိမ်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက အဖွဲ့ဝင်များဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ လှမြင့်နှင့် ကော်မတီဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့်အသင်းဝင်များ၊ နည်းပြဆရာ ဆရာမများ၊ စခန်းဝင်လူငယ်လူရွယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကက အမှာစကားပြောကြားပြီး စခန်းဝင် လူငယ်များအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ စခန်းဝင် လူငယ်များကိုယ်စား ကျောက်တန်း မြို့နယ်မှ မောင်ဇော်သက်မောင်နှင့် စမ်းချောင်း မြို့နယ်မှမဆွေမွန်ဦးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် စခန်းဝင် လူငယ်များက ၎င်းတို့ကိုယ်တိုင် ရေးစပ်သီကုံးသည့် "ဘဝတက်လမ်း အတွက် Youth Camp" ဂုဏ်ပြုသီချင်းဖြင့် သီဆိုတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လက်ဆင့်ကမ်းအမွေ

- ✱ အနှောင်ကင်းနေသမျှ
  ချောင်းသွင်းကာပိတ်
  သူ့စိတ်ကြိုက်ဆွဲရာ
  နည်းနည်းမျှမပါ။
- ✱ အနှောင်ကင်းရှင်း
  လွတ်လပ်ခြင်းကိုလည်း
  အလျှင်းပျက်သုဉ်း
  ဆုံးရှုံးမခံ။
- ✱ နှောင်ဖွဲ့ကင်းရှင်း
  လွတ်လပ်ခြင်းဟာ
  မြန်မာမျိုးဆက်
  အဆက်ဆက်၏
  မပျက်မသွေ
  လက်ဆင့်ကမ်းအမွေဖြစ်ရမည်။ ။

နွယ်ချို

သတင်းစာများတွင်ကြော်ငြာထည့်သွင်းလိုသူများ မန္တလေးမြို့ ကြော်ငြာလက်ခံဌာနခွဲ၌ဆက်သွယ်နိုင်

ရန်ကုန် ဩဂုတ် ၁၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက် အော့ဖ်မြန်မာ သတင်းစာများတွင် ကြော်ငြာထည့်သွင်းလိုသူများအတွက် ကြော်ငြာလက်ခံဌာနခွဲ ကို မန္တလေးမြို့တွင် ဩဂုတ် ၁၅ရက်မှစတင်၍ ဖွင့်လှစ် လက်ခံဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါသတင်းစာများတွင် စီးပွားရေး၊လူမှုရေး၊သာရေးနာရေး ကြော်ငြာထည့်သွင်းလိုသူများနှင့် ကြော်ငြာအချပ်ပိုထည့်သွင်းလိုသော ကြော်ငြာရှင်များသည် ကိုယ်ပွားသတင်းစာတိုက် မန္တလေးမြို့ ၂၀–၂၁လမ်း နှင့် ၈၂–၈၃လမ်းကြား၊ အောင်မြေသာစံမြို့နယ် ဖုန်း–၀၂–၃၂၇၂၉၊ ၀၂–၃၉၉၃၅တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေးစခန်း(၈/၂၀၀၄) စခန်းသိမ်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံနိုင်ငံများမှကျွမ်းကျင်သူများအစည်းအဝေး တတိယနေ့အစီအစဉ်ဆက်ကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်အစည်းအဝေးတက်ရောက်သူများအားညစာတည်ခင်း

ရန်ကုန် ဩဂုတ် ၁၉

သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ပူးပေါင်း၍ မျိုးဆက်ပျက်သုဉ်းလုဆဲဖြစ်သော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာကွန်ဗင်းရှင်း (CITES) အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူများ၏ တတိယအကြိမ်မြောက်အစည်းအဝေး တတိယနေ့ နောက်ဆုံးအစီအစဉ်များကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့ဆက်လက်ကျင်းပသည်။

အစည်းအဝေးသဘာပတိအဖြစ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ဒုတိယသဘာပတိအဖြစ် ဖိလစ်ပိုင်နိုင်ငံမှ Ms. Atty Annalizar A.Vitug တို့က ဆောင်ရွက်ကြသည်။

ယနေ့အစီအစဉ်တွင် တတိယအကြိမ်မြောက် အာဆီယံ တောရိုင်းတိရစ္ဆာန် များနှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CITES) 3rd AEG-CITES အစည်းအဝေးအစီရင်ခံစာ မူကြမ်းပါ အချက်အလက်များအပေါ် ဆုံးဖြတ်ချက်များကို ဆွေးနွေး ညှိနှိုင်းကြပြီး နံနက် ၁၁ နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူ ကိုယ်စားလှယ် များသည် ရွှေတိဂုံဘုရားသို့ သွားရောက်ကြည်ညိုကြပြီး မြန်မာ့ကျောက်မျက်ရတနာပြခန်းနှင့် ဗိုလ်ချုပ်ဈေးတို့သို့ သွားရောက်လေ့လာကြသည်။

ယမန်နေ့ညပိုင်းတွင် အစည်းအဝေးတက်ရောက်လာကြသော ကျွမ်းကျင်သူ ကိုယ်စားလှယ်များအား သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၀–၈–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓမ္မာအဋ္ဌကထာမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
၈:၂၀ ၈။ နဂါးရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ်(သိပ္ပံအထူးပြုအားလုံး)(ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၀ ၈။ **"မေ့ထားလို့တော့မဖြစ်ဘူး"** [ထွန်းထွန်းဝင်း၊ နေအောင်၊ စောနိုင်(ရှမ်းပြည်)၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်၊ ဇွန်ပွင့်] (ဒါရိုက်တာ–စင်ရော်မောင်မောင်)
၁၈:၀၀ ၉။ မြန်မာစာ မြန်မာစကား
၁၈:၁၀ ၁၀။ တေးဂီတအစီအစဉ်
၁၈:၂၅ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း" အပိုင်း(၄)**
၁၉:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်းများ
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"သမုဒ္ဒရာနှင့်တူသောအချစ်" (အပိုင်း–၂)** (ဒွေး၊ဖြိုးငွေစိုး၊နန္ဒာလှိုင်) ဒါရိုက်တာ–ကိုဇော် (အရဏ်ဦး)

နိုင်ငံပိုင်ရိုလာဂျုံစက် ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၈၀၇)ရှိ နိုင်ငံပိုင် ရိုလာဂျုံစက်ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။ ဝယ်ယူလိုသူပုဂ္ဂိုလ်အဖွဲ့အစည်းများသည် ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီး သတ်မှတ်ထားသော အဆိုပြုလွှာကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ တင်သွင်းရန်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာ ပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားတင်ပြရမည်။အမွေဆိုင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာမူရင်း အပြည့်အစုံတင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံး ပေးဝယ်မည့် တိုင်းရင်းသားများအား ဦးစားပေးရောင်းချမည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော အဆိုပြုပုံစံတွင် ဖြည့်စွက်၍ လျှောက်ထားရန် ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ် ၃၁၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့) ဖုန်း–၂၄၅၅၀၆၊၂၄၅၅၁၆၊ ၂၄၅၅၃၇တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

နိုင်ငံပိုင် ရိုလာဂျုံစက်ကို ရောင်းချမည့်ကြမ်းခင်းဈေးမှာ ကျပ်သန်း ၄၀၈ ဒသမ ၉၀၅ သန်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါတွင်းကာလ ရေဒီယိုဇာတ်လမ်းထုတ်လွှင့်မည်

ရန်ကုန် ဩဂုတ် ၁၉

ဆရာကြီးဦးသုခ၏သဗ္ဗေသတ္တာနှင့် အခြားဝတ္ထုများစာအုပ်မှ သဗ္ဗေသတ္တာဝတ္ထုကို မတင်ဝင်း ဇာတ်ညွှန်းရေးသား စီစဉ်ထုတ်လွှင့်မည့် ရေဒီယိုဇာတ်လမ်းကို ဩဂုတ် ၂၉ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲနှင့် ဩဂုတ် ၃၁ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂နာရီ မိနစ်၂၀တို့တွင် မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မေသဉ္ဇာဦးနှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၁၅၆ ယုဇနလမ်း (၄၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးသန်းထွေး–ဒေါ်သန်းသန်းမိသားစုက သမီး မခိုင်နွယ်ဦး၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ဩဂုတ် ၉ ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးချစ်လှိုင်က လက်ခံယူစဉ်။ (က–ပ)

နာဂျက်ဖ်မြို့အား အမေရိကန်တို့ အင်အားသုံး တိုက်ခိုက်နေမှု အာရပ်ကမ္ဘာက ဒေါသထွက်လျက်ရှိ

ကုလသမဂ္ဂ ဩဂုတ် ၁၈

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်နှင့်အပေါင်းပါ သိမ်းပိုက်ရေးတပ်ဖွဲ့များက အင်အားသုံးပြီး တိုက်ပွဲများပြင်းထန်စွာ ဆင်နွှဲနေမှုအပေါ် အာရပ်ကမ္ဘာက ဒေါသမီးတောက်လောင်လျက်ရှိကြသည်။

အီရန်နှင့် ဆော်ဒီအာရေဗျတို့က ထိုအရေးကိစ္စကို ကုလသမဂ္ဂ ကြားဝင်ဖြေရှင်းဆောင်ရွက်စေလိုကြသည့်အလျောက် အတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်းနာဂျက်ဖ်၌ဖြစ်ပွားနေသည့်တိုက်ခိုက်မှုများအဆုံးသတ်ရေးတွင်ကြားဝင်ဆောင်ရွက် အထောက်အကူပေးရန် သဘောတူလိုက်ပြီဖြစ်သည်။

ပြင်ဆင်နေ

ကိုဖီအာနန်သည် ယခုသီတင်းပတ်ကုန်ပိုင်း၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်၊ အီရန်နိုင်ငံခြားရေးဝန်ကြီး ကမာလ်ခါရာဇီအပြင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂသံတမန်သစ် အက်ရှ်ရပ်ဖ်ဂျီဟင်ဂါကာဇီတို့နှင့် ဆွေးနွေးခဲ့ကြောင်း အီရတ်၌ဖြစ်ပွားနေသော တိုက်ခိုက်မှုများအဆုံးသတ်ရေးအတွက် အထောက်အကူပေး ဆောင်ရွက်သွားရန် အတွင်းရေးမှူးချုပ် ကိုဖီအာနန် ပြင်ဆင်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်အရှိဆုံး ပုဂ္ဂိုလ် ဖရက်ဒ်အက်ခ်ခါ့ဒ်က ပြောကြားသည်။

နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် အက်ခ်ခါ့ဒ်နှင့် အီရန်အရာရှိများသည် အီရတ်၌ဖြစ်ပေါ်နေသော အခြေအနေများ၊ အထူးသဖြင့် နာဂျက်ဖ်မြို့၌ဖြစ်ပေါ်နေသော တင်းမာမှုအခြေအနေများအား မစ္စတာကိုဖီအာနန် ပြေလျော့အောင် လုပ်ဆောင်နိုင်မည့် အရာမှန်သမျှကို လုပ်ဆောင်ရန် ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အီရန်နိုင်ငံခြားရေး ဝန်ကြီး ခါရာဇီသည် ကိုဖီအာနန်နှင့် တယ်လီဖုန်းဖြင့် စကားပြောစဉ် နာဂျက်ဖ်မြို့၌ ဖြစ်ပေါ်နေသော တင်းမာမှု အခြေအနေများအပေါ် အလွန်အမင်းစိတ်သောကဖြစ်ပြီး ဝမ်းနည်းပူဆွေးရကြောင်း ပြောကြားခဲ့သည်။ **အမ်အင်အေ၊ပီတီအိုင်**

အီရတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အဆောက်အအုံ စိန်ပြောင်းကျည်ထိမှန်

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ် နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံ၏ ခေါင်မိုးသည် ယနေ့ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း၌ စိန်ပြောင်းကျည်တစ်လုံးထိမှန်ခဲ့သော်လည်း ပျက်စီးမှု သို့မဟုတ် ဒဏ်ရာရမှုမရှိကြောင်း နိုင်ငံခြားဝန်ကြီး ဟိုဒ်ရှာ ဇီဘာရီက ပြောကြားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအဆောက်အအုံသည် နိုင်ငံရေး၊ ဘာသာရေးနှင့် အရပ်ဘက်ခေါင်း ဆောင်များ နောက်ဆုံးနေ့ အစည်းအဝေး ကျင်းပရာ ကွန်ဗင်းရှင်း အဆောက်အအုံမှ ကိုက်အတန်ကွာ နေရာ၌ ရှိသည်။

အစိမ်းရောင်ဒေသ၌ လေးရက်ကြာ ကျင်းပလျက်ရှိသော အမျိုးသား ကွန်ဖရင့်သည် ခုခံ တိုက်ခိုက်ရေးသမားများ၏ အဓိက ပစ်မှတ်ဖြစ်ခဲ့ပြီး တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့များ၌ အစိမ်းရောင်ဒေသအနီးတွင် စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။

ဗုဒ္ဓဟူးနေ့၌ စိန်ပြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်မှုသည် မိမိ၏ဝန်ကြီးဌာနကို ရည်ရွယ်ပုံ မရကြောင်း ဇီဘာရီက ပြောကြားသည်။

ယင်းပစ်ခတ်မှုသည် အစိမ်းရောင်ဒေသအား ပစ်မှတ်ထားခြင်းဖြစ်သည်ဟု မိမိထင်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အီရတ်ထောက်လှမ်းရေး အရာရှိတစ်ဦး ခုခံတိုက်ခိုက်ရေးသမားများ၏ ပြန်ပေးဆွဲခြင်းခံထားရ

ဒူဘိုင်း ဩဂုတ် ၁၈

လက်နက်ကိုင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများဟု သင်္ကာမကင်းဖွယ်ရှိသူများက နာဂျက်ဖ်မြို့တွင် ဖြစ်ပွားသောတိုက်ပွဲကို တုံ့ပြန်ရာတွင် အီရတ်ထောက်လှမ်းရေးအရာရှိ တစ်ဦးအား ပြန်ပေးဆွဲထားကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက အင်္ဂါနေ့တွင် ကြေညာသည်။

မျက်နှာဖုံးစွပ် လူနှစ်ဦးကြားတွင် ရပ်နေသော လူတစ်ဦး၏ပုံကို ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။ ၎င်းတို့သည် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများဖြစ်ကြောင်း ရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

အဆိုပါ လက်နက်ကိုင်ပြောက်ကျားအုပ်စုက ၎င်းတို့သည် အိုဆာမာ အဗ္ဗဒူလ်ဂျပ်ဘာဟု အမည်ရသည့် အီရတ်ထောက်လှမ်းရေး အရာရှိ တစ်ဦးအား ပြန်ပေးဆွဲခဲ့ကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။

ပြန်ပေးဆွဲ

အသံဖမ်းထားသော တိပ်ခွေကို မထုတ်သော်လည်း ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ၎င်းတို့သည် နာဂျက်ဖ်တွင် တိုက်ခိုက်နေမှုကို တုံ့ပြန်သောအားဖြင့် ပြန်ပေးဆွဲခြင်းဖြစ်သည်ဟု ပြောကြားကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ထုတ်လွှင့်

မျက်နှာဖုံးစွပ် လူနှစ်ဦးအနက် တစ်ဦးက ကြေညာချက်တစ်စောင်ကို ဖတ်ကြားခဲ့ပြီး ပြန်ပေးဆွဲနေရခြင်းမှာ နာဂျက်ဖ်မြို့တွင် တိုက်ခိုက်နေမှုများကို တုံ့ပြန်ခြင်းဖြစ်သည်ဟု ပြောကြောင်း အယ်လ်ဂျာဇီရာက ထုတ်လွှင့်သည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဩဂုတ် ၁၇ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၉၄၆ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီးဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင်အီရတ်နိုင်ငံ၌သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

သေဆုံး

၂၀၀၄ ခုနှစ် ဩဂုတ်၁၈ရက် ဗုဒ္ဓဟူးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၉၄၆ဦး ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၀၅ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ် နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ဦး၊ အီတလီ ၁၈ဦး၊ စပိန်၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်းကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၀၈ ဦးဖြစ်ပြီး ယင်းအနက် ၅၈၆ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၂ ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

ပြန်လည်ပစ်ခတ်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင်အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားများအား ဩဂုတ်၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဘူဂါရိုပ်အကျဉ်းထောင်၌ အီရတ်အကျဉ်းသားများအား နှိပ်စက်မှုတွင် ကန်ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ၂၀ မက ပါဝင်ပတ်သက်ခဲ့ဟု ကန်တပ်ဖွဲ့အစီရင်ခံ

ဝါရှင်တန် ဩဂုတ် ၁၉

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ခဲ့သော အဘူဂါရိုပ်အကျဉ်းထောင်၏ အရှုပ်အထွေးအမှုကိစ္စတွင် ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ၂၀ သို့မဟုတ် ထို့ထက်ပို၍ ပါဝင်ပတ်သက်မှုရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အစီရင်ခံစာသစ်၌ ဖော်ပြထားသည်ဟု ကာကွယ်ရေးအရာရှိများက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အမည်မဖော်လိုသော အဆိုပါ ကာကွယ်ရေးအရာရှိများက နောက်ထပ်အသေးစိတ် မပြောကြားသော်လည်း ဗိုလ်မှူးချုပ် ဂျော့ချ်ဖေး ဧပြီလ၌ စတင်ပြီး စေ့စေ့စပ်စပ် နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းထောက်လှမ်းခဲ့သည်။

ငြီးငွေ့

ယင်းအမှုကိစ္စတွင် တပ်ဖွဲ့ဝင် အများစု ငြီးငွေ့နေသည်ကို စုံစမ်းသိရှိခဲ့ရပြီး ထိုတပ်ဖွဲ့ဝင်များမှာ အမေရိကန် အမှတ် ၂၀၅ စစ်ဘက် ထောက်လှမ်းရေး တပ်ရင်းမှဖြစ်ကာ အဘူဂါရိုပ် အကျဉ်းထောင်၌ တာဝန်ချထားခံရသူများဖြစ်သည်ဟု ပြောဆိုကြသည်။

ကျူးလွန်

အမှတ် ၃၇၂ စစ်ရဲတပ်ဖွဲ့မှ အရန် စစ်ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးသည် ဘဂ္ဂဒက် အနီးရှိ အဘူဂါရိုပ်အကျဉ်းထောင်မှ အီရတ်အကျဉ်းသားများကို အရှက်တကွဲဖြစ်စေမှုအပြင် ထိုးကြိတ်ရိုက်နှက်မှု၊ ဓာတ်ပုံရိုက်ယူမှုတို့ကို ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခံခဲ့ကြရသည်။

စစ်ဆေး

စွပ်စွဲခံခဲ့ကြရသော စစ်ရဲတပ်ဖွဲ့ဝင် အချို့က ၎င်းတို့သည် အီရတ် အကျဉ်းသားများအား စစ်ဆေး မေးမြန်းရာတွင် အကျဉ်းသားများအား စိတ်ဓာတ်ကျဆင်းအောင် လုပ်ရန် စစ်ဘက်ထောက်လှမ်းရေး အဖွဲ့၏ အမိန့် ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ဘာဆာရာ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့တိုက်ပွဲဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာပြင်းထန်

လန်ဒန် ဩဂုတ် ၁၈

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၌ အင်္ဂါနေ့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်ပြောက်ကျားများအား ပစ်ခတ်တိုက်ခိုက်ရာတွင် ပြောက်ကျားများ၏ ပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

သေဆုံး

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အဆိုပါတိုက်ပွဲ၌ သေဆုံးသွားပြီဟု အတည် ပြု ပြောကြားနိုင်ကြောင်း၊ ယင်းတိုက်ပွဲ ၌ ဗြိတိသျှတပ်ဖွဲ့ဝင် အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဒဏ်ရာများရရှိ

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးမှာ အသက်အန္တရာယ်ကို ခြိမ်းခြောက်ခံရသည့် ဒဏ်ရာများရရှိထားကြောင်း၊ ၎င်းကို ဆေးကုသပေးနေကြောင်း၊ အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

သတင်းထုတ်ပြန်

အီရတ်စစ်ပွဲ စတင်ပြီးကတည်းက ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ သေဆုံးသည့် အရေအတွက်မှာ ၆၅ဦးရှိသွားပြီဖြစ်ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တိုက်ပွဲများဖြစ်ပွား

ဗြိတိသျှတပ်ဖွဲ့ဝင် ၉၀၀၀ ကျော် တပ်စွဲထားသော အီရတ်နိုင်ငံ ဘာဆာရာမြို့သည် အီရတ်ပြောက်ကျားများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များအကြား လွန်ခဲ့သော ၁၂ ရက်က ပြတ်တောင်းပြတ်တောင်း တိုက်ပွဲများဖြစ်ပွားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အီရတ်တို့အား ဖမ်းဆီးပြီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်–ဩစတြေးလျ ဆက်ဆံရေးတိုးတက်ခိုင်မာမှု အာရှ–ပစိဖိတ် ဒေသတစ်ခုလုံးအတွက်အရေးပါ

ပေကျင်း ဩဂုတ် ၁၇

တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ခိုင်မာတောင့်တင်းခြင်းသည် ဩစတြေးလျနှင့် အာရှ–ပစိဖိတ် ဒေသကြီးတစ်ခုလုံး လုံခြုံရေးနှင့် ကြီးပွားတိုးတက်ရေးအတွက် အရေးကြီးကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒာဒေါင်နာက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ယင်း၏ သွင်းကုန်နှင့် ပို့ကုန်မှတစ်ဆင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုတွင် ဦးဆောင်နေကြောင်း၊ ကမ္ဘာတစ်ဝန်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၌ နံပါတ်တစ်နေရာ၌ ရှိသော နိုင်ငံဖြစ်ကြောင်း ကျင်ဟွာတက္ကသိုလ်၌ မိန့်ခွန်းပြောကြားရာတွင် ဒေါင်နာက ပြောကြားသည်။

ဒေသဆိုင်ရာ စီးပွားရေးဖြစ်ထွန်းမှုစွမ်းအားသည် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ရှား ပြောင်းလဲရေး မူဝါဒကြောင့်တွန်းအားဖြစ်ခဲ့သည်ဟုဆိုသည်။

အင်တာနက်၊ ဆင်ဟွာ

မိုဆူးလ်မြို့တွင် စိန်ပြောင်းကျည်ထိမှန်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပို့ဆောင်ရေးဝန်ထမ်းများအားလုံးအီရတ်မှရုပ်သိမ်းပြီးဖြစ် ဘီလင်တာပို့ဆောင်ရေးကုမ္ပဏီက ကြေညာချက်ထုတ်ပြန်

အစ္စတန်ဘူလ် ဩဂုတ် ၁၈

အီရတ်နိုင်ငံတွင် သယ်ယူပို့ဆောင်ရေးထရပ်ကား ယာဉ်မောင်းသမား တစ်ဦး အသတ်ခံရပြီး အခြားတစ် ဦးပြန်ပေးဆွဲခြင်းခံရပြီး နောက်ပိုင်း၌ အီရတ်မှကုမ္ပဏီအမှုထမ်းများအားလုံးကို ရုပ်သိမ်းခဲ့ကြောင်း တူရကီသယ်ယူပို့ဆောင်ရေး ကုမ္ပဏီကြီးတစ်ခုက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

မကြာသေးမီလများအတွင်း၌ ယာဉ်မောင်းများနှင့် အင်ဂျင်နီယာများ ပြန်ပေးဆွဲခြင်းနှင့် တိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် အီရတ်နိုင်ငံနှင့် ကုန်သွယ်ခြင်းကို ရပ်ဆိုင်းပြီး အီရတ်မှ မိမိတို့ ရုပ်သိမ်း ထွက်ခွာမည်ဖြစ်ကြောင်း တူရကီကုမ္ပဏီအချို့က ပြောကြားသည်။

သတ်ဖြတ်

အီရတ် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ယခုလ အစောပိုင်း၌ ဗီဒီယိုတိပ်တစ်ခုထုတ်ခဲ့ရာတွင် ဘီလင်တာ ပို့ဆောင်ရေးကုမ္ပဏီ ယာဉ်မောင်း မီမက်ယုစ်အား ပစ်သတ်နေပုံကို ပြသထားသည်။ အီရတ်နှင့် ကုန်သွယ်မှု အဆုံးသတ်ရန် တူရကီနိုင်ငံအား တိုက်တွန်းထားသော ကြေညာချက်ကို မီမက်ယုစ် ဖတ်ပြအပြီးတွင် ထိုသို့ သတ်ဖြတ်လိုက်ခြင်းဖြစ်သည်။

ရုပ်သိမ်းပြီးစီး

ပြန်ပေးဆွဲခြင်းခံရသည်ဟုယုံကြည်ရသော မိမိတို့ကုမ္ပဏီအလုပ်သမား အယာတူလာဂက်ဇ်မင်း အသက်အန္တရာယ် မရှိရေးအတွက် အီရတ်မှ မိမိတို့ ကုမ္ပဏီ၏ အလုပ်သမားများ လုံးဝရုပ်သိမ်းပြီးစီးကြောင်း ဘီလင်တာကုမ္ပဏီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ယခုနှစ် ဧပြီလဆန်းမှစပြီး ကန်နှင့် အပေါင်းပါတပ်များအား ဆာဒါ၏ ခုခံတိုက်ခိုက်ရေးသမားများ ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ခဲ့

ဘဂ္ဂဒက် ဩဂုတ် ၁၈

ယခုနှစ် ဧပြီလဆန်းပိုင်းမှ စပြီး ဆာဒါ၏မီဒီတပ်ဖွဲ့သည် အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်ခြင်းသည် အီရတ်တိုက်ခိုက်ရေးသမားများက အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များကို ပထမဆုံးအကြိမ် ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ခြင်းဖြစ်ပြီး အီရတ်ယာယီ ကြားဖြတ်အစိုးရကိုပါ တိုက်ခိုက်ရန်ဖြစ်သည်။

နာဂျက်ဖ်မြို့ရှိသချိုင်းသည် ၎င်းတို့အတွက် စစ်မြေပြင်ဖြစ်ပြီး အိမန်အလီဝတ်ပြုကျောင်းသည် မီဒီတပ်ဖွဲ့များအတွက် ဌာနချုပ်ဖြစ်သည်။ မီဒီတပ်ဖွဲ့များထံ၌ ရိုင်ဖယ်သေနတ်များ၊ စိန်ပြောင်းများ၊ လက်ပစ်ဗုံးများနှင့်ဒုံးပစ်လောင်ချာများရှိနေပြီး ၎င်းတို့၏တိုက်ခိုက်မှုများသည် နာဂျက်ဖ်မြို့ရှိ အမေရိကန် မရိန်းတပ်သားများအတွက် ကြောက်မက်ဖွယ် တိုက်ခိုက်မှုဖြစ်သည်။

ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များသည် လူငယ်များဖြစ်ကြပြီး တပ်ဖွဲ့ဝင်မည်မျှလောက် ရှိသည်ဆိုသည်ကို တိကျစွာမသိရှိရကြောင်းနှင့် တပ်ဖွဲ့ဝင်သုံးထောင်မှ နှစ်သောင်းအထိရှိမည်ဟု ခန့်မှန်းထားသည်။ ဆာဒါတပ်ဖွဲ့နှင့်အီရတ်တို့၏ ကြားဝင်စေ့စပ်ရေး အခြေအနေသည်လည်း လိပ်ခဲတည်းလည်း ဖြစ်နေကြောင်းသိရသည်။

(စီအင်န်အင်န်)

ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများအတွက် အာရပ်နိုင်ငံများ ဒေါ်လာ၆၃ဒသမ၅ဘီလီယံလိုအပ်

ကူဝိတ်စီးတီး ဩဂုတ် ၁၈

အာရပ်နိုင်ငံများသည် ၂၀၀၂ နှင့် ၂၀၀၆ ခုနှစ်အတွင်းရေနံနှင့်ဓာတ်ငွေ့ စီမံကိန်းများအတွက်ငွေကြေးပံ့ပိုးရန် အမေရိကန်ဒေါ်လာ ၆၃ဒသမ၅ ဘီလီယံ ခန့်လိုအပ်ကြောင်း ကူဝိတ်သတင်းဌာနက တနင်္လာနေ့တွင် ကြေညာသည်။

ကိုးကားဖော်ပြ

ရင်းနှီးမြှုပ်နှံမှုအများစုသည် အာရပ်ဘဏ်များ၏ ကန့်သတ်မှုရှိသော ငွေကြေးစွမ်းအားကြောင့် နိုင်ငံတကာဘဏ်များမှ ရရှိလာမည်ဖြစ်ကြောင်း အာရပ်ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့ (အိုအေပက်)၏ သုံးလတစ်ကြိမ်ထုတ် မဂ္ဂဇင်းလေ့လာချက်တစ်ရပ်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

လိုအပ်

၂၀၀၂–၂၀၀၆ ခုနှစ်အတွင်း အာရပ်နိုင်ငံများတွင် ဓာတ်ငွေ့၊ ရေနံချက်စက်ရုံနှင့်ရေနံဓာတုစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများသည် ၆၃ဒသမ ၅ဘီလီယံ လိုအပ်မည်ဖြစ်ရာ သဘာဝဓာတ်ငွေ့စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၃၆ဒသမ ၅ဘီလီယံ၊ ရေနံဓာတုစီမံကိန်းအတွက် ၂၀ဘီလီယံခန့်ဖြစ်ပြီး ကျန်သည့်ငွေကြေးမှာ ရေနံချက်စက်ရုံစီမံကိန်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပိုလန်တပ်ဖွဲ့ဝင်များ၏ အခြေစိုက်စခန်းအား စိန်ပြောင်းများဖြင့်တိုက်ခိုက် ခုနစ်ဦးဒဏ်ရာရရှိ

ဝါဆော ဩဂုတ် ၁၈

အီရတ်နိုင်ငံတောင်ပိုင်းတွင်ရှိသော ပိုလန်ဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့၏ အခြေစိုက်စခန်းသို့ စိန်ပြောင်းများဖြင့်တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်များအပါအဝင် ခုနစ်ဦးဒဏ်ရာအနည်းငယ်ရခဲ့ကြောင်း ပိုလန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သတင်းထုတ်လွှင့်

တစ်ဦးတစ်ယောက်မျှမသေသော်လည်း လူခုနစ်ဦးဒဏ်ရာအနည်းငယ် ရသွားခဲ့ကြောင်း၊ ၎င်းတို့မှာ ပိုလန်အရပ်သားတစ်ဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦးအပြင် အမေရိကန်တစ်ဦး၊ အိန္ဒိယတစ်ဦးနှင့်အီရတ်နှစ်ဦးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ စိန်ပြောင်းကို နှစ်ကီလိုမီတာ သို့မဟုတ် သုံးကီလိုမီတာအကွာအဝေးမှ ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ ခါတိုင်းညဘက်၌သာတိုက်ခိုက်ခဲ့ရာ ယခုတိုက်ခိုက်သည့်အချိန်ကို မိမိအံ့ဩမှုဖြစ်ကြောင်း ပိုလန်ဗိုလ်ချုပ်ကြီး အန်ဒါဇက်အက်ခ်ကီယတ်က ပြောကြားသည်။ ထိုနေ့က ဘာဘီလုံရှိ ပိုလန်အခြေစိုက်စခန်းအား ၁၀ မိနစ်အတွင်းစိန်ပြောင်းကျည် ၁၀လုံးမှ ၁၂ လုံးထိပစ်ခတ်တိုက်ခိုက်ခဲ့ရာ စိန်ပြောင်းဖြင့် အကြီးမားဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း ပိုလန်ရုပ်မြင်သံကြား သတင်းအစီအစဉ် တီဗွီအင် ၂၄က သတင်းထုတ်လွှင့်ခဲ့သည်။

ပိုလန်တပ်ဖွဲ့များအား ဘာဘီလုံအခြေစိုက်စခန်းမှ အခြားပိုမိုလုံခြုံရာ ဒေသသို့ရွှေ့ပြောင်းရန် ပြင်ဆင်နေခိုက်တွင် ယခုကဲ့သို့ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်လူစည်ကားရာလမ်း၌ ပြင်းထန်သော ကားဗုံးပေါက်ကွဲ ကွန်ဖရင့်ကျင်းပရာနေရာ၌လည်း ပေါက်ကွဲမှုကြီးဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံ၏ အနာဂတ်နိုင်ငံရေးနှင့် နာဂျက်ဖ်မြို့အတွင်း လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများကို စေ့စပ်ညှိနှိုင်းရန်အတွက် အီရတ်အမျိုးသားကွန်ဖရင့်တစ်ရပ်ကျင်းပသည့် ကိုယ်စားလှယ်များ ဆွေးနွေးနေစဉ်အတွင်း ဘဂ္ဂဒက်မြို့တွင်း၌ စိန်ပြောင်းနှင့်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ယမန်နေ့ကဖြစ်ပွားခဲ့ပြီး နာဂျက်ဖ်မြို့သို့ သွားရောက်မည့် ကွန်ဖရင့်မှ ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည်လည်း နှောင့်နှေးခဲ့ရကြောင်း သိရှိရသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ လူစည်ကားရာနေရာ လမ်းတစ်လမ်းအတွင်း ပြင်းထန်သော ကားဗုံး သို့မဟုတ် လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ လူငါးဦးသေဆုံးခဲ့ပြီး ၂၃ ဦးဒဏ်ရာရရှိခဲ့သည်။ အနီးရှိ လူနေအဆောက်အအုံလည်း ပျက်စီးသွားပြီး မော်တော်ယာဉ်ခုနစ်စီးလည်း ပျက်စီးသွားသည်။

ပေါက်ကွဲ

ထို့အပြင် ဘဂ္ဂဒက်မြို့တွင် ကွန်ဖရင့်ကျင်းပရာနေရာအပြင်ဘက် စစ်ဆေးရေးဂိတ်အနီး၌လည်း အလားတူပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ အမျိုးသားကွန်ဖရင့်အတွင်း ကိုယ်စားလှယ် တစ်ထောင်ကျော်တို့သည် နာဂျက်ဖ် ပဋိပက္ခကို မည်သို့ဖြေရှင်းနိုင်မည်ဆိုခြင်းနှင့်ပတ်သက်ပြီး ဆက်လက်ကြိုးပမ်းဆွေးနွေးလျက်ရှိကြသည်။ ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကိုလည်း နာဂျက်ဖ်မြို့သို့စေလွှတ်ပြီး မူတာဒါအယ်ဆာဒါနှင့် တွေ့ဆုံကာ အယ်ဆာဒါနှင့် ၎င်းထောက်ခံသူများ နာဂျက်ဖ်မှ ထွက်ခွာသွားရန်ပြောကြားရန် ဆုံးဖြတ်ခဲ့ကြသည်။

(စီအင်န်အင်န်)

ကြွေးကြော်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အယ်လ်ဆာဒါအားထောက်ခံကြောင်း ကြွေးကြော်နေသော အီရတ် ပြောက်ကျားများကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်သေဆုံး၊ ဒဏ်ရာရမှုများကြုံတွေ့နေ

ဘဂ္ဂဒက် ဩဂုတ် ၁၇

အီရတ်နိုင်ငံ၌ တိုက်ပွဲများ ဆက်လက်ပျံ့နှံ့ဖြစ်ပွားနေမှုကို အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိရာ အထူးသဖြင့် ခြေလျင်တပ်ဖွဲ့ဝင်များသည် စိုးရိမ်စရာအခြေအနေများနှင့် ကြုံတွေ့နေရပြီး နာဂျက်ဖ်မြို့တွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် အခက်အခဲများနှင့် ပိုမိုရင်ဆိုင်နေရလျက်ရှိသည်။

နာဂျက်ဖ်မြို့ ငြိမ်းချမ်းရေးကျောက်တုံးကြီးများရှိသော ရှေးဟောင်းသင်္ချိုင်းကြီးသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မီဒီတပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် လျှို့ဝှက်မြေအောက်မှ ချောင်းမြောင်းပစ်ခတ်ခြင်းများကိုလည်း ကြုံတွေ့နေရသည့်အတွက် ၎င်းတို့သည် လူတိုင်းအပေါ် သံသယရှိနေပြီး လက်နက်ရှာဖွေမှုများပြုလုပ်လျက်ရှိရာ ရုပ်အလောင်းထည့်သော သေတ္တာများပါမကျန် ရှာဖွေရလျက်ရှိသည်။

ခြိမ်းခြောက်မှုများ နေ့စဉ်ဖြစ်ပွား

တိုက်ခိုက်မှုများ ခြိမ်းခြောက်မှုများစွာ နေ့စဉ်ဖြစ်ပွားလျက်ရှိပြီး တိုက်ခိုက်မှုများအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသည် သေဆုံးဒဏ်ရာရရှိမှုများကို နေ့စဉ် ပိုမိုကြုံတွေ့လာရလျက်ရှိသည်။ အီရတ်စစ်ပွဲပြီးဆုံးခဲ့သည်မှာ ၁၆ လနီးပါး ကြာမြင့်ခဲ့ပြီးနောက် ယခုလို ဆက်လက်ဖြစ်ပွားနေမှုသည် အများအတွက် မေးခွန်းတစ်ရပ်ဖြစ်လာသည်။

အန္တရာယ်ကြီးစွာ ကြုံတွေ့နေကြရ

အီရတ်ရှိ တပ်ဖွဲ့ဝင်များသည် လျှို့ဝှက်နေရာများမှ တိုက်ခိုက်မှုများကို အန္တရာယ်ကြီးစွာကြုံတွေ့နေကြရပြီး ၎င်းတပ်ဖွဲ့ဝင်များသည် တည်ငြိမ်အေးချမ်းသော အီရတ်နိုင်ငံဖြစ်ပေါ်ရေး မျှော်လင့်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ယခင်က ထင်မြင်ခဲ့သော်လည်း ယခုအခါ ၎င်းတို့မျှော်လင့်ချက် ပိုမိုမှေးမှိန်လျက်ရှိကာ ကိုယ့်ကိုကိုယ် ရဲဆေးတင်ပြီး နေထိုင်နေကြရသည်။ **(စီအင်န်အင်န်)**

အီရတ်အလယ်ပိုင်းရှိ ရေနံပိုက်လိုင်းမီးလောင် ရေနံထွက်ပစ္စည်းများ မလုံမလောက်ဖြစ်

ဘဂ္ဂဒက် ဩဂုတ် ၁၇

ဖောက်ခွဲဖျက်ဆီးရေးသမားများက အီရတ်အလယ်ပိုင်းရှိ ပြည်တွင်း ရေနံပိုက်လိုင်းတစ်လိုင်းအား တိုက်ခိုက်ခဲ့ကြပြီးနောက် သုံးရက်အကြာ တနင်္လာနေ့တွင် ယင်းပိုက်လိုင်းသည် မီးလောင်ကျွမ်းခဲ့သည်ဟု ရဲအဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက် မွတ်စ်ဆေယစ်မြို့အနီးရှိ ဖောက်ခွဲဖျက်ဆီးခံရသော ယင်းရေနံပိုက်လိုင်းကို အမေရိကန်ဆန့်ကျင်ရေးပြောက်ကျားအဖွဲ့ တစ်ဖွဲ့က ထိန်းချုပ်ထားသည့်အတွက် ပြင်ဆင်ရေးဝန်ထမ်းများ အနားမကပ်နိုင်ဘဲ ရှိသည်။

ဖျက်ဆီးခံရ

ယူဖရေတီးမြစ်၏ အနောက်ဘက်ကမ်းရှိ စိုက်ပျိုးရေးဒေသကိုဖြတ်လျက် သွယ်တန်းထားသော ယင်းပိုက်လိုင်းမှ မီးခိုးလုံးများပျံ့လွင့်တက်နေသည်ကို ရိုက်တာ ရုပ်မြင်သံကြား၌ာနက ရိုက်ကူးပြသခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက မော့တာဒါအယ်လ်ဆာဒါ၏ နောက်လိုက်များအား တိုက်ခိုက်ခဲ့ကြရာ လွန်ခဲ့သည့်အပတ်၌ အီရတ်၏ ရေနံကွန်ရက်လုပ်ငန်းသည် မကြာခဏ ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည်။

မလုံမလောက်

ယင်းသို့ ရေနံပိုက်လိုင်းအား ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဓာတ်ဆီနှင့် အခြားရေနံထွက်ပစ္စည်းများသည် အထူးသဖြင့် ဘဂ္ဂဒက်၌ မလုံမလောက်ဖြစ်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်နွှယ်နေသော ဗြိတိန်နိုင်ငံသားရှစ်ဦးအား တရားစွဲဆိုရုံးတင်စစ်ဆေးမည်

လန်ဒန် ဩဂုတ် ၁၈

ဗြိတိန်နိုင်ငံ၌ ဗြိတိန်နိုင်ငံသားရှစ်ဦးအား အကြမ်းဖက်တိုက်ခိုက်မှုများတွင် ဆက်နွှယ်နေမှုနှင့် စွဲချက်တင်ထားပြီး ယနေ့ ရုံးတင် စစ်ဆေးမည်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့သည် ပြီးခဲ့သည့်သီတင်းနှစ်ပတ်အတွင်း ဗြိတိသျှအကြမ်းဖက်သမားများ တိုက်ဖျက်ရေးရုံးက ဖမ်းဆီးမိခဲ့သူ ၁၃ ဦးထဲမှဖြစ်ပြီး၊ ယခုစွပ်စွဲထားမှုများမှာ အမေရိကန်နိုင်ငံအတွင်း အကြမ်းဖက်မှုဆိုင်ရာ တိုးမြှင့်တပ်လှန့်ထားမှုနှင့် ဆက်နွှယ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်နှင့်ဝါရှင်တန်တို့တွင် လွန်ခဲ့သော ၁၇ ရက်ကစပြီး အကြမ်းဖက်မှု သတိပေးချက်များ အထူးထုတ်ပြန်ထားပြီး လုံခြုံရေးများ တိုးမြှင့်ထားလျက်ရှိသည်။

လန်ဒန်မြို့အတွင်းရှိ အမေရိကန်အမည်ပါ ရဲစခန်းသည်လည်း အယ်လ်ခိုင်ဒါအဖွဲ့၏ ပစ်မှတ်တစ်ခုဖြစ်နေခဲ့ပြီး အမေရိကန်ပြည်ထောင်စု မြို့ကြီးများရှိ အဓိကအဆောက်အအုံများဖြစ်သော နယူးယောက်စတော့အိတ်ချိန်း၊ ဝါရှင်တန်ရှိ စီတီဂရုအိုင်အမ်အက်ဖ်ရုံးအဆောက်အအုံကြီးများကိုလည်း ယခင်ကတည်းက ပစ်မှတ်ထားလျက်ရှိသည့်အတွက် လုံခြုံရေးကို အမြင့်ဆုံး တိုးမြှင့်ချထားလျက်ရှိကြောင်း သိရှိရသည်။

ယုံကြည်

ယခု လန်ဒန်မြို့အနောက်မြောက်ဘက်၌ နေထိုင်သော အသက် ၃၂ နှစ်အရွယ်ရှိ ဘာရော့ဆိုသူကို ဖောက်ခွဲရေးပစ္စည်းများ၊ အဆိပ်အတောက်များဆိုင်ရာ ပိုင်ဆိုင်မှုများနှင့် စွဲချက်တင် ထောက်လှမ်းစစ်ဆေးလျက်ရှိပြီး၊ ယခုဖမ်းဆီးထားသူ ဗြိတိန်နိုင်ငံသား ရှစ်ဦးတို့ကို ပြည်သူလူထုအား အနှောင့်အယှက်အဖြစ် ခြိမ်းခြောက်ဒဏ်ရာရရှိစေနိုင်သော ရေဒီယိုသတ္တိကြွပစ္စည်းများ၊ အဆိပ်ဓာတ်ငွေ့များ၊ ဓာတုဗေဒနှင့် ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုကိုင်ဆောင်လျက်ရှိကြောင်း စွပ်စွဲထားပြီး ၎င်းပစ္စည်းများမှာ ဗြိတိန်နိုင်ငံအတွင်း တစ်နေရာ၌ရှိမည်ဟု ယုံကြည်လျက်ရှိကြောင်း သိရှိရသည်။

အမေရိကန်တို့ အကြမ်းဖက်မှုဆိုင်ရာ တပ်လှန့်မှုထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံအတွင်း ဖမ်းဆီးရှာဖွေမှုများပြုလုပ်နေရာ သုံးရက်ကြာသွားပြီဖြစ်ပြီး အမေရိကန် ရှေ့နေချုပ်ကလည်း ဖမ်းဆီးနှိမ်နင်း သတင်းရယူမှုများကို အင်္ဂလန်နိုင်ငံမှ အပေါင်းအပါများနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့အား တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မျိုးစပ်စပါးထုတ်လုပ်ရန် မလေးရှားနိုင်ငံ၌ အခြေအနေပေး

ကွာလာလမ်ပူ ဩဂုတ် ၁၇

များပြားလာသော လူဦးရေကြောင့် အစားအစာမလုံလောက်မှုကို တရုတ်နိုင်ငံကဖြေရှင်းရာတွင် အထောက်အကူပြုမည့် သာလွန်ကောင်းမွန်သော မျိုးစပ်စပါး ထုတ်လုပ်ရန် မလေးရှားနိုင်ငံ၌ အခြေအနေပေးကြောင်း တရုတ်သိပ္ပံပညာရှင်တစ်ဦးက ယုံကြည်ထားသည်။

မျိုးစပ်စပါး၏ ဖခင်ကြီးဟု တင်စားချီးကျူးခံရသော သိပ္ပံပညာရှင် ယွမ်လွန်ပင်းက ၎င်း၏နည်းစနစ်ကို အသုံးပြုခြင်းဖြင့် စပါးအထွက်တိုးအောင် လုပ်ရာတွင် မလေးရှားစပါး ကျွမ်းကျင်သူများအား မိမိနိုင်ငံက အကူအညီပေးသွားမည်ဖြစ်ကြောင်းလည်း အာမခံပြောကြားလိုက်သည်။

မျိုးစပ်စပါးသည် စပါးအထွက်တိုးစေနိုင်ပြီး မလေးရှားနိုင်ငံအား အစားအစာအတွက် ပင်ကို ဖူလုံမှုရှိစေမည်ဟု မလေးရှားစိုက်ပျိုးရေးတက္ကသိုလ်၌ မျိုးစပ်စပါးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဟောပြောပို့ချချက်တွင် ၎င်းက ပြောကြားသည်။ **အင်တာနက်၊ဆင်ဟွာ**

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ပေးထားသော စက်ရုံအလုပ်ရုံများ

ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက မကွေးတိုင်း ပွင့်ဖြူမြို့နယ်တွင် တည်ဆောက်လျက် ရှိသည့် ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံတည်ဆောက်ရေးလုပ်ငန်း ပင်မအဆောက်အအုံပြီးစီးမှု အခြေအနေကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-(မြန်မာ့အလင်း)

တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ

စက်မှုနိုင်ငံဖြစ်ပေါ်ရေးအတွက် အထောက်အကူပြုမည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-(မြန်မာ့အလင်း)

ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံ

မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက တည်ဆောက်လျက်ရှိသော ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-(မြန်မာ့အလင်း)

မရမ်းကုန်းမြို့နယ်အမှတ်(၄)မူလတန်းကျောင်းသို့စာသင်ခုံများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ယနေ့နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံများလှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မရမ်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးဦးကျော်ဝင်း၊ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမင်းအောင်နှင့် ဆရာဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင် ဦးနှင်းစိန်-ဒေါ်မြသိန်းနှင့် မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ငွေကျပ်လေးသိန်းငါးသောင်း တန်ဖိုးရှိ စာသင်ခုံအလုံး ၅၀ နှင့် ငွေပဒေသာပင်အတွက် ကျပ်တစ်သိန်း လှူဒါန်းကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်
မိုးရေချိန်

၁၈-၈-၂၀၀၄

ဖျာပုံမြို့
၄ ဒသမ ၄၅ လက်မ
မော်ဘီမြို့
၃ ဒသမ ၅၄ လက်မ

✻ ရှေ့ဖုံးမှ

ရတနာကုန်သည်များက Bargain စနစ်ဖြင့် ဝယ်ယူရန် လေလံပုံးများတွင် ထည့်သွင်းထားသော Bargain Form များကို ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က စစ်ဆေးကြသည်။

စည်းကမ်းများဖတ်ကြား

ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အမှာစကားပြောကြားပြီး အခမ်းအနားမှူးက ကျောက်မျက်နှင့် ကျောက်စိမ်းလေလံဆွဲရာတွင် လိုက်နာရမည့် စည်းကမ်း ချက်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲကို မောင်းတီး၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် Bargain စနစ်ဖြင့် ဝယ်ယူရရှိသည့် ကျောက်မျက်နှင့် ကျောက်စိမ်းရတနာကုန်သည်များ၏ အမည်စာရင်းများကို ကြေညာပြီး ကျောက်မျက်များကို Auction စနစ်ဖြင့် ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်မျက်အတွဲပေါင်း ၂၃၀၊ ကျောက်စိမ်းအတွဲ ပေါင်း ၇၇ တွဲကို ပြည်တွင်းပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူသွားကြသည်။ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

လက်ဆောင်ပေးအပ်

ယနေ့ကျင်းပသည့် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲတွင် အမြင့်ဆုံးဈေးနှုန်းပေးဝယ်ကြသည့် ရတနာကုန်သည်များအား မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ဆိပ်ကမ်းသုံးစွဲသူများလိုက်နာရမည့်လုပ်ငန်းများ ဟန်ချက်ညီစွာညှိနှိုင်းဆောင်ရွက်ရန်ဒုတိယဝန်ကြီးဦးဖေသန်းမှာကြား

ရန်ကုန် ဩဂုတ် ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ အထွေထွေ မန်နေဂျာနှင့် သင်္ဘောကိုယ်စားလှယ်လုပ်ငန်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကတံတားများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနေသင်္ဘောလိုင်း ကိုယ်စားလှယ်များသည် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ် အစည်းအဝေးခန်းမ၌ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်နေသော သင်္ဘောကြီးများ၏ ကုန်တင်ကုန်ချလုပ်ငန်းများ၊ ဆိပ်ကမ်းသုံးစွဲသူများအတွက် ဝန်ဆောင်မှု ပေးနေပုံများ၊ သင်္ဘောကိုယ်စားလှယ်လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများက အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆိပ်ကမ်းများဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆိပ်ကမ်းသုံးစွဲသူများဘက်မှ လိုက်နာရမည့် လုပ်ငန်းများ ဟန်ချက်ညီစွာ ညှိနှိုင်း ဆောင်ရွက်ကြရန်နှင့် ပွင့်လင်းရာသီတွင် တိုးတက်လာမည့် ကုန်စည်သယ်ဆောင်မှု၊ ကမ္ဘာလှည့်ခရီးသွား ရေယာဉ်များ ဝင်ထွက်သွားလာမှုတို့အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရောင်းချရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမတွင် ပြည်တွင်းမှ နိုင်ငံသား ရတနာကုန်သည်များနှင့် ပြည်ပမှ နိုင်ငံခြားသား ရတနာကုန်သည်များက ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအား ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူအားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရောဝတီတိုင်းနှင့်ရန်ကုန်တိုင်းနေရာကွက်မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့ပြီး၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ် ၂၀ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာပြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

စစ်တောင်းနှင့်ရွှေကျင် မြစ်ရေစိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၉

စစ်တောင်း မြစ်ရေသည် မဒေါက်မြို့တွင် ၁၃၂ စင်တီမီတာ (လေးပေခန့်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် အနည်းငယ် ဆက်လက်ကျဆင်းနေသော်လည်း ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ ထုတ်ပြန်ကြေညာသည်။

အာဆီယံတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပဲခူးနှင့်ရန်ကုန်၌လေ့လာ

ရန်ကုန် ဩဂုတ် ၁၉

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ကြသော အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဝင်းနှင့်ပဲခူးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးဦးသိန်းဝင်းတို့ခေါင်းဆောင်၍ ယမန်နေ့နံနက် ၁၁ နာရီတွင်ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရွှေမောဓောစေတီရင်ပြင်ရှိ ကျောက်ပန်းတောင်းဇရပ်၌ ဂေါပကအဖွဲ့ရုံးမှ ဦးစိုးဝင်းနှင့် ပဲခူးဒီဂရီကောလိပ် အင်္ဂလိပ်စာဌာန ပါမောက္ခဦးမြင့်စိန်တို့က ရွှေမောဓောစေတီတော် သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားကြသည်။

လှည့်လည်ပြသ

ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် မွန်းတည့် ၁၂နာရီတွင် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိရာ ရှေးဟောင်းသုတေသနဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ထောက ကမ္ဘောဇသာဒီ ရွှေနန်းတော် ပြန်လည်တည်ဆောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဟံသာဝတီရှေးဟောင်း သုတေသနပြတိုက်၊ ဘမရာသနပလ္လင်တော်ဆောင်နှင့် မြေနန်းပြာသာဒ်ဆောင်တို့ကို လှည့်လည်ပြသသည်။

ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) သို့ရောက်ရှိရာ ခန်းမဆောင်၌ အထွေထွေမန်နေဂျာ ဦးသောင်းညွန့်က MICT Park နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သို့ ရောက်ရှိရာ ဒါရိုက်တာ ဒေါက်တာမြင့်မြင့်သန်းက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အကြောင်း သိကောင်းစရာများကို ရှင်း လင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများသည် မြန်မာ-ဂျပန် e-Learning Centerကိုလေ့လာကြသည်။

အာဆီယံတက္ကသိုလ်များနှင့် အဖွဲ့ အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပျဉ်းမပင်ရှိ တိုကီဝါခဲတံနှင့် Aphroditeအလှကုန်စက်ရုံသို့ သွားရောက်လေ့ လာကြရာ မြန်မာတိုကီဝါကော်ပိုရေး ရှင်းလီမိတက် ဒုတိယမန်နေဂျင်း ဒါရိုက်တာဦးစိန်ထွန်းက စက်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် ကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။ ထို့နောက် ခဲတံစက်ရုံအတွင်း လှည့်လည်ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် လှိုင်သာယာစက်မှုဇုန်(၃)ရှိ FAMEဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာကြရာ စက်ရုံမှူးဦးတင်မောင်အေးက စက်ရုံနောက်ခံသမိုင်းနှင့်ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

(အပေါ်ဝဲပုံ)

ဆက်လက်၍ လှိုင်သာယာစက်မှု ဇုန်(၂)ရှိ Teak Farm Industries Co.,Ltd.စက်ရုံသို့ သွားရောက်လေ့လာကြရာ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မျိုးကျော်က စက်ရုံအတွင်း သစ်အချောထည်ထုတ်လုပ်နေမှုများကို လိုက်လံရှင်းလင်းပြသပြီး စက်ရုံဧည့်ခန်း၌ စက်ရုံသမိုင်းနှင့် ထုတ်လုပ်သည့် သစ်အချောထည်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးအကြံပြု

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူများဖြစ်ကြသည့် မခိုင်ငွေနှင်းဇော်နှင့် မအိသက်သက်ဆွေ၊ University of Indonesia မှ ကျောင်းသူ Ms. Nurul Rochayata နှင့် Universiti Malaya မှ ကျောင်းသူ Ms. Elizabeth Foong တို့က ASEAN in the Knowledge Age; Building ASEAN Studies Learning Societies နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးပွဲတက်ရောက်သူများက ဆွေးနွေးအကြံပြုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁) ကမာရွတ် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဩဂုတ် ၁၈ရက်က ကျင်းပရာ အခြေခံပညာအထက်တန်းခြောက် ဘာသာဂုဏ်ထူးရှင် မပိုးအိဇင်အား မိဘဆရာ အသင်းနာယက ဒေါ်မိုးမိုးမြင့်က ဂုဏ်ပြုဆုများချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံဝန်ကြီးချုပ်များ၏အစည်းအဝေး ကိုတင်ပြင်ဆင်မှုများပြုလုပ်ရန်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံဝန်ကြီးချုပ်များ၏ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် အဆိုပါလေးနိုင်ငံ၏အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဩဂုတ် ၁၈ ရက်တွင် ရန်ကုန်မြို့ Nikko ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး လေးနိုင်ငံဝန်ကြီးချုပ်များ၏ ထိပ်သီးအစည်းအဝေးက ထုတ်ပြန်မည့် ပူးတွဲကြေညာချက်ကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါပူးတွဲကြေညာချက်တွင် အာဆီယံအဖွဲ့ဝင်သစ်များဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံတို့၏ အာဆီယံပေါင်းစည်းရေးလုပ်ငန်းစဉ်များကို ဆောလျင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများ ချမှတ်ရန်နှင့် ဒေသခွဲအတွင်းရှိ လေးနိုင်ငံဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးအတွက် လေးနိုင်ငံ စည်းလုံးညီညွတ်မှု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ ချစ်ခင်ရင်းနှီးမှု၊ သွက်လက်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်လျက် စီးပွားရေးပူးပေါင်းဆောင် ရွက်မှုလုပ်ငန်းစဉ်များ ချမှတ်ရန် ဖော်ပြပါရှိမည်ဖြစ်သည်။

လေးနိုင်ငံ ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်း လာအိုနိုင်ငံဗီယန်ရှင်း၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဧရာဝတီ-ကျောက်ဖယား-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအကောင်အထည်ဖော်ရေးစည်းဝေး

ရန်ကုန် ဩဂုတ် ၁၉

ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အက်မက်(စ)(ACMECS) အကောင်အထည်ဖော်ရန်အတွက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ Nikko ဟိုတယ်၌ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ပြီး အက်မက်(စ)အဖွဲ့ဝင် ငါးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည်သုံးသပ်ကြသည်။

အဆိုပါ မဟာဗျူဟာအောက်တွင် ချမှတ်ထားသော လုပ်ငန်းစဉ်များအနက် မြန်မာနှင့်ထိုင်း၊ ထိုင်းနှင့် ကမ္ဘောဒီးယား၊ ထိုင်းနှင့် လာအို နှစ်နိုင်ငံချင်းပူးပေါင်းဆောင်ရွက်မှုများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကို အသိအမှတ်ပြုကြသည်။ ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးဆောင်ရွက်ရန် သတ်မှတ်ထားသည့် ငါးနိုင်ငံစလုံးနှင့် သက်ဆိုင်သော ဘုံလုပ်ငန်းများ၊ နှစ်နိုင်ငံချင်းလုပ်ငန်းစဉ်များကိုလည်း ဆောလျင်စွာ အကောင်အထည်ဖော်ကြရန် အစည်းအဝေးက တိုက်တွန်းခဲ့သည်။

အစည်းအဝေးတွင် အက်မက်(စ) စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတွင် သတ်မှတ်ထားသည့် ကဏ္ဍကြီးငါးရပ်ဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူအဆင်ပြေရေး၊ စိုက်ပျိုးရေးနှင့် စက်မှုပူးပေါင်း ဆောင်ရွက်ရေး၊ ပို့ဆောင်ရေးအဆက်အသွယ်များမြှင့်တင်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းကဲ့သို့ ငါးနိုင်ငံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး ကျင်းပရခြင်းမှာ ပုဂံထိပ်သီးအစည်းအဝေးက သတ်မှတ်ထားသော ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ကျင်းပခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးစိန်သောင်းက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(မြန်မာ့အလင်း)

ရွှေမြိုင်အရှင်ဝိလာသတရားပွဲ

ရန်ကုန် ဩဂုတ် ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ဇေယျမေဒနီစာသင်တိုက် ပဓာန နာယက စာချနာယက သာသနာပြုဓမ္မကထိက ရွှေမြိုင် အရှင်ဝိလာသ မထေရ်မြတ်သည် ဝါခေါင်လဆန်း ၈ရက်၌ ကျိုက်မရောမြို့ ကွင်းကျောင်း စာသင်တိုက် ဓမ္မာရုံတွင်လည်းကောင်း၊ ဝါခေါင်လပြည့်နေ့၌ မော်လမြိုင်မြို့ မြို့ဝသတိပဋ္ဌာန်ရိပ်သာ ဇောတိပက္ခိယဓမ္မာရုံတွင်လည်းကောင်း၊ ဝါခေါင် လပြည့်ကျော် ၈ရက်၌ မော်လမြိုင်မြို့နယ် ကြာအင်းရွာ ကြာအင်းတိုက်ကျောင်း ဓမ္မာရုံတွင်လည်းကောင်း၊ ဝါခေါင်လကွယ်နေ့တွင် ပေါင်မြို့နယ် အလုပ်ရွာ ကံဦးကျောင်းတိုက်ဓမ္မာရုံတို့လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန် တရား တော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၁၈ ရက်က မြောက်ဥက္ကလာပမြို့နယ်ပုရွက်ဆိတ်ကုန်းရပ်ကွက် ဓမ္မောဒယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ (၃၆)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင် ပထမဆင့်အောင်နှင့်အထူးအောင်မြင်သူများ အား ဆုချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသရနှင့် တွဲဖက်ဆရာတော် ဘဒ္ဒန္တ ဩဘာသ တို့က ဆုချီးမြှင့်စဉ်။

(၃၂၂)

တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်ရှိ ရခိုင်အသင်းအဖွဲ့အစည်းများနှင့် ရခိုင်အမျိုးသား အမျိုးသမီးများ စုပေါင်း၍ (၅၆)ကြိမ်မြောက် တိပိဋကရေစာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ကုဏ္ဍပါလ သာသနာ့ အာဇာနည် အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကြည်ညိုသဒ္ဓါပွားများ နိုင်ကြစေရန် အသိပေးနှိုးဆော်ထားသည်။

ဆက်သွယ်နိုင်

ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ သီရိသုဓမ္မဓဇောတရေ ဦးကျော်မင်း ဖုန်း-၀၉၈၀-၃၄၉၆၃၊ ဒုဥက္ကဋ္ဌ သီရိသုဓမ္မဓဇောတရေ ဦးသန်းနိုင် ဖုန်း-၀၉၉၉-၂၄၃၆၃၊ အတွင်းရေးမှူး ဦးသာအေးဖုန်း-၀၉၈၀-၂၃၃၈၆၊ တွဲဖက် အတွင်းရေးမှူး ဦးဇော်အေးမောင် ဖုန်း-၀၉၉၉-၂၂၀၅၇နှင့် ဘဏ္ဍာရေးမှူး ဦးစောသိန်း ဖုန်း-၀၉၅၀၀-၁၃၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၁၉ ရက်က ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခ ကျောင်းဓာတ်တော်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အမှတ်(၁)တွင် ရေမော်တာ တစ်လုံး တပ်ဆင်ရန်နှင့် ကျောင်းပြုပြင်ရန် ကွယ်လွန် သူ

မိဘနှစ်ပါးအားရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဆရာမ ဒေါ်ရွှေပုမိသားစုက အလှူငွေကျပ်လေးသိန်းအား ပဓာန နာယကဆရာတော် ဘဒ္ဒန္တဦးဝိစိတ္တာ လက်ခံရထံ ဆက်ကပ်လှူဒါန်းစဉ်။ **(က-ပ)**

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ မဲနှိုက်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁၉

ဩဂုတ် ၂၃ရက်မှ ၃၁ရက်အထိ ကျင်းပမည့် မြန်မာနိုင်ငံဘော် လီဘော အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားမိုးရာသီ ဘော်လီဘောပြိုင်ပွဲ အုပ်စု မဲနှိုက်ရွေးချယ်ခြင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက အောင်ဆန်းအားကစား ပြိုင်ကွင်းရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံဘော်လီ ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူးဦးစိုးသိမ်း၊ ဘဏ္ဍာရေးမှူး ဦးစိန်သောင်း၊ ပြိုင်ပွဲဝင် အသင်းများ၏ အုပ်ချုပ်သူ၊ နည်းပြများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးစိန်သောင်းက ပြိုင်ပွဲအကြောင်းနှင့် ချီးမြှင့်မည့်ဆုကြေးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးစိုးသိမ်းက ပြိုင်ပွဲအခြေအနေနှင့် စည်းမျဉ်း စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ပွဲစဉ်များအား မဲနှိုက်ရွေးချယ်ကြသည်။

ပြိုင်ပွဲသို့ အမျိုးသားခုနစ်သင်း၊ အမျိုးသမီးငါးသင်း ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်း၊ ကာကွယ်ရေး မျိုးဆက်သစ်၊ မြို့တော်စည်ပင်၊ ပြည်ထဲရေး၊ ကက(ရေ)၊ ပို့ဆောင်ရေး၊ ကာကွယ်ရေးလူငယ်၊အမျိုးသမီးပြိုင်ပွဲတွင် ကာကွယ်ရေး၊ ပို့ဆောင်ရေး(ခ)၊ စက်မှု(၁)၊ ပြည်ထဲရေး၊ ပို့ဆောင်ရေး (က)အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သည် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်ရေးကိုရည်ရွယ်၍ ယခုပြိုင်ပွဲတွင် လက်ရွေးစင်၊လူငယ် လက်ရွေးစင်များအား ကစားခွင့်မပြုဟု သိရသည်။ ထို့ပြင် ဆုရအသင်းများကိုလည်း ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှစ၍ နေ့စဉ်နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံအားကစားရုံတွင်စတင် ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် ငါးပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်း မီးသတ်ယာဉ်များကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် မီးသတ် ဦးစီးဌာန(ရုံးချုပ်)၌ မီးသတ် ဦးစီး ဌာနမှ အင်ဂျင်နီယာအရာရှိများ ပြုပြင်တည်ဆောက်ထားသည့် စစ်ကိုင်းတိုင်း ရေဦးမြို့နယ်နှင့် ခင်ဦးမြို့နယ်တို့သို့ပေးပို့မည့် တီအီးမီးသတ်ယာဉ် နှစ်စီး၊ ချင်းပြည်နယ် မင်းတပ်မြို့နယ်သို့ပေးပို့မည့် တီအီးမီးသတ်ယာဉ်တစ်စီး၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် တနိုင်းမြို့နယ်တို့သို့ပေးပို့မည့် တီအီး မီးသတ်ယာဉ်နှစ်စီး၊ မွန်ပြည်နယ်ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး(ကင်မွန်းစခန်း) သို့ ပေးပို့မည့် တီအီးမီးသတ်ယာဉ်တစ်စီး စုစုပေါင်း ခြောက်စီးကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ သက်ဆိုင်ရာ မြို့နယ်များမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး ဝန်ကြီးက ပေးပို့ရမည့် ဒေသများသို့ စနစ်တကျ အမြန်ပို့ဆောင်ရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝေနေယျသုခရေချမ်းစင်အသင်း ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၅ခုနှစ်အတွက် ဝေနေယျသုခ ရေချမ်းစင်အသင်းပြက္ခဒိန် နှစ်မျိုး တစ်ပြိုင်တည်းထွက်ပြီဖြစ်သည်။ တစ်နှစ်စာ ရေဖိုးငွေကျပ်အနည်းဆုံး ၁၅၀ ကျပ် လှူသူအား မြန်မာစက္ကူချောနှင့် ငွေကျပ် ၂၀၀လှူသူအား နိုင်ငံခြား စက္ကူတို့ဖြင့် ပြက္ခဒိန်တစ်စောင် လက်ဆောင်ပေးမည်။ ရေအလှူဒါန ခုနစ်မျိုးစုံအတွက် အနည်းဆုံး ၇၀၀ ကျပ်လှူသူ ဝေနေယျသုခ ဓမ္မာရုံ ဘက်စုံအလှူနှင့် ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် ကျပ်တစ်သောင်း အလှူရှင်များအား ပြက္ခဒိန်များနှင့် ဂုဏ်ပြုလွှာပေးအပ် မည်ဟု သိရသည်။ **(က-ပ)**

ဘဒ္ဒန္တဝေပုလ္လမဟာထေရ် ဝိဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ပဲခူးတိုင်းအနောက်ပိုင်း ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီး ပဓာန နာယက ပဲခူးတိုင်း သံဃနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လမဟာထေရ်မြတ်၏သက်တော်(၆၁)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက်၅နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ပင့်သံဃာ ၁၀၈ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။

ဆက်လက်၍ နံနက် ၆နာရီတွင် သက်တော်ရှည်ဆရာတော်ကြီးငါးပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့၍ နံနက် ၇နာရီခွဲတွင် သိမ်ဝင်ခြင်းနှင့် နံနက် ၈ နာရီတွင် သိမ်ထွက်ခြင်း မင်္ဂလာများပြုလုပ်ပြီး နံနက် ဝိဇာတမွေးနေ့မင်္ဂလာ အခမ်းအနားကို စိန္တာမယသိဒ္ဓိဗိမ္မာန်တော်ကြီး၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သိရသည်။ **(က-ပ)**

အာဟာရဖွံ့ဖြိုးရေး အသိပေးရှင်းလင်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပေး ရှင်းလင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးရဲမြင့်နှင့် ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာ ဦးစံရွှေဝင်း တို့က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (အာဟာရ)ဒေါက်တာဦးလှကြည်နှင့် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး တို့က အာဟာရဖွံ့ဖြိုးရေး ရက် သတ္တပတ် လှုပ်ရှားမှုနှင့် တိုင်းအတွင်း ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး တိုင်းအတွင်းရှိ ဆေးရုံအုပ်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများက ပြန်လည်ဆွေးနွေး တင်ပြကြသည်။ **(က-ပ)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း စီမံချက်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ပေါကြွယ်ဝသောနိုင်ငံအဖြစ် လူသိများသော နိုင်ငံဖြစ်သည်။ မြေပေါ်ရှိ သယံဇာတများအနက် သစ်တောသယံဇာတသည် တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံတကာတွင် သစ်တောသယံဇာတများ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယုတ်လျော့နေသော်လည်း မြန်မာနိုင်ငံ၌ နိုင်ငံဧရိယာ၏ ထက်ဝက်ခန့်မှာ သစ်တောများဖုံးလွှမ်းလျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ ပင်လယ်နှင့်အနီးအဝေး၊ မြေအနေအထားစသည့် ဘူမိပထဝီကွဲပြားခြားနားမှုကြောင့် သစ်တောအမျိုးမျိုး ဖြစ်ထွန်းနေကြပြီး ကွဲပြားခြားနားသော သစ်တောဂေဟစနစ်များ (Forest Ecosystems) ဖြစ်ပေါ်လျက်ရှိသည်။ ဒီရေအတက်အကျရှိသော ပင်လယ်ကမ်းခြေနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့၌ ဒီရေတောအမျိုးမျိုး၊ ကုန်းတွင်းပိုင်း၌ ရွက်ပြတ်ရောနှောတော အမျိုးမျိုး၊ အမြဲစိမ်းတောများ၊ မုတ်သုံအမြဲစိမ်းတောများ၊ တောင်ပေါ်ထင်းရှုးတောများစသည်ဖြင့် သစ်တောအမျိုးမျိုးကို မြန်မာနိုင်ငံတွင် တွေ့ရှိရသည်။ ကုန်းတွင်းပိုင်း၌ ပေါက်ရောက်သော ရွက်ပြတ်ရောနှောသော သစ်တောများအတွင်း အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ သင်းဝင်နှင့် တမလန်းစသော သစ်မျိုးများ ပေါက်ရောက်လျက်ရှိကြသည်။ မြန်မာနိုင်ငံသည် အဖိုးတန်ကျွန်းသစ်နှင့် သစ်မာအမျိုးမျိုးကို စနစ်တကျ ထုတ်ယူရောင်းချလျက်ရှိရာ နှစ်စဉ်ပြည်တွင်းဝင်ငွေ ကျပ်သန်းပေါင်းများစွာနှင့် နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်းများစွာကို ရှာဖွေပေးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ သစ်တောများအတွင်း တောဆင်ရိုင်း၊ ကျား၊ ကျားသစ်၊ ကြောင်၊ စိုင်၊ ဆတ်၊ ကြံ့၊ ကြံ့သူတော်စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များ အပါအဝင် နို့တိုက်သတ္တဝါ မျိုးစိတ် ၃၀၀ခန့်၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ် ၃၆၀ခန့်၊ ငှက်မျိုးစိတ် ၁၀၀၀ကျော်၊ လိပ်ပြာမျိုးစိတ် ၁၀၀၀ကျော် နေထိုင်ကျက်စားလျက်ရှိသည်။

မြန်မာနိုင်ငံအဝန်း၌ ပေါက်ရောက်လျက်ရှိသော သစ်တောများအနက် ပဲခူးရိုးမဒေသ၌ ပေါက်ရောက်နေသော သစ်တောများလည်း ပါဝင်ကြသည်။ ပဲခူးရိုးမတောင်တန်းသည် ရန်ကုန်မြို့တော်၏ မြောက်ဘက် မိုင် ၃၀အကွာအဝေးမှ စတင်၍ တောင်မြောက်သွယ်တန်းလျက်ရှိပြီး အလျားမိုင် ၃၀၀ခန့် ရှိသည်။ မြေမျက်နှာပြင်မှာ အလွန်မြင့်မားမှုမရှိခြင်း၊ ပြေပြစ်သော ကျောပြန့်များရှိခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်း၊ သက်နုမြေဖြစ်သောကြောင့် မြေဩဇာကောင်းမွန်ခြင်း၊ မိုးမျှတစွာ ရွာသွန်းရာဒေသဖြစ်ခြင်းတို့ကြောင့် အမြဲစိမ်းသစ်တောများ၊ ရွက်ပြတ်ရောနှောတောများ ထူထပ်စွာပေါက်ရောက်သော ဒေသဖြစ်သည်။ မြန်မာနိုင်ငံ သစ်တောများတွင် ပေါက်ရောက်သော ကျွန်းသည် ပဲခူးရိုးမ၌ အကောင်းဆုံးဖြစ်သောကြောင့် ပဲခူးရိုးမအား ကျွန်းပင်၏ ဘူမိနက်သန်မှန်ရာမြေ (Home of Teak)ဟု တင်စား၍ ခေါ်ဝေါ်ကြသည်။ ပဲခူးရိုးမ၌ အခြားသစ်တောသစ်ပင်များ၊ ဝါးများ ပေါက်ရောက်နေကြသည်။ ကွဲပြားခြားနားသော သစ်တောဂေဟစနစ်များ ဖြစ်ထွန်းနေသကဲ့သို့ တောရိုင်း တိရစ္ဆာန်များစွာ ကျက်စားနေထိုင်ကြသဖြင့် ဇီဝမျိုးစုံမျိုးကွဲများလည်း ကြွယ်ဝသော ဒေသဖြစ်သည်။

ပဲခူးရိုးမသည် နိုင်ငံတော်အတွက် သစ်တောကဏ္ဍမှနေ၍ ဝင်ငွေရရှိစေနိုင်သကဲ့သို့ လယ်ယာကဏ္ဍအတွက်လည်း အရေးပါလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ပဲခူးတိုင်းသည် မြန်မာနိုင်ငံ၌ ဆန်စပါး ဒုတိယအများဆုံး ထုတ်လုပ်ပြီး၊ ဆန်စပါး ထုတ်လုပ်မှုအတွက် ရေအရင်းအမြစ်ဖြစ်သော မြစ်ချောင်းများသည် ပဲခူးရိုးမမှနေ၍ စတင် စီးဆင်းကြသောကြောင့် ဖြစ်သည်။ ပဲခူးရိုးမရှိသောကြောင့် လယ်ယာမြေများကို ပူပြင်းခြောက်သွေ့ခြင်းမှ ကာကွယ်ပြီး အပူအအေးကို မျှတစေသည်။ နွေရာသီတွင် ပဲခူးရိုးမ၌ ရှိသော လျှိုမြောင်များမှ လူများနှင့် ကျွဲနွား တိရစ္ဆာန်များအတွက် ရေကိုရရှိစေနိုင်သည်။ ပဲခူးရိုးမရှိ သစ်တောများအတွင်း ကျေးရွာနေလူများအတွက် အိမ်တိုင်၊ ခြံတိုင်၊ လယ်ယာသုံး ကိရိယာနှင့် ဟင်းသီးဟင်းရွက်များကို ရာသီအလိုက် ရရှိနိုင်သည်။

ကမ္ဘာနှင့်အဝန်း လူဦးရေသည် လျင်မြန်စွာ တိုးတက်လျက်ရှိသည်။ လူဦးရေ တိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာလိုအပ်မှု၊ လူ့အသုံးအဆောင်နှင့် အဆောက်အအုံလိုအပ်မှု စသည်တို့လည်း များပြားလာလျက်ရှိသည်။ ယင်းသို့သော အကြောင်းများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ သစ်တောဧရိယာများသည် ဆုတ်ယုတ်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ သစ်တောဧရိယာများမှာ သိသာစွာ လျော့နည်းမှု မရှိသေးသော်လည်း လူဦးရေတိုးပွားမှု၊ ထင်းလိုအပ်မှု၊ ကျွဲနွား တိရစ္ဆာန် စားကျက်ချမှု၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုနှင့် အိမ်တိုင်၊ ခြံတိုင်၊ ထင်းနှင့်ဝါးခုတ်ယူမှုများ၊ သစ်ထုတ်ခြင်းများကြောင့် ယခင်ကထူထပ်သော သစ်တောများဖြင့် ဖုံးလွှမ်းနေခဲ့သော သစ်တောဧရိယာများ၏ သစ်တောဖုံးလွှမ်းမှုကို အနေးနှင့်အမြန် ထိခိုက်လာမည်ဖြစ်သည်။ ထိုသစ်တောဒေသများအနက် ပဲခူးရိုးမသည် လူနေထူထပ်သောဒေသ၌ ကျရောက်ခြင်း၊ သွားလာမှုလွယ်ကူခြင်း၊ မြေဩဇာကောင်းမွန်ခြင်း၊ သစ်ကောင်း၊ ဝါးကောင်းများ ပေါများခြင်းကြောင့် ဒေသအတွင်း သစ်တောထွက်ပစ္စည်းများကို နှစ်စဉ်ထုတ်ယူသုံးစွဲမှု များပြားလာသဖြင့် သစ်တောများ လျော့ပါးလာနိုင်သည့်အခြေအနေနှင့် ရင်ဆိုင်ရလျက် ရှိသည်။ ထို့ကြောင့် ပဲခူးရိုးမကို သစ်တောများဖြင့် စိမ်းလန်းစိုပြည်နေစေရေး အထူးအလေးပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပဲခူးရိုးမဒေသရှိ သစ်တောများ စိမ်းလန်းစိုပြည်စေရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပြီး ယခု ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်မှ ၂၀၀၈–၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်–

- ပဲခူးရိုးမကို ကျွန်းသစ်မျိုးပေါက်ရောက်ဖြစ်ထွန်းရာ ဒေသတစ်ခုအဖြစ် ထာဝစဉ်တည်မြဲစေရန်၊
- ပဲခူးရိုးမတွင် သစ်တောပြုန်းတီးနေခြင်းကို သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းမှု နည်းလမ်းများဖြင့် ထိန်းသိမ်းခြင်း၊ သစ်တောဥပဒေဖြင့် ထိရောက်စွာ ကာကွယ်ပေးခြင်း တို့ဖြင့် ထိန်းသိမ်းရန်၊
- စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသော ရေရရှိနိုင်ရေးအတွက် တည်ဆောက်ထားသည့် ဆည်များ၏ ရေဝေရေလဲဒေသများကို စနစ်တကျ ထိန်းသိမ်းနိုင်ရန်၊
- ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီး စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုရန်။

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက် ငါးနှစ်တာ ကာလအတွင်း ကြိုးဝိုင်းသစ်တောနှင့် ကြိုးပြင်ကာကွယ်တောများရှိ သစ်တောတည်ရှိမှုအခြေအနေပေါ်မူတည်၍ ဦးစားပေးနေရာများ သတ်မှတ်ကာ အောက်ပါ သစ်တော ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်သည်–

- သဘာဝသစ်တောများကို ကာကွယ်ထိန်းသိမ်းခြင်း၊
- သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊
- ဓမ္မတာမျိုးဆက်ခြင်း၊
- သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် စိုက်ခင်းဟောင်းများ ထိန်းသိမ်းခြင်း၊

တင်ထွန်း (ဝန်းကျင်/သားငှက်)

- ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် စံပြ သစ်တောကျေးရွာများ တည်ထောင်ခြင်း၊
- လူထုပူးပေါင်းပါဝင်လာစေသည့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ထင်းအစားထိုး လောင်စာသုံးစွဲရေးလုပ်ငန်း ဖော်ထုတ်ခြင်း၊
- ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- သဘာဝကျွန်းတော ထိန်းသိမ်းရေးနယ်မြေ (Teak Nature Reserve) များ သတ်မှတ်ခြင်း၊
- သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

ခြင်း၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများကို တရားမဝင် ထုတ်ယူသုံးစွဲနေသူများကို သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၌ ဝင်ရောက် ဆောင်ရွက်စေ၍ အလုပ်အကိုင်များရရှိစေခြင်း၊ သစ်တောကျေးရွာများ တည်ထောင်ပေး၍၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်စေ၍ ဝင်ငွေများ ရရှိစေခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများရှိ တောပျက်များ၌ သဘာဝပတ်ဝန်းကျင် တိုးတက်လာစေရန်လည်းကောင်း၊ အဖိုးတန်ကျွန်းနှင့် ပျဉ်းကတိုးစသော သစ်မျိုးများ တိုးပွားလာစေရန်လည်းကောင်း၊ သဘာဝတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ သို့မဟုတ် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ပျက်စီးနေသော တောပျက်များ၌ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ စိုက်ခင်းဟောင်းများကို ပြုစုထိန်းသိမ်းခြင်းစသည် တို့ကို အထူးအလေးပေး၍ ဆောင်ရွက်ကြမည် ဖြစ်ပေသည်။ တစ်ဖက်ကလည်း နိုင်ငံတော်၏ ပြည်တွင်းဝင်ငွေနှင့် ပြည်ပဝင်ငွေ ရရှိစေရေးအတွက် စနစ်တကျ သစ်ထုတ်လုပ်ခြင်းကို ကြပ်မတ်၍ ဆောင်ရွက်ရန် စီစဉ်ထားရှိသည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တောကဏ္ဍနှင့် ပတ်သက်၍ လမ်းညွှန်ချက်များအနက်မှ–

> **“နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တော၊ တောင် နှင့် ရာသီဥတုတို့ဖြစ်၍ တော၊ တောင် ပျက်စီးပါက မြေလည်းပျက်၊ ရေလည်း ပျက်စီးကာ ရာသီဥတု ဖောက်ပြန်လာသဖြင့် သစ်တောမပျက်စီးစေရေး အတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်”**

ဟု ပါရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ယခုဆောင်ရွက်မည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဆန်စပါး၊ သားငါး၊ သစ်တောကဏ္ဍကို အဓိကဖော်ဆောင် ပေးနေသော ပဲခူးတိုင်း၏ ရာသီဥတု ညီညွတ်မျှတရေးကို အထောက်အကူပြုမည်မှာ မလွဲဧကန်ဖြစ်သည်။ **ပဲခူးရိုးမ၌ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းဝေဆာနေခြင်းအားဖြင့် မိုးရွာသွန်းမှုကို ညီညွတ်မျှတစေသည်။ တောတောင် မြေသားကို ရေနှင့်လေတိုက်စားမှုမှ ကာကွယ်ပေးသည်။ လေပြင်းများဒဏ်မှ ကာကွယ်ပေးသည်။ မိုးကာလ၌ မြေပြန့်၌ရှိသော လယ်ယာများ၊ မြို့ပြများကို ရေလွှမ်းခြင်းမှ ကာကွယ်ပေးသည်။ နွေရာသီ၌ ဆန်စပါး၊ ကောက်ပဲသီးနှံစိုက်ခင်းများကို လေပူများမှ ကာကွယ်စေနိုင်သည်။ လူတို့အား ပူပြင်းသော ရာသီဥတုဒဏ်မှ သက်သာစေသည်။ နွေရာသီ၌ စိမ့်စမ်းများမှတစ်ဆင့် ချောင်းများအတွင်း ရေစီးဆင်းနိုင်သည်။ ယနေ့ ကမ္ဘာပေါ်၌ လူများခံစားနေရသော ဖန်လုံအိမ်အာနိသင်ကို ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို သစ်ပင်များက စုပ်ယူနိုင်သည်။** ကျေးလက်နေ ပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ဆေးဝါးများ၊ တိရစ္ဆာန်အစားအစာများကို စဉ်ဆက်မပြတ် ရရှိစေနိုင်သည်။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းအားဖြင့် တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်တို့ကို ထိန်းသိမ်းကာကွယ်

ပဲခူးရိုးမ၌ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းဝေဆာနေခြင်းအားဖြင့် မိုးရွာသွန်းမှုကို ညီညွတ်မျှတစေသည်။ တောတောင် မြေသားကို ရေနှင့်လေတိုက်စားမှုမှ ကာကွယ်ပေးသည်။ လေပြင်းများဒဏ်မှ ကာကွယ်ပေးသည်။ မိုးကာလ၌ မြေပြန့်၌ရှိသော လယ်ယာများ၊ မြို့ပြများကို ရေလွှမ်းခြင်းမှ ကာကွယ်ပေးသည်။ နွေရာသီ၌ ဆန်စပါး၊ ကောက်ပဲသီးနှံစိုက်ခင်းများကို လေပူများမှ ကာကွယ်စေနိုင်သည်။ လူတို့အား ပူပြင်းသော ရာသီဥတုဒဏ်မှ သက်သာစေသည်။ နွေရာသီ၌ စိမ့်စမ်းများမှတစ်ဆင့် ချောင်းများအတွင်း ရေစီးဆင်းနိုင်သည်။ ယနေ့ ကမ္ဘာပေါ်၌ လူများခံစားနေရသော ဖန်လုံအိမ်အာနိသင်ကို ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို သစ်ပင်များက စုပ်ယူနိုင်သည်။

ပဲခူးရိုးမတွင် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့်ရန်ကုန်တိုင်းတို့မှ ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁ မြို့နယ်တို့ ပါဝင်ဆက်စပ် တည်ရှိလျက်ရှိပြီး အကျယ်အဝန်းအားဖြင့် ၁၉၅၇၅ဒသမ၃၈ စတုရန်းမိုင် ရှိသည်။ ပဲခူးရိုးမနယ်မြေအတွင်းရှိ သစ်တောဖုံးလွှမ်းမှုဧရိယာမှာ အောက်ပါအတိုင်း ဖြစ်သည်–

စဉ်	တိုင်း	မြို့နယ်ပေါင်း	ဧရိယာ (ဧက)	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာ (ဧက)		
				ကြိုးဝိုင်းတော	ကြိုးပြင်ကာကွယ်တော	စုစုပေါင်း
၁။	ပဲခူးတိုင်း	၁၉	၆၆၃၈၆၅၉	၂၈၉၈၆၁၉	၃၆၆၅၀၆	၃၂၆၅၁၂၅
၂။	မကွေးတိုင်း	၅	၂၆၁၇၁၄၀	၅၀၇၀၉၉	၃၇၇၂၀	၅၄၄၈၁၉
၃။	မန္တလေးတိုင်း	၄	၂၂၇၉၄၇၀	၉၅၇၉၁၁	–	၉၅၇၉၁၁
၄။	ရန်ကုန်တိုင်း	၃	၉၉၂၉၇၅	၂၅၉၃၈၉	–	၂၅၉၃၈၉
	စုစုပေါင်း	၃၁	၁၂၅၂၈၂၄၄	၄၆၂၃၀၁၈	၄၀၄၂၂၆	၅၀၂၇၂၄၄

ပဲခူးရိုးမသည် လူဦးရေထူထပ်ပြီး မကွေး၊ မိတ္ထီလာ၊ ပြည်၊ ပဲခူးနှင့် ရန်ကုန်စသော အဓိကမြို့ကြီးများနှင့် ဆက်စပ်နေသည့် ဒေသဖြစ်ခြင်း၊ ကျွန်းနှင့် သစ်မာမျိုးစုံထွက်ရှိသော ဒေသဖြစ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက်ကို သီးခြားရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤလုပ်ငန်းစဉ်၌ သစ်တောဦးစီးဌာနသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အာဏာပိုင်အဖွဲ့အစည်းနှင့် အခြားဆက်စပ် အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ဥပဒေကြောင်းအရ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြမည်ဖြစ်သည်။

ပဲခူးရိုးမတွင် ယခင်က တရားမဝင် ဝင်ရောက်နေထိုင်ပြီး တောင်ယာခုတ်ပေးခြင်းဖြစ်၍ မြန်မာနိုင်ငံသည် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် °(Uuited Nations Environment Programme)အရ ဆောင်ရွက်နေသော ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ထိန်းသိမ်းရေး စသည့် လုပ်ငန်းများကို လိုက်လျောညီထွေ အကောင်အထည်ဖော်ရာလည်း ရောက်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **လယ်ယာ၊ သစ်တော၊ သားငါးနှင့် စွမ်းအင်ကဏ္ဍထုတ်လုပ်မှု တိုးတက်သည်ထက် တိုးတက်အောင် အလေးထားဖော်ဆောင်ရန်လည်း** လမ်းညွှန်ထားသည်။ ထို့ပြင် သစ်တောကဏ္ဍလုပ်ငန်း လမ်းညွှန်အဖြစ် သစ်တောများမပြုန်းတီးအောင် ထိန်းသိမ်းကာကွယ်ရန်၊ သစ်တောပါးသွားသည့်ဒေသများ၌ ပြန်လည်ပျိုးထောင်ရန် အညာဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ရာ၌ သစ်တောသစ်ပင်ပြုစုထိန်းသိမ်း ကာကွယ်ရေးနှင့် ဆည်မြောင်းတာတမံ တည်ဆောက်၍ ရေကိုသိုလှောင်ထိန်းသိမ်း အသုံးပြုခြင်းတို့ကို အဆက်အစပ်ရှိရှိ ဆောင်ရွက်ရန်၊ ထင်းအစားအခြားလောင်စာအသုံးပြုရေးလုပ်ငန်းနှင့် ကျေးရွာသုံးထင်းစိုက်ခင်းများ စနစ်တကျပျိုးထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ကြရန်လည်း အလေးထားမှာကြားခဲ့သည်။

ယခု ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသည် သစ်တော၊ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးခြင်း၊ သဘာဝတောများကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးလောင်စာများ တိုးတက်သုံးစွဲရေးကို အားပေးမြှင့်တင်သွားမည်ဖြစ်ခြင်း၊ ဆည်မြောင်းတာတမံတို့၏ ရေသိုလှောင်အားကို ထိန်းသိမ်းမည် ဖြစ်ခြင်း၊ ရေမြေရာသီဥတုကို ထိန်းသိမ်း၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည် ဖြစ်ခြင်း၊ လယ်ယာသားငါးထုတ်လုပ်မှုကို မြင့်မားစေမည်ဖြစ်ခြင်းတို့ကြောင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းရေးသားအပ်ပါသည်။ ။



■ *ကျောဖုံးမှ*

မြန်မာစံတော်ချိန် မွန်းလွဲ၂နာရီခွဲတွင် အုပ်စု(ခ)မှ တောင်ကိုရီးယားတက္ကသိုလ်ညွှန့်ပေါင်းနှင့် မလေးရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ၄နာရီ ၅မိနစ်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားအပြီး၌ မြန်မာစံတော်ချိန် ညနေ ၄နာရီခွဲတွင် အုပ်စု(က)မှ အိမ်ရှင်ဗီယက်နမ်နှင့် မြန်မာတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဓိကကျ

မြန်မာနှင့်ဗီယက်နမ်ပွဲစဉ်သည် နှစ်သင်းစလုံးအတွက် အုပ်စုတက်ရေးအဓိကကျသော ပွဲစဉ်ပင်ဖြစ်သည်။ နှစ်သင်းစလုံးသည် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲအတွက် အကြိုပြင်ဆင်နေခြင်းဖြစ်ရာ အကြိတ်အနယ် ရေကုန်ရေခန်း ကစားကြရမည်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် သည်ဘက်ပိုင်းနှစ်များ၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်လက်ရွေးစင်အသင်းတို့ လေးကြိမ်တွေ့ဆုံခဲ့ရာ ဗီယက်နမ်တို့ကသာ အနိုင်ရရှိခဲ့သည်။

၁၉၉၅ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်တို့ အကြိုဗိုလ်လုပွဲ၌ ဆုံတွေ့ခဲ့ရာ အချိန်ပို၌ အနိုင်ဂိုးသွင်းကာ ဗီယက်နမ်အသင်း အနိုင်ရရှိသွားခဲ့သည်။ အဆိုပါပွဲတွင် မြန်မာအသင်းမှ အောင်ကျော်ကျော် စိတ်မထိန်းနိုင်၍ အနီကတ်ဖြင့် ထွက်ခဲ့ရသလို အေးနိုင်ကလည်း နှစ်ဝါအနီကတ်ဖြင့် အထုတ်ခံခဲ့ရသဖြင့် ၁၁ ယောက်နှင့် ၉ ယောက်ကစားပြီး မရှုံးသင့်ဘဲ ရှုံးခဲ့ရခြင်းဖြစ်သည်။

ထိုစဉ်က မြန်မာအသင်းကို နည်းပြချုပ်အဖြစ်မစ္စတာဂါးဗလောက်၊ လက်ထောက်နည်းပြအဖြစ်ဦးတင်ဟန်တို့က ဆောင်ရွက်ခဲ့ကြသည်။ ယခု အယ်လ်ဂျီဖလားပွဲ၌ လက်ထောက်နည်းပြအဖြစ် လိုက်ပါသွားခဲ့ကြသော ဦးကြည်လွင်နှင့် ဦးတင်မြင့်အောင်တို့ ထိုစဉ်က ကစားသမားများအဖြစ် ပါဝင်ခဲ့ကြသည်။

မြန်မာအသင်းအနေဖြင့် ဗီယက်နမ်အသင်းအပေါ် တင်ရှိနေသော ရှုံးကြွေးကို ဗီယက်နမ်မြေပေါ်၌ အတိုးချဆပ်ကြရမည်ဖြစ်သည်။ ဗီယက်နမ်ကိုနိုင်ခဲ့လျှင် အုပ်စုတက်ရန်သေချာပြီး ဖိုလ်စွဲနိုင်သည်အထိ အလားအလာကောင်းသွားမည်ဖြစ်သည်။ ယခု မြန်မာအသင်းသည် ယခင်နည်းပြချုပ် ဒေးဗစ်ဘုသ် တာဝန်ယူခဲ့စဉ်ကကဲ့သို့ ကစားကွက်နှင့်နည်းဗျူဟာမဟုတ်တော့ဘဲ လူငယ်နှင့် လူကြီးပေါင်းစပ်ထားသည့် ကစားအားကောင်းမွန်သော အသင်းဖြစ်လာသည်။

နည်းပြချုပ် ဒေးဗစ်ဘုသ်က ၃-၅-၂ပုံစံကစားကွက်ကို အခြေခံကစားခဲ့သော်လည်း နည်းပြချုပ်ဦးတင်ဟန်သည် ၄-၄-၁-၁ပုံစံဖြင့် လူနေရာချထားပြီးတစ်သင်းလုံးဆင်း၊တစ်သင်းလုံးတက်ကစားသည့် နည်းဗျူဟာချမှတ်ထားသည်။ လူနှင့်နေရာပုံသေမထားဘဲ လိုအပ်သလိုပြောင်းလဲကစားစေရာ အသင်းလိုက်လျင်မြန်ပြီး ပို၍မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာသည်။ အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါပြည်နယ်မှ မိုဟမ်ဘာဂမ်အသင်းနှင့်ခြေစမ်းပွဲပထမပွဲစဉ်၌ မြန်မာအသင်းက လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ရာ ကစားကွက်နှင့် ကစားအားကောင်းမွန်ပြီး ဂိုးသွင်းစွမ်းရည်လည်း တက်လာသည်။

မြန်မာအသင်း

မြန်မာ့လက်ရွေးစင်အသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝေယံအောင်၊ အုပ်ချုပ်သူနည်းပြအဖြစ် ဦးခင်မောင်ကြိုင်၊ နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့်ဦးတင်မြင့်အောင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများ အဖြစ် **(ဂိုး)**အောင်အောင်ဦး၊ ထွန်းထွန်းလင်း၊ **(နောက်တန်း)**မင်းသူ၊ ဇော်ထက်အောင်၊ စိုးမြတ်မင်း၊ စိုးလင်းထွန်း၊ အောင်ဝင်းနိုင်(ခ)အောင်ဇော်မျိုး၊ ဝင်းမင်းထွဋ်၊ မိုးကျော်သူ၊ **(အလယ်တန်း)** မာလ၊ စန်းမောင်၊ ဇော်ဇော်၊ အောင်ကျော်မိုး၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ **(ရှေ့တန်း)**ရန်ပိုင်၊ ဇော်ထိုက်နှင့် ထွန်းမင်းဦးတို့ပါဝင်ကြသည်။

အားကစားသမား ၁၈ဦးအနက် အောင်အောင်ဦး**(ဂိုး)**၊ မင်းသူ၊ စိုးမြတ်မင်း၊ စိုးလင်းထွန်း၊ မိုးကျော်သူ၊ ဇော်ဇော်၊ အောင်ကျော်မိုး၊ ရန်ပိုင်၊ စန်းမောင်နှင့်ဇော်ထိုက်တို့သည် ယခင်မြန်မာ့လက်ရွေးစင်အသင်းများ၌ ပါဝင်ခဲ့ကြဖူးသည်။ ထွန်းထွန်းလင်း(ဂိုး)၊ ဇော်ထက်အောင်၊ အောင်ဝင်းနိုင်(ခ) အောင်ဇော်မျိုး၊ ဝင်းမင်း ထွဋ်၊ မာလ၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်နှင့် ထွန်းမင်းဦးတို့သည်လူငယ် လက်ရွေးစင်များအဆင့်မှ လက်ရွေးစင်အသင်းသို့ ပထမဆုံးအကြိမ်တက်လှမ်းလာကြခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လူငယ်အများစုကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။ မင်းသူနှင့်မိုးကျော်သူတို့မှလွဲလျှင်လူငယ်များဟုဆိုနိုင်ပြီး ကြံ့ခိုင်မှု၊ လျင်မြန်မှုနှင့်သက်လုံပိုင်းတွင်စိတ်ကြိုက်ကစားနိုင်သော အနေအထားပင်ဖြစ်သည်။ နည်းပြချုပ် ဦးတင်ဟန်၏ကြံ့ခိုင်မှုနှင့် လျင်မြန်မှုကိုဦးစားပေးသော ရှေ့နောက်တက်ဆင်းကစားဟန်ကိုအံ့ဝင်အောင်ကစားနိုင်ကြသည်။

ဗီယက်နမ်အသင်း

ဗီယက်နမ်လက်ရွေးစင် အသင်းသည်အုပ်စုပထမဖြင့်အကြိုဗိုလ်လုပွဲတက်နိုင်မည်ဟုအားခဲထားဟန်တူသည်။ ဗီယက်နမ်နိုင်ငံတွင်အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲများနှင့်ရှုံးထွက်ဖလားပြိုင်ပွဲများရပ်နားထားချိန်ဖြစ်၍အားကစားသမားများစုံလင်စွာဖြင့် ဗီယက်နမ်လက်ရွေးစင်အသင်းကိုဖွဲ့စည်းထားသည်။ ဗီယက်နမ်အသင်းသည် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲအပြီး စက်တင်ဘာ ပထမပတ်အတွင်း၌ ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲအဖြစ်ဟန်နွိုင်းမြို့၌တောင်ကိုရီးယားအသင်းနှင့်ကစားရန်ရှိသည်။

ဗီယက်နမ်လက်ရွေးစင် အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့်တိုက်ဂါးဖလားပွဲအတွက်ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ရာ အယ်လ်ဂျီဖလားပွဲမှာ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသကဲ့သို့ အတွေ့အကြုံကောင်းများ ယူမည်ဖြစ်သည်။ ဗီယက်နမ်လက်ရွေးစင်အသင်းတွင် ဖန်ဗန်တီအမ်၊ လီဟွန်ဒတ်နှင့်ဖန်ဗန်ကူရင်စသည့်နာမည်ကြီးဘောလုံးသမားများပါဝင်လျက်ရှိသည်။ ၂၀၀၃ ခုနှစ်အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် အိန္ဒိယအသင်းကိုသုံးဂိုး-နှစ်ဂိုးဖြင့်ရှုံးကာ ဒုတိယဖြင့်ကျေနပ်ခဲ့ရသော ဗီယက်နမ်အသင်းအနေဖြင့် ယခုနှစ်တွင် ဖိုလ်စွဲရန် အားခဲထားမည်ဖြစ်သည်။ ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့သည် ၂၀၀၂ ခုနှစ် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ၌ နောက်ဆုံးဆုံတွေ့ခဲ့ရာ ဗီယက်နမ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီယက်နမ်လူစာရင်း

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမား ၂၆ဦးပါဝင်သော ဗီယက်နမ်လက်ရွေးစင်အသင်း၏ လူစာရင်းကို ထုတ်ပြန်ခဲ့ရာ **(ဂိုး)** ဗန်ဟန်း၊ ဟွန်စန်း၊ မင်းကွမ်း၊ **(နောက်တန်း)** အန်စောင်၊ မန်းမောင်၊ ဒွေကွမ်း၊ ကွမ်ထရိုင်၊ ဒွေဟွန်း၊ ဟွေဟွန်း၊ ဗန်နီဖင်၊ ဗန်ထရှိုင်ဒတ်သန်၊ **(အလယ်တန်း)** ဗန်ဒန်၊ ဟူးသန်း၊ မင်းဖျောင်း၊ တိုင်အန်း၊ ထရန်ကီယင်၊ ထရောင်ဂျီယန်၊ ဟွန်မင်း၊ **(ရှေ့တန်း)** လီဟွန်ဒတ်၊ ဖန်ဗန်ကုယင်၊ ဗန်သန့်၊ ကွန်ဗင်း၊ မင်းဟိုင်၊ ဒတ်မန်နှင့် ဘောင်စန်းတို့ပါဝင်ကြသည်။

ဗီယက်နမ်လက်ရွေးစင်အသင်းကို ဘရာဇီးလူမျိုးနည်းပြ အက်စင်တာဗာရက်စ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ အုပ်စု(ခ)၌ ပါဝင်သော ဟိုချီမင်းလူငယ်အသင်းသည် ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေသော အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းဖြစ်သည်။

ပြည်တွင်းနည်းပြ

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲဝင် အုပ်စု(က)မှ အသင်းများအနက် မြန်မာအသင်း တစ်သင်းသာလျှင် ပြည်တွင်းနည်းပြဆရာများက တာဝန်ယူခြင်းဖြစ်ပြီး ဗီယက်နမ်နှင့် အိန္ဒိယအသင်းတို့ကို နိုင်ငံခြားနည်းပြများက တာဝန်ယူလျက်ရှိကြသည်။ အိန္ဒိယအသင်းကို အင်္ဂလန်လူမျိုးနည်းပြ ကွန်စတိုင်းက တာဝန်ယူမည်ဖြစ်သည်။ ပြည်တွင်းနည်းပြများ တာဝန်ယူသော မြန်မာအသင်းနှင့် ဘရာဇီးနည်းပြ ကိုင်တွယ်သော ဗီယက်နမ်လက်ရွေးစင်အသင်းတို့၏ ပွဲစဉ်၌ အနိုင်အရှုံးရလဒ် မည်သို့ထွက်ပေါ်လာမည်ကို စောင့်စားကြည့်ရှုကြရမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပိုလ်တထောင်စေတီရင်ပြင်၌ တရားတော်များဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၉

ဩဂုတ်၂၃ရက်(တနင်္လာနေ့) မွန်းလွဲ၁၂နာရီခွဲတွင်ပုဇွန်တောင်မြို့နယ် ဘုရားဖြူ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဝိနယပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ ဆရာတော်ကြီးက လည်းကောင်း၊ ညနေ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မိတ္ထီလာမြို့ မြို့ရှေ့တိုက် ရွှေဘုံသာကျောင်း ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဝိဇ္ဇောဒယ(အဂ္ဂမဟာပဏ္ဍိတ)ဆရာတော်ကြီးက လည်းကောင်း၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သား ပေါင်းစုံမွှာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၁၉

အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။(အပေါ်ပုံ)

အခမ်းအနားတွင် ယမန်နှစ် ချန်ပီယံများဖြစ်သည့် ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်းတို့မှ ပထမဒိုင်းဆုကြီးများပြန်လည်အပ်နှံရာ ဝန်ကြီးက လက်ခံရယူပြီး အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲတွင် ရိုးရာစစ်တုရင်ပြိုင်ပွဲဝင်အသင်း ခြောက်သင်းမှ စစ်တုရင်ကစားသမား ၃၀၊ အသက် (၂၀)နှစ်နှင့်အောက် လူငယ်စစ်တုရင်ပြိုင်ပွဲဝင်အသင်း ခြောက်သင်းမှ စစ်တုရင်ကစားသမား၃၀၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် ၁၁ သင်းမှ ပြိုင်ပွဲဝင်စစ်တုရင်ကစားသမား ၆၆ စုစုပေါင်း ၁၂၆ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အားပေးနိုင်

ပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ နေ့စဉ်နံနက် ၉နာရီမှ စတင်ကျင်းပလျက်ရှိပြီး စစ်တုရင်ဝါသနာရှင်များ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

❒ *ကျောဖုံးမှ*

တွင် အဆင့်အတန်းမြင့်မြင့်ပါဝင်ယှဉ်ပြိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကျင်းပရန်စီစဉ်

ယခုအခါ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် မြို့ကြီးကိုးမြို့၌ (၁၅)ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မန္တလေး၊ ပဲခူး၊ ပြည်၊ တောင်ကြီး၊ မော်လမြိုင်၊ မကွေးမြို့၊ လားရှိုးမြို့၊ မြစ်ကြီးနားမြို့နှင့် ပုသိမ်မြို့တို့တွင် တာဝေးအပြေးပြိုင်ပွဲများကို အဖွဲ့များခွဲကာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါတာဝေးအပြေးပြိုင်ပွဲ ကျင်းပမည့်အကြောင်း နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှု၊ နိုင်ငံအတွက် အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများ ရှာဖွေခြင်း၊ ဆုကြေးများ တိုးမြှင့်ခြင်း၊ နည်းပြချုပ်၊ နည်းပြများထောက်ပံ့မှုနှင့် လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်း ထောက်ပံ့ခြင်းနှင့်ပတ်သက်၍ မြန်မာ့အလင်းက ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင်နှင့် နည်းပြချုပ်ဖြစ်သူဦးကျော်ခင်နှင့်တွေ့ဆုံမေးမြန်းခဲ့သည်။

တာဝေး၁၅ကီလိုမီတာအပြေးပြိုင်ပွဲ

နည်းပြချုပ် ဦးကျော်ခင်က ပြောကြားရာတွင် "တာဝေး ၁၅ကီလိုမီတာအပြေးပြိုင်ပွဲကို စက်တင်ဘာလမှစတင်ပြီး မြို့ကြီးကိုးမြို့တွင် ကျင်းပရန်စီစဉ်ထားကြောင်း၊ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆုကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆုကျပ်ငါးသောင်း၊ စတုတ္ထဆုကျပ်သုံးသောင်း၊ ပဉ္စမဆုကျပ်နှစ်သောင်း၊ ဆဋ္ဌမဆုကျပ်တစ်သောင်းနှင့် သတ္တမမှဒသမအထိ ကျပ်ငါးထောင်စီ ချီးမြှင့်ပြီး ပြိုင်ပွဲကျင်းပစရိတ် တစ်မြို့လျှင် ကျပ်တစ်သိန်းစီ ထောက်ပံ့မည်ဖြစ်သည်။ ပြိုင်ပွဲစည်းကမ်းအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။ အသက်(၁၄)နှစ်ပြည့်ပြီးအသက်(၂၄)နှစ်အတွင်းဖြစ်ရမည့်အပြင် သတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းအလိုက်သာယှဉ်ပြိုင်ခွင့်ရှိပြီး နိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်အားကစားသမားများ၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ၊ ချစ်ကြည်ရေးပြိုင်ပွဲများ၊ ငါးနှစ်အတွင်း မီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀၊ မာရသွန်ပထမရရှိခဲ့သူ (ပြည်နယ်နှင့်တိုင်း)လူငယ်ပြိုင်ပွဲများနှင့် ငါးနှစ်အတွင်း အမျိုးသားတံခွန်စိုက်(အလွတ်တန်းပြိုင်ပွဲ၊ ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများ) မီတာ ၅၀၀၀၊ မီတာ၁၀၀၀၀နှင့်မာရသွန်ပြိုင်ပွဲများတွင် ပထမနှင့် ဒုတိယရရှိခဲ့သူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း၊ ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ဖိတ်ခေါ်ပြိုင်ပွဲကြီးတစ်ရပ်ကျင်းပ၍ (အမျိုးသား၊အမျိုးသမီး) တစ်ဦးချင်း ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းငါးသောင်း၊ တတိယဆု ကျပ်နှစ်သိန်း၊စတုတ္ထဆုကျပ် တစ်သိန်းငါးသောင်း၊ ပဉ္စမဆုကျပ် တစ်သိန်း၊ ဆဋ္ဌမဆု ကျပ်ခုနစ်သောင်းငါးထောင်၊ သတ္တမဆုကျပ်ငါးသောင်းနှင့် အဋ္ဌမမှ ဒသမအထိကျပ်နှစ်သောင်း ငါးထောင်စီချီးမြှင့်မည်ဖြစ်ပြီး အသင်းလိုက် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊တတိယဆုကျပ်နှစ်သိန်း စသည်ဖြင့် ထိုက်ထိုက်တန်တန် ဆုကြေးများ ပေးအပ်ချီးမြှင့်ပြီး ပြေးခုန်ပစ် ဗီဇထူးချွန်သည့်အားကစားသမားများ၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မက်မောလောက်သည့်ဆုကြေးများကို ပေးအပ်ချီးမြှင့်သွားမှာဖြစ်ကြောင်း" ပြောကြားသည်။

ဆုကြေးပေးမှုများအစီအစဉ်နှင့်ပတ်သက်၍ ဆက်လက် ပြောကြားရာတွင် "အာရှစံချိန်သစ်တင်လျှင် သိန်းငါးဆယ်၊ အရှေ့တောင်အာရှစံချိန်သစ်တင်လျှင် ကျပ်ဆယ့်ငါးသိန်း၊ မြန်မာပြည်စံချိန်သစ်တင်လျှင် ကျပ်ငါးသိန်း၊ ဝန်ကြီးဌာနစံချိန်သစ် တင်လျှင် ကျပ်တစ်သိန်း၊ မြန်မာပြည်လူငယ်စံချိန်သစ်တင်လျှင် ကျပ်တစ်သိန်းအပြင် ပြည်နယ်နှင့်တိုင်းအလွတ်တန်းနှင့် လူငယ်စံချိန်သစ်ဆု၊ ဌာနခွဲပေါင်းစုံ စံချိန်သစ်ဆုများ ချီးမြှင့်သွားမှာဖြစ်ပြီး ၂၀၀၅ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ကျပ်သိန်းငါးဆယ် အဖွဲ့ချုပ်ကချီးမြှင့်မည်ဖြစ်ပြီး ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ မက်မောလောက်သည့်ဆုကြေးများနှင့် ထောက်ပံ့ကြေးများကို အဖွဲ့ချုပ်ကစီစဉ်ဆောင်ရွက်ရခြင်းမှာ ပြေးခုန်ပစ်အားကစားနည်း အဆင့်အတန်းမြင့် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ပြေးခုန်ပစ် အားကစားသမားများ ပြည်သူလူထု အတွင်းစိတ်ဝင်စားပြီး ပျံ့နှံ့စေရန် ရည်ရွယ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း၊ ရွက်ပုန်းသီး မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွန်းလာပြီး အမိနိုင်ငံ ဂုဏ်ဆောင်နိုင်မည့် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍လည်းကောင်း၊ ထိုက်တန်သည့်ဆုကြေးများချီးမြှင့်ခြင်း ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ပြေးခုန်ပစ်အားကစားသမားများအနေဖြင့် စိတ်ဓာတ်ကြံ့ခိုင်ပြီး လေ့ကျင့်မှုအားကောင်းလာလျှင် မိမိဘဝတစ်သက်တာအတွက် ထိုက်ထိုက်တန်တန်ဆုကြေးများကို အဖွဲ့ချုပ်မှ စီစဉ်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရနှင့် စေတနာရှင်အလှူရှင်များ၏ အထူးအားပေးနေချိန်တွင် ပြေးခုန်ပစ်အားကစားသမားများ မိမိစိတ်ပါဝင်စားသည့် အားကစားကဏ္ဍအလိုက် ပြင်းပြင်းထန်ထန် လေ့ကျင့်ကြိုးစားသွားလျှင် မိမိဘဝခိုင်မာမှုရှိလာသကဲ့သို့ ပြေးခုန်ပစ်အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်မှာ ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

မွန်မြတ်ကရုဏာ နာရေးကူညီမှု အသင်းသို့ ညောင်ပင်လေးပလာဇာ မိသားစုက နိဗ္ဗာန်ယာဉ်တစ်စီးပေးအပ်လှူဒါန်းခြင်းနှင့် လုပ်ငန်းပြန်လည်စတင်ခြင်း အခမ်းအနားကိုဩဂုတ်၁၅ရက်က ရွှေပေါက်ကံမြို့ အောင်လေးအောင်ကျောင်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် ရွှေပြည်ဟိန်းကျောင်းတိုက်ဆရာတော် အရှင်ခေမာ သီရိလင်္ကာရ တို့က ဩဝါဒစကား ချီးမြှင့်စဉ်။ (က-ပ)

မူလတန်းအဆင့် ကျောင်းသူကျောင်းသားများ ဉာဏ်စမ်းပဟေဠိပြိုင်၊ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ပညာရေးဝန်ကြီးဌာန အမှတ် (၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ၏ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို(စီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဆုရရှိ

ပြိုင်ပွဲတွင် ပထမဆု အထက (၂) ဗိုလ်တထောင်မှ မောင်အောင်မြင့်မြတ်၊ ဒုတိယဆု အလက(၁)ဒဂုံမှ မကြည်လဲ့နှင်းနှင့် တတိယဆု အလက(၃)ဗဟန်းမှ မောင်ဉာဏ်လင်းထက်နှင့် နှစ်သိမ့်ဆု အထက(၄) ဗိုလ်တထောင်မှ မခင်စန္ဒာမျိုးတို့ ရရှိကြသည်။

ပေးအပ်

ဆုရရှိသူများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းသားမိဘများနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ဆန်ပြန်လည်ကြိတ်ဖွပ်ရောနှောစက်ရုံဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံစစ်ဆေး လုပ်ငန်းများယခုထက် ပိုမိုတိုးချဲ့လုပ်ဆောင်ရန် မှာကြား

ရန်ကုန် ဩဂုတ် ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ်ရှိ အမှတ်(၂၈၂)ဆန်ပြန်လည်ကြိတ်ဖွပ်ရောနှောစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ကြိတ်ခွဲထုတ်လုပ်မှုများနှင့် အရည်အသွေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက်စက်ရုံဝင်းအတွင်းအရိပ်ရပင်၊ ပန်းအလှပင်များနှင့် ပျိုးခင်းများ၊ စပါးစိုက်ပျိုးထားရှိမှုများ၊ မွေးမြူရေး ဆောင်ရွက်ထားရှိမှုများ၊ ငါးမွေးမြူရေးကန်များကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများကို ယခုထက် ပိုမို တိုးချဲ့လုပ်ဆောင်သွားကြရန်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၉

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၂၉ရက် နံနက်၁၀ နာရီတွင် အသင်းတိုက်တည်ရာ အမှတ် ၅၅ (L) ရန်ကုန်-အင်းစိန်လမ်းမကြီး (၁၃)ရပ်ကွက် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများ ကြွရောက်ပူဇော်နိုင်ပြီး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင် ဖုန်း-၆၈၀၉၁၃၊ ဒုတိယဗိုလ်မှူးကြီး အေးသန်းထွန်း (ငြိမ်း) ဖုန်း-၆၆၂၅၁၈၊ ဦးတင်ညို(ဖုန်း-၅၄၈၉၆၁၊ ၀၉-၃၂၈၃၄) ဒုတိယဗိုလ်မှူးကြီးသန်းထွေး(ငြိမ်း) ဖုန်း-၆၅၀၁၉၇နှင့် ဦးညိုမြင့်မောင် ဖုန်း-၇၂၇၉၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ်၁၆ ရက်က မရမ်းကုန်းမြို့နယ် (၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ပညာပါရမီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၁၇ရက်က ဗိုလ်ချို (၂)ရပ်ကွက်ရုံးတွင် စာပေတံခွန် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့် စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲဖွင့်ပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ငွေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးနေဝင်းနှင့် ရပ်ကွက်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်ယဉ်ယဉ်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(မြို့နယ် ပြန်/ဆက်)

Troy နှင့် Eraser ဇာတ်ကားများ နေပြည်တော်နှင့်ရွှေဂုန်ရုံများတွင် ရုံဝင်လာ

ရုပ်ရှင် သတင်း ထောက်

ရန်ကုန် ဩဂုတ် ၁၉

ယခုသောကြာပတ်တွင်ဒါရိုက်တာ Wolfgang Petersen ရိုက်ကူးပြီး Brad Pitt, Eric Bana, Diane

ပြုံးနေရင် သတိထား ဇာတ်ကားမှဇာတ်ဝင်ခန်း။

Kruger.တို့ပါဝင်သရုပ်ဆောင်ထားသည့် Troy ဇာတ်ကားနေပြည်တော်ရုံဝင်လာသည်။

ရှေးဂရိနိုင်ငံ စပါတာဘုရင်ခေတ်ကို ဇာတ်လမ်းဆင် ရိုက်ကူးထားပြီး ရှေးခေတ်ဘုရင့်နိုင်ငံများ၏ စစ်သူကြီးများ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား တိုက်ခိုက်ပုံများကို ရိုက်ကူးပြသထားသည်။

ရွှေဂုန်အဆင့်မြင့်ရုံတွင်ဒါရိုက်တာ Chuck Russell ရိုက်ကူးပြီး ယနေ့နာမည်ကြီးမင်းသား Arnold Schwarzenegger ပါဝင်သရုပ်ဆောင်ထားသော Eraser ဇာတ်ကားရုံဝင်လာသည်။

လက်နက်ဆန်းများ ထုတ်လုပ်ပြီး တရားမဝင်ရောင်းချရန် စီစဉ်နေသောအဖွဲ့အား ဖော်ထုတ်ရန် အာနိုးအား တာဝန်ပေးလိုက်ရာ ထိုအဖွဲ့၏အဓိကပစ်မှတ်မှာ အာနိုးဖြစ်လာသည်။

အာနိုးအားသတ်ရန်လူသတ်သမားများအား လက်နက်ဆန်းများ တပ်ဆင်၍ အထူးတာဝန်ပေးလိုက်သည်။

လူသတ်သမားများကလည်းအာနိုးအားအပြတ်လိုက်လံချေမှုန်းတော့၏။ ထိုအချိန်တွင် အာနိုးက လက်နက်ခိုးထုတ်မှု အစီအစဉ်ကို ဖော်ထုတ်လိုက်ရာ အခဲမကျေသော ထိုအဖွဲ့မှ အရာရှိကြီးများက အာနိုးအား လိုက်လံသတ်ဖြတ်ပုံကို သည်းထိတ် ရင်ဖို စွန့်စွန့်စားစား ရိုက်ကူးတင်ဆက်ထားသည်။

ဇာတ်လမ်းနှင့်ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်ရိုက်ကူးပြီး) ကျော်ရဲအောင်၊ ဒွေး၊ ရာဇာနေဝင်း၊ သျှားညို၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေနှင့် မြင့်မြင့်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားသော **"ပြုံးနေရင် သတိထား"** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

ရွှေ့ဆောင်နှင့်နဝဒေးအဆင့်မြင့်ရုံများတွင် ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားသော **"ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်"** ဇာတ်ကားဆက်လက်ပြသလျက်ရှိသည်။

ဘုရင်ရုံတွင် ဒါရိုက်တာ Feroz Khan ရိုက်ကူးပြီး Fardeen Khan, Celina Jaitly နှင့် Feroz Khan, တို့ ပါဝင်သရုပ်ဆောင်ထားသော Janasheen ဇာတ်ကား ရုံဝင်လာသည်။



ဘုရင်ရုံတွင် ဝင်လာသည့် Janasheenဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

Troyဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

တန်းမြင့် မြို့မရုပ်ရှင်ရုံတွင် ဆူနီးလ်ရှက်သီး၊ ဂျက်ကီရှရော့၊ ကရစ်မားကပူးရ်တို့ ပါဝင်သရုပ်ဆောင်ထားသော Baaz ဇာတ်ကားရုံဝင်လာသည်။ ငယ်စဉ်ကတည်းက မိခင်၊ ဖခင်တို့၏ မေတ္တာ တရားငတ်မွတ်မှုကို အခြေခံရင်း ဘဝနှင့်လောကကြီးကို စိတ်နာနေရာမှ ရဲအရာရှိဖြစ်လာကာ ၎င်းစိတ်ဝင်စားသောမိန်းကလေးများကို အဆင်မပြေသည့်အခါ စိတ္တဇဆန်ဆန်သတ်ဖြတ်သည့်လူသတ်တရားခံအား သည်းထိတ်ရင်ဖို စုံစမ်းဖော်ထုတ်ပုံများကိုရိုက်ကူးထားသည်။ ။

(မြန်မာ့အလင်း)

ပါရာဂွေးအုပ်စုပထမနှင့် အီတလီအုပ်စုဒုတိယရရှိ အီရတ်အုပ်စုပထမနှင့်ကော်စတာရီကာဒုတိယရပြီး ကွာတားတက်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ



ရန်ကုန် ဩဂုတ် ၁၉

အေသင်အိုလံပစ် အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံး ပွဲစဉ်များအဖြစ် ဩဂုတ် ၁၈ရက်က ယှဉ်ပြိုင်ကစားခဲ့သော အုပ်စု(ခ)မှ ပါရာဂွေးနှင့် အီတလီတို့ပွဲတွင် ပါရာဂွေးက အီတလီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး၊ ဂျပန်နှင့်ဂါနာတို့ပွဲတွင် ဂျပန်ကတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ဃ)မှ ကော်စတာရီကာနှင့် ပေါ်တူဂီတို့ပွဲတွင် ကော်စတာရီကာ အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး မော်ရိုကိုနှင့်အီရတ်တို့ပွဲတွင် မော်ရိုကိုက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

အုပ်စု(ခ)မှ ပါရာဂွေးနှင့်အီတလီတို့ပွဲကို အေသင်မြို့ကာရာရစ်ကာကီ အားကစားကွင်း၌ ကျင်းပရာကွင်းလယ်ဒိုင်လူကြီးအဖြစ် ဒိန်းမတ်မှ လာဆင်ဂလော့စ်ဗိုက ဆောင်ရွက်ပေးသည်။

ပါရာဂွေးအသင်းက ၄း၃း၃ ပုံစံဖြင့် ကစားပြီး အီတလီအသင်းက ၄း၄း၂ပုံစံဖြင့်ကစားခဲ့သည်။ ပါရာဂွေးနှင့် အီတလီတို့ နိုင်သည့်အသင်း အုပ်စု(ခ)အုပ်စုဗိုလ်ဖြစ်မည်ဖြစ်ရာ ပွဲစသည်နှင့် နှစ်သင်းစလုံးအချိတ်အဆက်မိမိကစားခဲ့ကြရာ ပါရာဂွေးအသင်းက ပိုမိုထိုးဖောက်ကစားနိုင်ခဲ့သည်။

ပါရာဂွေးကွင်းလယ်ကစားသမားများဖြစ်သည့် ဘာရီတို၊ ဖီရူရီတိုနှင့် အင်န်စီကိုတို့ ဘောလုံးပေးပို့မှုနှင့် ဖန်တီးပေးနိုင်မှုတို့ကြောင့် ပွဲချိန် ၁၄ မိနစ်တွင် ပါရာဂွေးတိုက်စစ်မှူး ဘာအီရိုက ကွင်းလယ်မှ အင်န်စီကိုဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို အီတလီဂိုးဧရိယာအတွင်းထိဆွဲယူလာပြီး အီတလီနောက်ခံလူများ ဟန့်တားနေသည့်ကြားမှ အီတလီဂိုးသမား ပီလစ်ဇ်ဇိုလီ၏ ညာဘက်ထောင့်ကိုကန်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့သည်။

အုပ်စုပထမရ

တစ်ဂိုးပေးလိုက်ရသဖြင့် အထနေးသော အီတလီတို့ကွင်းလယ်ကစားကွက်ပြန်တည်ကာ ပါရာဂွေးဘက်သို့ တစ်ဦးချင်းရော အတွဲလိုက်ပါထိုးဖောက်ကစားသော်လည်း ပါရာဂွေးခံစစ်ကြောင်း တောင့်တင်းမှုကြောင့် ထိရောက်မှုမရှိခဲ့ပေ။ ပထမပိုင်းပြီးချိန်အထိ အီတလီတို့ချေပဂိုးမသွင်းနိုင်ဘဲရှိရာ ဒုတိယပိုင်းတွင် အီတလီမှ စကူလီအစား ဒယ်နီရိုဆီမွန်း၊ ပွဲချိန် ၆၂မိနစ်တွင် ပင်ဇီအစား ဂတ်ဘာရိနီအင်ဒရာ၊ ပွဲချိန် ၇၂ မိနစ်တွင် ပီရာလိုအင်ဒရာအစား ဒိုနာဒယ်မာကိုတို့ ဝင်ရောက်ကစားခဲ့သော်လည်း ကစားကွက် ထူးခြားပြောင်းလဲလာမှု မရှိဘဲဖြစ်ရာ ပွဲပြီးချိန်ထိ အီတလီတို့ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ရခြင်းဖြစ်သည်။ အီတလီကို အနိုင်ရရှိသဖြင့် ပါရာဂွေးသည် အုပ်စု(ခ)တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမရပြီး ကွာတားတက်ပြီဖြစ်သည်။

အုပ်စု(ခ) အုပ်စုနောက်ဆုံးပွဲအဖြစ် ဂျပန်နှင့်ဂါနာတို့ ဂရိနိုင်ငံ ဗိုလော့စ်မြို့ရှိ ပင်သက်ဆာလီကို အားကစားကွင်း၌ ဩဂုတ် ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဂရိမှဗာဆာရက်စ်က ဆောင်ရွက်သည်။

ဂျပန်တို့က ၃-၅-၂ ပုံစံဖြင့်ကစားပြီး ဂါနာတို့က ၄-၁-၅ ပုံစံဖြင့်ကစားခဲ့သည်။ ဂါနာအသင်းသည် အုပ်စုပွဲနှစ်ပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေလေးမှတ်ရနေသဖြင့်ယခုပွဲ အနိုင်ရရှိပါက ကွာတားတက်နိုင်မည်ဖြစ်ရာ အထူးကြိုးစားကစားသွားသည်။

ဂျပန်တို့ကလည်း အုပ်စုနှစ်ပွဲကစားပြီး နှစ်ပွဲစလုံးရှုံးထားသဖြင့် သိက္ခာဆယ်သည့်အနေဖြင့်အနိုင်ကစားမည်ဖြစ်ရာ ပွဲစသည်နှင့် ဂျပန်တို့က ကစားကွက်အသာစီးဖြင့် ကစားနိုင်ခဲ့သည်။

အုပ်စုမှထွက်ရ

ဂျပန်ခံစစ်မှူးများနှင့် ဂျပန်ဂိုးသမားဆိုဂါဟာတာတို့၏ အစွမ်းပြကာကွယ်နိုင်မှုကြောင့်သာ ဂိုးမပေးခဲ့ရခြင်းဖြစ်ပြီး ဂါနာတို့ကံခေကာ ဒုတိယပိုင်းတွင်လည်းချေပဂိုး ရရှိရေးမစွမ်းဆောင်နိုင်ခဲ့မှုကြောင့် ဂျပန်တို့ကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးကာ အုပ်စုမှပင် ထွက်ရပြီဖြစ်သည်။

အုပ်စု(ခ)တွင် ဂါနာနှင့် အီတလီတို့တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ချင်းတူနေသော်လည်း ဂိုးကွာခြားမှုဖြင့် အီတလီတို့အုပ်စု(ခ) အုပ်စုဒုတိယဖြင့်ကွာတားတက်ပြီဖြစ်သည်။

အုပ်စု(ဃ) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကော်စတာရီကာနှင့်နာမည်ကြီး ပေါ်တူဂီတို့ဂရိနိုင်ငံ ဟီရက်လီရိုမြို့ရှိ ပင်န်ရီတီရိုအားကစားကွင်း၌ ဩဂုတ် ၁၈ရက်က ယှဉ်ပြိုင်ကစားရာကွင်းလယ်ဒိုင်လူကြီးအဖြစ် ပါရာဂွေးမှ တော့ရက်စ်ကာရေ့စ်က ဆောင်ရွက်သည်။

ကော်စတာရီကာတို့က ၅-၃-၂ ပုံစံဖြင့်ကစားပြီး ပေါ်တူဂီတို့ကလည်း ၅-၃-၂ ပုံစံဖြင့်ကစားခဲ့ရာ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ပေါ်တူဂီတို့အနိုင်ရရှိမှ ကွာတားတက်နိုင်မည်ဖြစ်ရာပွဲစသည်နှင့် ကော်စတာရီကာအသင်းဘက်သို့ တိုက်စစ်ဖွင့်ထိုးဖောက်ကစားခဲ့သည်။

ပေါ်တူဂီရှေ့တန်းတွင် ရော်နယ်ဒိုမပါရှိဘဲ ဒင်းနီ၊ ဟူရိုအယ်မီရီဒါတို့ နှစ်ဦးထားကာ အလယ်တန်းမှ ဘိုဆင်းဝါ၊ ကာလော့စ်မာတင်နှင့် မီရီလက်စ်တို့က တိုက်စစ်ကိုဝိုင်းဝန်းအားဖြည့်ကာ ဘယ်ညာတောင်ပံများမှ ထိုးဖောက်ကစားခဲ့ရာ ပွဲချိန်၂၉မိနစ်တွင် ပေါ်တူဂီတိုက်စစ်မှူးဟူဂိုက ဂိုးရှေ့သို့ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို မနားတမ်းကန်သွင်းခဲ့သဖြင့် ပေါ်တူဂီတို့ အဖွင့်ဂိုးရရှိသွားသည်။

ဒုတိယပိုင်းတွင် ကော်စတာရီကာတို့ ကစားကွက်ပြန်လည်စိုးမိုးနိုင်ပြီး ပွဲချိန် မိနစ် ၅၀ တွင် ကော်စတာရီကာနောက်ခံလူ ဗီလာလိုဘော့စ်က ချေပဂိုးပြန်သွင်းယူနိုင်ခဲ့သည်။

အီတလီနှင့် ပါရာဂွေးတို့ အုပ်စု(ခ) အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပါရာဂွေးမှ အီဂါဘာရီတို(ယာ)နှင့် အီတလီမှ စကူလီတို့ ဘောလုံးယှဉ်လုစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချေပဂိုးပေးလိုက်ရသဖြင့်ပေါ်တူဂီတို့ ပြန်လည်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၅၄မိနစ်တွင် ပေါ်တူဂီနောက်ခံလူဂျော်ဂီက တိုက်စစ်ကိုလိုက်ပါအားဖြည့်ရင်းကော်စတာရီကာဂိုးဧရိယာ အပြင်ဘက်မှကန်သွင်းရာမှ ပေါ်တူဂီတို့ ဒုတိယဂိုးရရှိခဲ့သည်။

ချေပဂိုးရရှိ

ကော်စတာရီကာကွင်းလယ်မှ လိုပက်စ်၊ ဘရာနစ်ဇ်နှင့် ဟာနန်ဒက်ဇ်တို့က တိုက်စစ်မှူးများနှင့်အတူ ပေါ်တူဂီနောက်တန်းကို မနားတမ်းထိုးဖောက်ကစားရာပေါ်တူဂီခံစစ်ကြောင်း ပြန်လဲပြီး အမှားမှားအယွင်းယွင်းဖြစ်လျက်ရှိရာ ပွဲချိန် ၆၈မိနစ်တွင် ပေါ်တူဂီခံစစ်မှူးဖာနန်ဒိုဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး ဂိုးပေးလိုက်ရသဖြင့် ကော်စတာရီကာတို့ ချေပဂိုးရရှိသွားသည်။

အနိုင်ရရှိ

ပေါ်တူဂီဘက်သို့ ဆက်တိုက်ဖိကစားထားရာမှ ပွဲချိန် ၇၁မိနစ်တွင် ကော်စတာရီကာတိုက်စစ်မှူး ဆာဘိုရီရိုက တစ်ဂိုး၊ ပွဲချိန် ၉၁မိနစ်တွင် ကော်စတာရီကာကွင်းလယ်ကစားသမားဘရာနီစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့်ကော်စတာရီကာတို့ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲ အနိုင်ရရှိသဖြင့် တစ်ပွဲနိုင်၊ တစ်ပွဲသရေလေးမှတ်ဖြင့် ကော်စတာရီကာတို့အုပ်စု(ဃ)အုပ်စုဒုတိယဖြင့်ကွာတားတက်ပြီဖြစ်သည်။

အုပ်စု(ဃ) အုပ်စုနောက်ဆုံးပွဲအဖြစ် မော်ရိုကိုနှင့် အီရတ်တို့ဂရိနိုင်ငံ ပက်ထရာစ်မြို့ရှိ ပင်န်ပီလိုပွန်စီရာကိုအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာကွင်းလယ်ဒိုင်လူကြီးအဖြစ် အာဂျင်တီနားမှ အီလီဇိုဒိုက ဆောင်ရွက်သည်။

မော်ရိုကိုက ၅း၂း၃ ပုံစံဖြင့် ကစားပြီး အီရတ်တို့က ၃း၄း၃ ပုံစံဖြင့် ကစားရာ မော်ရိုကိုတို့ အနိုင်ကစားပြီး ဂိုးပြတ်သွင်းနိုင်လျှင် ကွာတားတက်နိုင်သည့်အခွင့်အရေးရှိရာ ပွဲစသည်နှင့် အီရတ်အသင်းဘက်သို့ တိုက်စစ်ဆင် ကစားသည်။

အဖွင့်ဂိုးရရှိ

မော်ရိုကိုအလယ်တန်းနှင့် နောက်တန်းတို့က တိုက်စစ်ကိုစတင်ကစားပေးနိုင်သော်လည်း အီရတ်နောက်တန်းမှ ဆာဒ်အတီယာ၊ ရာဇက်နှင့် အဘူအမီရာတို့ကို မကျော်နိုင်ခဲ့ပေ။ ပထမပိုင်းတွင် မည်သည့်အသင်းမျှ ဂိုးမသွင်းနိုင်ဘဲရှိရာ ဒုတိယပိုင်း ၆၃ မိနစ်တွင် အီရတ်ကွင်းလယ်ကစားသမား ဆာလစ်က ညာတောင်ပံမှ ဂိုးရှေ့သို့ ဖြတ်တင်ပေးသည့်ဘောလုံးကို ဆွဲယူကာ မော်ရိုကိုနောက်ခံလူများကြားမှ ကန်သွင်းသဖြင့် အီရတ်တို့အဖွင့်ဂိုးရရှိသွားသည်။

မော်ရိုကိုနိုင်

မော်ရိုကိုတို့ ဂိုးပေးလိုက်ရသဖြင့် အီရတ်အသင်းဘက်သို့ ကွင်းတစ်ဝက်ဖိကစားရာ ပွဲချိန် ၆၉မိနစ်တွင် မော်ရိုကိုတိုက်စစ်မှူးဘော်ဒန်က ဂိုးဧရိယာအတွင်းထိ ဘောလုံးဆွဲယူလာပြီး အပိုင်ကန်သွင်းရာမှ မော်ရိုကိုတို့ ချေပေဂိုးရရှိသွားသည်။ ပွဲချိန် ၇၇ မိနစ်တွင် လူစားဝင်လာသူ မော်ရိုကို ကွင်းလယ်ကစားသမား အကွီအလ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် မော်ရိုကိုတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မော်ရိုကိုတို့ ယခုပွဲအနိုင်ရရှိခဲ့သော်လည်း တစ်ပွဲသရေ၊ တစ်ပွဲနိုင် လေးမှတ်ချင်းတူနေသည့် ကော်စတာရီကာနှင့် ဂိုးကွာခြားချက်အရ ကော်စတာရီကာတို့အုပ်စု(ဃ) အုပ်စုဒုတိယ ရရှိပြီး ကွာတားတက်ခဲ့ရာ မော်ရိုကိုတို့ အေသင်ကိုနှုတ်ဆက်၍ အုပ်စုမှပင် ပြည်တော်ပြန်ရပြီဖြစ်သည်။

။

(မြန်မာ့အလင်း)

ဆန်စပါးနှစ်အထိမ်းအမှတ် ရန်ကုန်တိုင်းစာစီစာကုံး၊ ပိုစတာပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် အထိမ်းအမှတ်အဖြစ် ကျင်းပသော ရန်ကုန်တိုင်း စာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်တွင်လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်တွင်လည်းကောင်း အထက (၁) ပန်းဘဲတန်း ခန်းမတွင် မူလကြေညာထားသည့်အချိန်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(က-ပ)**

ကယားပြည်နယ် အခြေခံမှုကြို ဆရာမများသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၉

ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံမှုကြို ဆရာမများသင်တန်းဆင်းပွဲကို ဩဂုတ် ၁၁ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးနှင့်ဇနီး၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်သက်မွန်က အမှာစကားပြောကြားသည်။ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်က သင်တန်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေါ်ခင်သက်မွန်က သင်တန်းဆင်း လက်မှတ်ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

အငယ်တန်းစနူကာပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဆင်နွှဲမည်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်မှကြီးမှူး၍ စိန်ဝတ်မှုံကုမ္ပဏီက ပံ့ပိုးမှုဖြင့် ကျင်းပသည့် Rave Myanmar Snooker (Senior &Junior) Championship-2004 ပြိုင်ပွဲမှ Junior ကွာတားဖိုင်နယ် ပွဲစဉ်များကို ယနေ့နံနက် ၁၀ နာရီက ၃၈ လမ်းရှိ အာရှပလာဇာတွင် ကျင်းပရာ ရှမ်းပြည်နယ်မှနှစ်ဦး၊ ရန်ကုန်နှင့် မွန်ပြည်နယ်မှတစ်ဦးစီ အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အနိုင်ရရှိ

အငယ်တန်းစနူကာပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများတွင် စိုင်းထွေး(ရန်ကုန်)က တင်မောင်ဦး(မန္တလေး)ကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကျော်မိုး(ရှမ်းပြည်နယ်)က သီဟဝင်း(ရန်ကုန်)ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ခွန်ဇော်ထွေး(ရှမ်းပြည်နယ်)က အေးမင်း(မန္တလေး)ကို နှစ်ပွဲ၊ တစ်ပွဲဖြင့် လည်းကောင်း၊ သန်းဌေး(မွန်ပြည်နယ်)က မိုးအောင်သူ(ရန်ကုန်)ကို နှစ်ပွဲ၊ တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အကြိုဗိုလ်လုပွဲ

ဩဂုတ် ၂၀ရက်**(ယနေ့)** အကြိုဗိုလ်လုပွဲများအဖြစ် ကျော်မိုး(ရှမ်းပြည်နယ်)နှင့် သန်းဌေး(မွန်ပြည်နယ်)၊ စိုင်းထွေး(ရန်ကုန်)နှင့် ခွန်ဇော်ထွေး(ရှမ်းပြည်နယ်)တို့ အာရှပလာဇာ၌ နံနက် ၁၀နာရီမှစ၍ အကြိုဗိုလ်လုပွဲ ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ဩဂုတ် ၁၈ ရက်က အလက(၃) လှိုင်မြို့နယ်၏ ကျောင်းကျန်းမာရေး အစီအစဉ်အရ လှိုင်မြို့နယ် (၁၂)ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့က ကျောင်းသား ကျောင်းသူများအား အာဟာရအဖြစ် အုန်းနို့ဆန်ပြုတ် တိုက်ကျွေးစဉ်။ (က-ပ)

(၁)နှစ်ပြည့်မွေးနေ့မင်္ဂလာဆုမွန်လွှာ

၂၀–၈–၂၀၀၄ရက်တွင် ကျရောက်သောချစ်သမီးလေး 'လဝန်းရွှန်းလက်'၏(၁)နှစ်ပြည့်မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ဖေဖေ၊မေမေတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ပြီး နိုင်ငံ့အကျိုးကို သယ်ပိုး ထမ်းရွက်နိုင်သော ထူးချွန်ထက်မြက်သည့် သမီးကောင်းရတနာလေးတစ်ဦးဖြစ်ပါစေ။

ဘွားဘွားကြီးများ – ဒေါ်သန်းကြည်၊ ဒေါ်တိုးမြင့်
ဘိုးဘိုး၊ ဘွားဘွားများ – ဗိုလ်မှူးချုပ်ကျော်ဆန်း–ဒေါ်ကြည်ကြည်ဝင်း၊
ဗိုလ်မှူးချုပ်မြင့်ဇော်–ဒေါ်အေးအေးဝင်း၊
ချစ်ဖေဖေနှင့်ချစ်မေမေ – ဦးသီဟအောင်–ဒေါ်ဇင်မေအေး
ဦးဦး၊ ဒေါ်ဒေါ်များ – Dr. ဟိန်းလတ်ဝင်း–Dr. ထားကြည်ဆန်း၊
တီတီလေး သင်းကြည်ဆန်း၊
ကိုမျိုး၊ ကိုထူး၊ ကိုထက်၊
ကိုကို – ဘုန်းဟိန်းကျော်။

ရာသီဥတုဖြစ်စဉ် / ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့မိုးအသင့် အတင့်ရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

၁။ တာမွေမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃ A-၄ မြေကွက်အမှတ်(V ၂၈၈) The Metemity and Insant Welfare Socieity အမည်ရှိသော နှစ်(၉၀) ဂရန်မြေကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အမည်ပြောင်းခွင့်၊ ဂရန်မိတ္တူကူးယူခွင့် လျှောက်ထားခြင်းနှင့်

၂။ လှိုင်မြို့နယ် မြေတိုင်းရပ်ကွက် ၁၈A မြေကွက်အမှတ်(၁/၇-၂)အကျယ် အဝန်း ဝ.၁၁၃၄ ဧကရှိသော (လိုင်စင်သက်တန်း)မြေအား မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ တိုင်းမန်နေဂျာ ဦးစိန်ဝင်းက ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

၃။ အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက် ၁၀B မြေကွက်အမှတ်(၇)B အိမ်ရာမြေ အကျယ် အဝန်း ၄ ဒသမ ၀၈၈ ဧက "မောင်ဘတေ"အမည်ရှိ မြေကွက်အနက်မှ အစိတ်အပိုင်းအချို့ကို တရားရုံးဒီကရီအရ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ရန် အင်းစိန်မြို့နယ်တရားရုံး ဘီးလစ်စာရေးကြီး ဒေါ်အုန်းသွင်က မြေပုံကူးခွင့်လျှောက် ထားလာရာ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

အမွေခံသမီးအဖြစ်ပြန်လည်လက်ခံခြင်း

၁–၁၁–၂၀၀၂ရက် ကြေးမုံသတင်းစာ စာမျက်နှာ၁၅တွင်ပါ အမွေစားအမွေခံ သမီးအဖြစ်မှစွန့်လွှတ်ခံရသူကျွန်တော်၏ သမီး မစန္ဒာခိုင် ၈/မကန(နိုင်)၁၀၃၁၇၂ သည်ယခုအခါအမှားများကို ပြုပြင်လျက် ဖခင်ကြီး၏ကျန်းမာရေးကိစ္စ အဝဝတို့ကို အနီးကပ်ကျွေးမွေးပြုစု စောင့်ရှောက်နေပြီဖြစ်၍ အမွေခံသမီးအဖြစ် ၁၂–၈–၂၀၀၄ရက်မှ ပြန်လည် လက်ခံကြောင်း ကြေညာအပ်ပါသည်။

ဖခင်ဦးလှဖေ(ခ)ဦးကာဂူလီယာ
၈/မကန(နိုင်)၀၀၀၀၁၄ အမှတ် ၁၁၂၊
တမာပင်လမ်း၊ဆားစည့်ရပ်၊ မကွေးမြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်း သတင်းထောက်၊ သို့မဟုတ် စာပေလက်ထောက်–၂ (လစာနှုန်းကျပ် ၅၄၀၀–၁၀၀–၅၉၀၀)ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်စာကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ သို့မဟုတ် အင်္ဂလိပ် ဘာသာအဓိကဖြင့် တက္ကသိုလ်တက်ရောက်နေသူများ (နေ့ပိုင်း)၊ သို့မဟုတ် အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောကျွမ်းကျင်ပြီး တက္ကသိုလ်တစ်ခုခု(နေ့ပိုင်း)တွင် တက်ရောက်နေသူများ။

(ဂ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ အထက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများအား အောက်ပါအကျိုးခံစားခွင့်များခွင့်ပြုမည်–

(က) တက္ကသိုလ်(နေ့ပိုင်း)သို့ တက်ရောက်ခွင့်ပြုပြီး ကျောင်းပြီးသည်အထိ လစာကျပ် ၄၈၀၀ဝိ/ကို လစဉ် ခံစားခွင့်ပြုမည်။

(ခ) ကျောင်းတက်နေစဉ်ကာလအတွင်း လိုအပ်သလို ကူညီထောက်ပံ့ပေးမည်။

(ဂ) စာမေးပွဲကျရှုံးပါက ထောက်ပံ့ကြေးအားလုံးကို ပြန်လည်ပေးလျော်ရမည်။

(ဃ) ကျောင်းပြီးပါက အငယ်တန်းသတင်းထောက်၊ သို့မဟုတ် စာပေလက်ထောက်–၂ (လစာနှုန်း ကျပ် ၅၄၀၀–၁၀၀–၅၉၀၀)ရာထူးတွင် ခန့်ထားမည်။

(င) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း ၁၀နှစ် တာဝန်ထမ်းဆောင်ရမည်။ ပျက်ကွက်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်းခံရပါက ကျပ် ၂၅၀၀၀၀(နှစ်ဆယ့်ငါးသိန်း) ပေးလျော်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ရေးထိုးရမည်။

(စ) လုပ်ငန်းတွင် ထူးချွန်ပါက ပြည်ပသင်တန်းများသို့ စေလွှတ်သင်ကြားပေးမည်။

၄။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ညွှန်ကြားရေးမှူး(သတင်း) အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့သို့ ၂၀–၉–၂၀၀၄ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ၊

(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(ဂ) မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခပုံစံ(၂) ဓာတ်ပုံမိတ္တူတစ်စောင်၊

(ဃ) လိုင်စင်ဓာတ်ပုံနှစ်ပုံ(ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)၊

(င) ဝင်ကြေးငွေ ကျပ် ၂၀၀ ပေးသွင်းသည့် ချလန်မူရင်း၊ သို့မဟုတ် စာတိုက် ငွေပို့လွှာ (Money Order) ပြေစာမူရင်း။

၅။ စာမေးပွဲဝင်ကြေး ငွေကျပ် ၂၀၀ ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ စက်မှုလက်မှုငွေချေးဌာနစာရင်း အမှတ် (SEE 4201-N)သို့လည်းကောင်း၊ သက်ဆိုင်ရာစာတိုက်မှတစ်ဆင့်၍လုပ်ငန်း(ရုံးချုပ်)သို့ ငွေပို့လွှာ (Money Order)ဖြင့်လည်းကောင်း ပေးသွင်းရမည်။

၆။ အသေးစိတ်အကြောင်းအရာများကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) တယ်လီဖုန်းအမှတ်–၂၉၄၆၁၂ သို့ စုံစမ်းနိုင်ပါသည်။

LAZY CLUB
BEST
Sedona Hotel

SoftGuide Computer
- Microsoft Office XP
- Graphic Design
- D.T.P
- Turbo C++
- Visual Basic
- Auto CAD
- Special Course for Kid's
- Computerized Accounting (ACCPAC) (Peachtree)
☎ 382188, 09-80-23762

ပရီမီးယားလိဂ်ပွဲစဉ်များ ပြိုင်ဆိုင်မှု ပိုမိုမြင့်မားလာ ချန်ပီယံအာဆင်နယ် ရှုံးပွဲမရှိစံချိန် ဆက်ထိန်းနိုင်မည်ပါလော

ရန်ကုန် ဩဂုတ် ၁၉

အင်္ဂလန်ပရီမီးယားလိဂ်ပွဲစဉ်(၂)ကို ဩဂုတ် ၂၂ ရက်နှင့် ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ လက်ရှိချန်ပီယံအာဆင်နယ်နှင့် မစ်ဒယ်ဘရော့ပွဲသည် ပရိသတ်အကြိုက်တွေ့မည့် ပွဲကောင်းတစ်ပွဲဖြစ်နိုင်သည်။ ပွဲစဉ်(၁)၌ ခြေစွမ်းပြကစားကာ အဝေးကွင်းနိုင်ပွဲရခဲ့သော ချန်ပီယံအာဆင်နယ်အသင်း ရှုံးပွဲမရှိ စံချိန်ဆက်ထိန်းနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ကြရမည်ဖြစ်သည်။ အင်္ဂလန်ပရီမီးယားလိဂ်ပွဲစဉ်များသည် တစ်သင်းနှင့်တစ်သင်း ပြိုင်ဆိုင်မှုမြင့်မားပြီး အကြိတ်အနယ်ရှိလာဖြင့် ပွဲစဉ်(၁)၌ သရေပွဲခြောက်ပွဲရှိခဲ့ပြီး လေးပွဲသာ အရှုံးအနိုင်ပေါ်ခဲ့သည်။ နာမည်ကြီး မန်ချက်စတာယူနိုက် တက်အသင်းသည် အမာခံ ကစားသမားများ မပါဝင်ဘဲ အဝေးကွင်း၌ ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့ရာတစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ပွဲစဉ် (၂)၌ မန်ယူအသင်း အိမ်ကွင်း၌ အတန်းတက် နောစစ်ချ်နှင့် ကစားရမည်ဖြစ်ရာ အခြေအနေကောင်းနိုင်သည်။

လီဗာပူးနှင့်မန်စီးတီး

ပရီမီးယားလိဂ် ပွဲစဉ်(၂)အဖြစ် ဩဂုတ်၂၁ရက်(စနေနေ့)တွင် ရှစ်ပွဲကစားမည်ဖြစ်ရာ လီဗာပူးနှင့် မန်စီးတီး ပွဲမှာ အကြိတ်အနယ်ဖြစ်လာနိုင်သည်။ လီဗာပူးအသင်းမှ တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် စပိန်မှရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွား၍ ကစားဖော်များ စိတ်မကောင်းဖြစ်နေကြသည်။ လီဗာပူးအသင်း၏ ငယ်မွေးခြံပေါက်ဖြစ်သော မိုက်ကယ်အိုဝင်သည် လီဗာပူး၌ ဆက်နေရန်ဆန္ဒရှိသော်လည်း အသင်းတာဝန်ရှိသူများက စာချုပ်သက်တမ်းတိုးရန် အင်တင်တင်လုပ်နေ၍ ပြောင်းရွှေ့သွားခဲ့ရခြင်းဖြစ်သည်။

လီဗာပူးအသင်း နည်းပြသစ် ဘင်နီတက်ဇ် လက်ထက်၌ တိုးတက်မှုရှိမရှိ စောင့်ကြည့်ခြင်းခံနေရချိန်တွင် ယခုကဲ့သို့ မိုက်ကယ်အိုဝင် ပြောင်းရွှေ့သွားခြင်းကြောင့် လီဗာပူး ပရိသတ်များအဖို့ အားလျော့စရာဖြစ်သွားသည်။ မိုက်ကယ်အိုဝင်နေရာတွင် အစားထိုးရန်အတွက် အာဆင်နယ်မှ ပြောင်းရွှေ့ခွင့်ပြုထားသူ ဗီးလ်တော့ဒ်အား ခေါ်ယူရန် လီဗာပူးအသင်းက စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ ပွဲစဉ်(၁)၌ လီဗာပူးက အဝေးကွင်း၌ တော့တင်ဟမ်ဟော့စပါးကို တစ်ဂိုးစီသရေကျကာ တစ်မှတ်ရထားသည်။ လီဗာပူးရှေ့တန်း၌ ဆစ်စီ၊ မီလန်ဘားရို့စ်နှင့် ပွန်ဂိုလီတို့ ရှိသော်လည်း မိုက်ကယ်အိုဝင် ထွက်သွား၍ အားနည်းသွားသည်ကတော့ အမှန်ပင်။

ပွဲစဉ်(၁)၌ မန်စီးတီးက ဖူဟမ်ကို အိမ်ကွင်းတွင် တစ်ဂိုးစီ သရေကစားထားသည်။ လီဗာပူးကစားသမားဟောင်း ရော်ဘီဖောင်လာက ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သော်လည်း ဒုတိယပိုင်း၌ ချေပဂိုးအသွင်းခံခဲ့ရသည်။ မန်စီးတီးအသင်းမှ ရှောင်ရိုက် ဖီးလစ်နှင့် အနယ်ကာတို့ အသင်းပြောင်းမလိုလို သတင်းများထွက်နေရာ နည်းပြကီဗင်ကီးဂန်းအနေဖြင့် အခက်အခဲကြုံရောက် ဖြစ်နေသည်။ ယမန်နှစ်က အဆင့်(၁၆)သာရခဲ့သလို ယခုနှစ်၌လည်း တောလုံးသမားဖြည့်တင်းမှု အားရလောက်စရာ မတွေ့ရပေ။ လီဗာပူးနှင့်မန်စီးတီးတို့ ယမန်နှစ် ဆုံတွေ့မှု၌ လီဗာပူးကွင်း၌ လီဗာပူးက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး မန်စီးတီးကွင်း၌ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲကို အန်ဖီးလ်၌ကစားရမည်ဖြစ်ရာ စတီဗင်ဂျာရတ်နှင့် ဟယ်ရီကီးဝဲလ်တို့၏ အလယ်တန်းမှ ပံ့ပိုးပေးမှုဖြင့် လီဗာပူးအနိုင်ဂိုးများ ရသွားမည်ဟု ထင်မိသည်။

အာဆင်နယ်နှင့်မစ်ဒယ်ဘရော့

ပရီမီးယားလိဂ် ရာသီအကြိုအဖြစ် ကျင်းပသော ကွန်မြူနတီဒိုင်းပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံအာဆင်နယ်အသင်းသည် ပွဲစဉ်(၁)၌ အဲဗာတန်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်သည် ယမန်နှစ်ဘောလုံးရာသီ ဆုံတွေ့မှုအများ အာဆင်နယ်က အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုး၊ အဝေးကွင်း၌ လေးဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲလုံးအနိုင်ရရှိခဲ့သည်။ အာဆင်နယ်အသင်းနောက်တန်း၌ ဆိုးကမ်းဘဲလ် ဒဏ်ရာကြောင့် မကစားနိုင်သော်လည်း ကိုလိုတိုရေးနှင့်ဆိုင်ဂန်တို့ ခြေစွမ်းပြကစားလျက်ရှိသည်။ ဆိုးကမ်းဘဲလ်ကို ဂျူဗင်တပ်စ်က မျက်စိကျပြီး ကမ်းလှမ်းမှုများ ပြုလုပ်နေသည်ဟု သတင်းများထွက်နေသည်။ အာဆင်နယ်တိုက်စစ်မှူးရေးယက်စ်ခြေစွမ်းပြပြီး အွန်နရီနှင့် အတွဲအဖက်မိနေသလို အလယ်တန်းမှ ယွန်ဘတ်၊ ပီးရက်စ်နှင့် ဘားကင့်တို့ကလည်း ဂိုးသွင်းခြေမြူးနေရာ အာဆင်နယ် နိုင်ပွဲဆက်မည်ဟု ထင်မိသည်။ အာဆင်နယ်နှင့် မစ်ဒယ်ဘရော့ကို ဩဂုတ် ၂၂ရက်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မြဝတီရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသဖွယ်ရှိသည်။

ရာသီက ရှုံးပွဲမရှိ ချန်ပီယံဖြစ်ခဲ့ရာ ယခုနှစ်တွင်လည်း ချန်ပီယံခြေစွမ်းမျိုး ပြသနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် သေချာသလောက်ရှိနေပြီဟု သတင်းများ ထွက်ပေါ်ခဲ့သော အသင်းခေါင်းဆောင် ဗီယာရာ အာဆင်နယ်၌ပင် ဆက်နေရန် ဆုံးဖြတ်လိုက်ရာ နည်းပြ အာဆင်ဝင်းဂါးအဖို့ စိတ်အားတက်ခဲ့ရပြီး အဲဗာတန်ကို အနိုင်ရရှိပြီးနောက် "နောက်ထပ်ရှုံးပွဲမရှိ ရာသီတစ်ခုကို ကျော်ဖြတ်ရန် ကြိုးစားသွားမည်" ဟု ပြောကြားခဲ့သည်။

မစ်ဒယ်ဘရော့အသင်းသည် ပွဲစဉ်(၁)၌ နယူးကာဆယ်နှင့် နှစ်ဂိုးစီသရေ ကျခဲ့သည်။ အိမ်ကွင်း၌ ကစားရသော်လည်း နယူးကာဆယ်ကို နောက်မှလိုက်၍ ဂိုးသွင်းပြီး တစ်မှတ်ရခဲ့ခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့ တိုက်စစ်မှူး ဟက်ဆယ်ဘိန့်ခ် သွင်းယူသော ဒုတိယချေပဂိုးမှာ လက်နှင့်ပုတ်သွင်းခြင်းဖြစ်သည်ဟု နယူးကာဆယ်နည်းပြကြီး ဘော်ဘီရော့ဆင်က ဝေဖန် ပြောကြားခဲ့သည်။ မစ်ဒယ်ဘရော့အသင်း၌ ဟက်ဆယ်ဘိန့်ခ်နှင့် ပါလာနင့် ရိုင်ဗီဂါတို့ ပါဝင်ကစားခဲ့သော်လည်း ထင်သလောက် ခြေစွမ်းမပြနိုင်သေးပေ။ ကစားသမား အင်အားဖြည့်တင်းမှု အကြီးအကျယ်ပြုလုပ်ထား၍ စောင့်ကြည့်ခြင်းခံနေရသော မစ်ဒယ်ဘရော့အသင်း၏ ခြေစွမ်းကို အာဆင်နယ်နှင့်ပွဲ၌ မှတ်ကျောက်တင်ခံရမည်ဖြစ်သည်။



ဩဂုတ် ၁၅ရက်က စတန်းဖို့ဘရစ်(ဂျ်)ကွင်း၌ ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက်တို့ ကစားသည့်ပွဲတွင် ချယ်လ်ဆီး အသင်းမှ ဖရန့်လမ်းပတ်က မန်ယူအသင်းမှ ကွင်းတန်ဖော်ကျွန်း၏ ထိုးဖောက်မှုကို လျှောထိုး ဖျက်ထုတ်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကိုထွေး

လိုက်ခ်မိရန် ခက်ခဲသွားနိုင်သည်။ မန်ယူရှေ့တန်းမှ နစ္စတယ်ရွိုင်းက အရှုံးပေါ်ခဲ့ ခွဲစိတ်ရမည်ဖြစ်သလို လူးစဗွေရာဟာ ကလည်း တစ်လခန့်နားနေရဦးမည် ဖြစ်သည်။ ပေါ်တူဂီနှင့်အတူ အိုလ်ပစ်ဘောလုံးပြိုင်ပွဲ ကစားနေသော ရိုနယ်ဒို ကလည်း ကြံ့ခိုင်မှုအပြည့်အဝမရှိဟု ပြောကြားခဲ့ရာ မန်ယူအတွက် စိတ်ချရမိမြေစရာပင် ဖြစ်သည်။

ပထမတန်းမှ တက်လာသော နောစစ်ချ်သည် ပွဲစဉ်(၁)၌ ရစ္စတယ်ပဲလေ့စ်ကို တစ်ဂိုးစီသရေကျထား၍ အမှတ်ပေးဇယား၌ မန်ယူအထက်တွင် ရှိနေသည်။ အိမ်ကွင်း၌ ဟက်ကာဘီ၏ သွင်းဂိုးဖြင့် ဦးဆောင်မှုရခဲ့ပြီး ဒုတိယပိုင်း၌ ချေပဂိုး ပြန်ပေးခဲ့ရသည်။ နည်းပြနိုက်ဂယ်ဝါသင်တန်း၏ နောစစ်ချ် အသင်းသည် ယမန်နှစ်က ပထမတန်း ချန်ပီယံဖြစ်ခဲ့ပြီး ပရီမီးယားလိဂ်သို့ တက်လာပြီးနောက် ကစားသမားနှစ်ဦးတိတိ အင်အားဖြည့်တင်းထားသည်။ မန်ယူသည် ချယ်လ်ဆီးကို ရှုံးခဲ့သော်လည်း ခြေအားဖြင့် မကွာလှပေ။ ဒုတိယပိုင်း၌ မန်ယူကပင် ကစားကွက်ကောင်းပြီး ဖိကစားနိုင်ခဲ့သည်။ အမာခံ ကစားသမားများ မပါဝင်သော်လည်း အသင်းလိုက်ကစားကွက် အသားကျနေ၍ ပုံမပျက်ခဲ့ခြင်းဖြစ်သည်။

မန်ယူရှေ့တန်း၌ အလန်စမစ် တစ်ဦးတည်းနှင့် အလုပ်မဖြစ်ဘဲ ဖော်လန်ကလည်း သာမန်မျှသာ ရှိသည်။ ဂိုးရှိရေးအတွက် ရိုင်ယန်ဂစ်နှင့် ပေါလ်စခိုးလ်တို့ကိုသာ အားထားရမည်ဖြစ်သည်။ နောစစ်ချ်အသင်း အဝေးကွင်း၌ သရေလောက်မှန်း ကစားမည်ဖြစ်သော်လည်း အိုးထရက်ဖို့၌ မန်ယူတို့ အမှတ်ပြည့်ရသွားဖွယ်ရှိသည်။ လိဒ်ခ်မှပြောင်းလာသော အလန်စမစ်က မန်ယူအတွက် ဂိုးသွင်းယူနိုင်ဖွယ် ရှိသကဲ့သို့ အားနည်းလှသော မန်ယူနောက်တန်းကို ကျော်ဖြတ်၍ နောစစ်ချ်မှ ဘနီတလေနှင့် ဆာဗင်ဆင်တို့ ဂိုးသွင်းခဲ့လျှင်လည်း အံ့ဩစရာမဟုတ်ပေ။

ဘာမင်ဂမ်နှင့် ချယ်လ်ဆီး

ချန်ပီယံလိဂ်၌ မန်ယူကို အနိုင်ရခဲ့သလို ပရီမီးယားလိဂ်အဖွင့် ပွဲစဉ်၌ ထပ်မံအနိုင်ယူသွားသော ချယ်လ်ဆီး နည်းပြ မော်ရင်ဟို၏ ပညာနန်းကို ဘာမင်ဂမ်နှင့်ပွဲ၌ စမ်းသပ်ရမည်ဖြစ်သည်။ ဘာမင်ဂမ်နှင့်ပွဲ၌ စမ်းသပ်ရမည်ဖြစ်သည်။ ဘာမဆိုဖြစ်လာနိုင်သော ပရီမီးယားလိဂ်ပွဲစဉ်များ၌ အိမ်ကွင်းမာသော ဘာမင်ဂမ်ကို ချယ်လ်ဆီးတို့ အနိုင်ရမည်လားဆိုသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။ ဘာမင်ဂမ်အသင်းသည် ပွဲစဉ်(၁)၌ ပို့စ်မောက်ကို အဝေးကွင်းတွင် တစ်ဂိုးစီသရေကစားထားသည်။ ဘာမင်ဂမ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပယ်နယ်တီမှတ်ဆင့် ချေပဂိုးပြန်ပေးခဲ့ရသည်။

ဘာမင်ဂမ်အသင်းသည် မစ်ဒယ်ဘရော့နည်းတူ ကစားသမားခေါ်ယူမှု အကြီးအကျယ် ပြုလုပ်ထားသည်။ လီဗာပူး ဟက်စကီး၊ ချယ်လ်ဆီးမှ ဂျွန်ဂျာနှင့် မန်ချက်စတာမှ မူဗီအစ်ဖက်တို့ကို ခေါ်ယူခဲ့ရာ ယခင်နှစ်ထက် ပို၍ တောင့်တင်းမှုရှိလာသည်။ ရော်ဘီဖော်လာဖော့ချ်ကလည်း ဂိုးသွင်းခြေမြူးနေရာ အိမ်ကွင်း၌ ချယ်လ်ဆီးကို ရဲရဲတင်းတင်း ဖွင့်ကစားနိုင်သည်။ ယမန်နှစ် ဆုံတွေ့မှု၌ ဘာမင်ဂမ်ကွင်း၌ ဂိုးမရှိသရေကျခဲ့ပြီး ချယ်လ်ဆီးကွင်း၌ ချယ်လ်ဆီးက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းသည် မန်ယူကို တစ်ဂိုးသာ သွင်းနိုင်ခဲ့သော်လည်း ယမန်နှစ် ချယ်လ်ဆီးထက်စာလျှင် တစ်ဦးချင်းရော အသင်းလိုက်ပါ ကောင်းမွန် လာသည်။ အထူးသဖြင့် နောက်တန်း တောင့်တင်းမှုရှိလာသည်။ ယခင် ချယ်လ်ဆီးနောက်တန်းက အမှားများပြီး လေးလှန်းလှ၍ တန်ပြန်တိုက်စစ်ဖြင့် ထိုးဖောက်ခံရလျှင် ဂိုးပေးရလေ့ ရှိသည်။ ချက်ဂိုးသမား ပီတာဆက်ချ်ကလည်း ယခင်ဂိုးသမားများထက်စာလျှင် အမှားနည်းပြီး လျင်မြန်မှုနှင့် တည်ငြိမ်မှုရှိသည်။ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဂဘာကို အမှမ်းတင် ရေးသားလျက်ရှိကြရာ ယခုပွဲ၌ ဂိုးရရေးစောင့်ကြည့်ရပေမည်။ ဘာမင်ဂမ်ကို ယမန်နှစ်ကဲ့သို့ အိမ်ကွင်း ရလဒ် ကောင်းခဲ့လျှင် အလှန်ဆုံး သရေသာဖြစ်နိုင်ပြီး ချယ်လ်ဆီးက ပွတ်ကာသီကာ ကပ်နိုင်သွားရန် အလား အလာ များသည်။

မန်ယူနှင့် နောစစ်ချ်

အမာခံကစားသမားများ မပါဝင်သည့် မန်ချက်စတာယူနိုက်တက်အသင်းသည် ကွန်မြူနတီဒိုင်းကိုလက်လွတ်ခဲ့ရပြီးနောက် ပွဲစဉ်(၁)၌ ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ကာ ပွဲဦးထွက် မျက်နှာပန်းမလှဖြစ်သွားရသည်။ ပွဲစဉ် (၂) ၌ အတန်းတက် နောစစ်ချ်နှင့် ကစားရမည်ဖြစ်၍ အသက်ရှူချောင်သည်ဟုဆိုသော်လည်း သရေပင် အဖြစ်ခံ၍ မရပေ။ ရာသီအစပိုင်းပွဲစဉ်များတွင် နိုင်သင့်သောပွဲများ၌ အမှတ်ပြည့် မယူနိုင်ခဲ့လျှင် ထိပ်ပိုင်းမှ အသင်းများကို

အခြားပွဲစဉ်များ

ပွဲစဉ်(၁)၌ သရေပွဲ အဖြစ်များခဲ့ရာ ပွဲစဉ် (၂)၌လည်း သရေကျသောပွဲများ ရှိလာနိုင်သည်။ စိန့်မေရီကွင်း၌ ကစားမည့် ဆောက်သမ်တန်နှင့် ဘလက်ဘန်းပွဲမှာ ခြေမကွာသောအသင်းများဖြစ်၍ သရေပွဲဖြစ်နိုင်သည်။ ယမန်နှစ်ဆုံတွေ့မှု၌ ဆောက်သမ်တန်ကွင်း၌ ဆောက်သမ်တန်က နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဘလက်ဘန်းကွင်း၌ ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ်(၁)၌ ဆောက်သမ်တန်က အက်စတွန်ဗီလာကို နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးထားသည်။ ဘလက်ဘန်းက အိမ်ကွင်း၌ အတန်းတက်ဝက်စ်ဘရွန်ကို နောက်မှလိုက်ကစားပြီး ချေပဂိုးသွင်းကာ တစ်ဂိုးစီသရေကျခဲ့သည်။ ဆောက်သမ်တန်မှ ဂျိမ်းဘီတီအသင်းပြောင်းမည်ဟု သတင်းများထွက်နေသည်။

ဖူဟမ်ကွင်း၌ ဖူဟမ်နှင့်ဘော်လတန်တို့ ကစားကြမည်ဖြစ်ရာ ပွဲကောင်းတစ်ပွဲပင်ဖြစ်သည်။ ယမန်နှစ်ဆုံတွေ့မှု၌ ဖူဟမ်ကွင်း၌ ဖူဟမ်ကနှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ပွဲစဉ်(၁)၌ ဘော်လတန်က ချာလ်တန်ကိုလေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး စိတ်အားတက်ကြွနေသည်။ အိုက်ချာက(၃၁)နှစ်မြောက်မွေးနေ့၌ နှစ်ဂိုးသွင်းခဲ့ပြီး ပက်ဒါဆင်က နှစ်ဂိုးသွင်းခဲ့သည်။ ရီဘော့စ်ကွင်း၌ ဘော်လတန်တို့ ခြေစွမ်းပြနိုင်ခဲ့သော်လည်း ဖူဟမ်က မန်ချက်စတာစီးတီးကွင်း၌ မန်စီးတီးနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဖူဟမ်အသင်း ခြေသာသော်လည်း ချေပဂိုးသွင်းပြီး တစ်မှတ်ရခဲ့ခြင်းဖြစ်သည်။ ဘော်လတန်၏ တိုက်စစ်အားကို ပိုကြိုက်သော်လည်း အဝေးကွင်း၌ သရေဆိုလျှင် ကျေနပ်ရမည်ဖြစ်သည်။

အကြိတ်အနယ်ရှိမည်

စိန့်ဂျိမ်းပတ်ခ်၌ကစားမည့် နယူးကာဆယ်နှင့် တော့တင်ဟမ်ဟော့စပါးပွဲသည် အပြန်အလှန် တိုက်စစ်ဆင်ကစားကြမည်ဖြစ်ရာ ကြည့်ကောင်းမည် ဖြစ်သည်။ ယမန်နှစ်က ဆုံတွေ့မှု၌ စိန့်ဂျိမ်းပတ်ခ်၌ နယူးကာဆယ်က လေးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ဝိုက်ဟတ်လိန်းကွင်း၌ တော့တင်ဟမ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နယူးကာဆယ်က ဘာစီလိုနာမှ ကလူဗက်ကိုခေါ်ယူအား ဖြည့်ထားသော်လည်း တာထွက်အသင်း၌ ထည့်မသုံးသေးပေ။ အလန်ရှီးယားကိုပင် ပထမဦးစားပေးအဖြစ် သုံးနေဆဲဖြစ်သည်။ မစ်ဒယ်ဘရော့ကို အဝေးကွင်း၌ နှစ်ဂိုးစီသရေကျခဲ့ရာ အလန်ရှီးယားက ပယ်နယ်တီမှတစ်ဆင့် တစ်ဂိုးသွင်းပေးခဲ့သည်။ ခရိတ်ဘယ်လာမီ ကြံ့ခိုင်မှုပြည့်ဝပြီး ဂိုးပြန်သွင်းနိုင်ပြီဖြစ်ရာ နယူးကာဆယ်တို့ အိမ်ကွင်း၌ အမှတ်ပြည့် ရနိုင်သည်။ ပွဲစဉ်(၁)၌ တော့တင်ဟမ်က လီဗာပူးကို တစ်ဂိုးစီသရေကစားထားရာ ခြေစွမ်းမည့်လှဘဲ တိုက်စစ်မှူးဒီဖိုးရီး ထပ်သွင်းနိုင်ခဲ့လျှင် မထင်မှတ်သော ရလဒ်ပေါ်ထွက်လာနိုင်သည်။

ချာလ်တန်နှင့်ပို့စ်မောက်ပွဲမှာ အိမ်ရှင်ချာလ်တန် သာသယောင်ရှိသော်လည်း ကစားသမားအသစ်များ အားဖြည့်ထား၍ ပို့စ်မောက်အသင်းကို ထင်သလိုလုပ်၍ မရနိုင်ပေ။ ဘော်လတန်ကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးထား၍ ချာလ်တန်တို့ ယခုပွဲ သိက္ခာဆယ်ရန် အားထည့်ကစားမည်ဖြစ်သည်။ ပို့စ်မောက်က ဘာမင်ဂမ်နှင့် အိမ်ကွင်း၌ တစ်ဂိုးစီ သရေကျထားသည်။ ယမန်နှစ်က ၎င်းတို့နှစ်သင်း ဆုံတွေ့မှု၌ ပို့စ်မောက်ကွင်း၌ ချာလ်တန်က နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ချာလ်တန်ကွင်း၌ တစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲလည်း သရေနှင့် အဆုံးသတ်သွားမည်ဟု ထင်မိသည်။

ဝက်စ်ဘရွန်းနှင့် အက်စတွန်ဗီလာပွဲတွင် ပရီမီးယားလိဂ် အတွေ့အကြုံများသော အက်စတွန်ဗီလာတို့ အခြေအနေကောင်းနိုင်သည်။ ပွဲစဉ်(၁)၌ အက်စတွန်ဗီလာက ဗီလာပါ့ခ်၌ ဆောက်သမ်တန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ထားသည်။ ဝက်စ်ဘရွန်းက ဘလက်ဘန်းကွင်း၌ တစ်ဂိုးစီသရေ ကစားခဲ့သည်။ အတန်းတက်ဝက်စ်ဘရွန်း၏ ခြေသည် အသင်းကြီးများကို ဒုက္ခပေးနိုင်သည် ဖြစ်ရာ အက်စတွန်ဗီလာ ဂိုးပေါက်ပျောက်ခဲ့လျှင် သရေကျသွားနိုင်သည်။

ခရစ္စတယ်ပဲလေ့စ်နှင့် အဲဗာတန်တို့ ၁၉၉၈ ခုနှစ်က ဆုံခဲ့ရာ အဲဗာတန်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ဖူးသည်။ အာဆင်နယ်ကို ဂိုးပြတ်ရှုံးထားသော အဲဗာတန်အသင်းအား အဝေးကွင်း၌ သုံးမှတ်အပြည့်ယူနိုင်ဦးမည်မထင်ပေ။ ဝိန်းရူနီ အသင်းပြောင်းရန် မသေချာလှသေးသော်လည်း ဒဏ်ရာရထား၍ ကစားနိုင်မည်မဟုတ်ရာ ခရစ္စတယ်ပဲလေ့စ်အတွက် အားတက်စရာဖြစ်နေသည်။ ယမန်နှစ်က အဆင့်(၁၇)သာရခဲ့ပြီး အတန်းဆင်းဇုန်မှ ကပ်လွတ်ခဲ့သော အဲဗာတန်အနေဖြင့် ယခုပွဲအမှတ်ပြည့် မယူနိုင်လျှင် နောက်ပွဲများ ပို၍အခက်အခဲ ကြုံစရာရှိသည်။ လင်းယုန်များဟု အမည်ရသော ခရစ္စတယ်ပဲလေ့စ်အသင်းအဖို့ သရေဆိုလျှင် ထိုက်တန်ပေသည်။ ။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက် ရှိရာ ဩဂုတ် ၇ ရက်က တောကျောင်းကျေးရွာတွင် တစ်လက်မခွဲ တွင်းတိမ် တူးဖော်ခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းရှူးမြို့နယ်လုံးကျွတ် ကောက်စိုက်စွမ်းရည်ပြိုင် ဆုရအသင်းများအားဆုများပေးအပ်

မိုင်းရှူး ဩဂုတ် ၅

မိုင်းရှူးမြို့နယ်လုံးကျွတ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင်၂၇ ရက်က မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာ၌ ကျင်းပရာ ဗိုလ်မှူးကြီးဟန်မြင့်၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင် ကောက်စိုက်လုံမေများနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီး ဟန်မြင့်က ကောက်စိုက် စွမ်းရည်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆုများပေးအပ်

ထို့နောက်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကျင်းပရာ ကျေးရွာ ခြောက်ရွာမှ ကျေးရွာကိုယ်စားပြု ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရအသင်းများအား ဗိုလ်မှူးကြီးဟန်မြင့်က ဆုများပေးအပ် ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုမြို့နယ်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင် ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရွှေဘို ဩဂုတ် ၂

ရွှေဘို ရန်ကြီးအောင်အားကစားကွင်းတွင် ဇူလိုင်၂၀ ရက်က မြို့နယ်ဥက္ကဋ္ဌ တံခွန်စိုက်ဒိုင်း ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကျင်းပသည်။

ဗိုလ်လုပွဲတွင် ဇီးကုန်းလေး ကျေးရွာ အသင်းက အုပ်ရှစ်ကန် ကျေးရွာ အသင်းကို နှစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူး စိုးဝင်းက တံခွန်စိုက် ဒိုင်းဆုကို လည်းကောင်း၊ဒုတိယရဲမှူးကြီးမြင့်လွင်က ငွေသားဆုများကို လည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကောက်စိုက်စွမ်းရည်နှင့် တိုက်ရိုက်မျိုးစေ့ချပြိုင် လက်တွန်းထွန်စက်အသုံးချမှု လက်တွေ့သရုပ်ပြ

တောင်ကြီး ဩဂုတ် ၂

တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ နောင်မဲကျေးရွာအုပ်စုရှိ တောင်သူကြီး ဦးဆန်းနှင့် ဦးကျန်တို့၏ လယ်မြေတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသည့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲနှင့် လယ်ယာ–၁၆ လက်တွန်းထွန်စက် လက်တွေ့ အသုံးချသရုပ်ပြပွဲကို ဇူလိုင် ၂၂ရက် နံနက် ၈နာရီက ကျင်းပသည်။

စည်းကမ်းရှင်းလင်း

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးမြှင့်လုပ်ငန်း မြို့စိုက်ကြပ် ဦးခွန်မောင်ညာက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဗိုလ်မှူးကြီး ဝင်းလှိုင်နှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ပြိုင်ပွဲကို ဆက်လက် ကျင်းပပြီး ဆုရရှိသော အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇူလိုင် ၂၉ ရက်က ကျောက်ဆည်မြို့နယ် ပုန်းညက် ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်ရာ အခမ်းအနားကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးချစ်ဆွေနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးသံချောင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာအုပ်၊ စာစောင်များ အခမဲ့လှူဒါန်းကြစဉ်။ (ခရိုင် ပြန်/ဆက်)

အမရပူရမြို့နယ်အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ပန္နက်တင်ပွဲကျင်းပ

မြစ်ငယ် ဩဂုတ် ၂

အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခြေခံပညာအထက်တန်း(ကျောင်းခွဲ)တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်ရိုက်၊ အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၂ ရက်က ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးကျော် တက်ရောက်ပန္နက်တင်ပေးသည်။

ထို့နောက် တာဝန်ရှိသူများနှင့်အတူ ရွှေအုတ်၊ ငွေအုတ်နှင့် အုတ်မြစ်များ စီပေးသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် စာသင်ခန်းငါးခန်းပါဝင်လျက် အလျားပေ၁၂၀၊ အနံပေ၃၀ဖြစ်ပြီး အုတ်ခင်းအုတ်ကာနှင့် သွပ်မိုးမည်ဖြစ်ရာ ငွေကျပ် ၄၅သိန်းကျော်ခန့် ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။ **(၂၀၉)**

ပေးအပ်

ရေတာရှည် မြို့နယ်ဥက္ကဋ္ဌဘောလုံးဒိုင်း နောက်ဆုံး ဗိုလ်လုပွဲတွင် ပထမ ဆုရ ရေတာရှည် မြို့မ အသင်း ခေါင်းဆောင်အား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းက ပထမ ဒိုင်းဆု ပေးအပ်စဉ်။

(က–ပ)

ကျေးလက် သတင်းနှင့် မြင်ကွင်း

ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော ဆုံကုန်း– ယုန်လေးကုန်း ကျေးလက်မြေသားလမ်းနှင့် ရေကျော်ဆောက်လုပ်ခြင်း လုပ်ငန်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

သိန်းနီမြို့နယ်၌ပညာ့အလင်းစာကြည့်တိုက်ဖွင့် မဂ္ဂဇင်း၊ ဂျာနယ်များ ပေးအပ်လှူဒါန်း

သိန်းနီ ဩဂုတ် ၃

သိန်းနီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အား ကိုယ်ကိုး ပညာ့ အလင်း စာကြည့်တိုက် ဖွင့်ပွဲကိုဇူလိုင်၁၂ ရက်က ပိန်းဆာ ကျေးရွာတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ရည်ရည်မွန်နှင့်ပိန်းဆာကျေးရွာ ဥက္ကဋ္ဌ ဦးကာလဲ့တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လှူဒါန်းသော မဂ္ဂဇင်းနှင့် ဂျာနယ်များကို မြို့နယ်ဦးစီးမှူး ဒေါ်ရည်ရည်မွန်က ပေးအပ်လှူဒါန်းရာ ပိန်းဆာကျေးရွာ ဥက္ကဋ္ဌ ဦးကာလဲ့က လက်ခံရယူသည်။

အဆိုပါ စာကြည့်တိုက်အတွက် လှူဒါန်းသော သုတ၊ ရသစာအုပ်မျိုးစုံ ၂၅၀ခန့်ရရှိပြီး မြို့နယ်အတွင်းရှိ အခြားကျေးရွာအုပ်စုများတွင် ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

ဘော်လခဲမြို့နယ်ဥက္ကဋ္ဌ တောင်သူများနှင့်တွေ့ဆုံ စိုက်ကေအပြည့်အဝစိုက်ပျိုးရေး ဆွေးနွေး

ဘော်လခဲ ဩဂုတ် ၁

ကယားပြည်နယ် ဘော်လခဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်နှင့်အဖွဲ့သည် ဇူလိုင်၁၂ရက်က ဘော်လခဲမြို့နယ် ရွာသစ်မြို့ရှိ နမ့်ဟူးချိုဆည်မှ ဆည်ရေသောက် မိုးစပါး၊ နှမ်းနှင့် ပြောင်းစိုက်ပျိုးသည့် ပုံရှားစေးကွင်း စပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ဝမ်းစာစပါးဖူလုံရေး၊ စိုက်ကေများအပြည့်အဝအချိန်မီစိုက်ပျိုးကြရေးနှင့် ဆည်ထိန်းသိမ်းရေးတို့ကိုဆွေးနွေးကြသည်။

အဆိုပါ နမ့်ဟူးချိုဆည်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် ၂၅ သိန်းအကုန်အကျခံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၂ ရက်အထိ ရွာသစ်တွင် မိုးစပါး ၅၄၇ကေ၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ နှံစားပြောင်း ၃၆၆ကေ၊ ပဲအမျိုးမျိုး ၃၉၉ကေနှင့် နှမ်း ၈၂၃ ကေစိုက်ပျိုးပြီး ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ဇူလိုင် ၁၄ ရက်က မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပစေရေးအတွက် မြို့လယ်လမ်းဆုံ ကြိုဂံပန်းခြံတွင် မြေခင်း အလှပြင်ခြင်း၊ ပေါင်းရှင်းခြင်းနှင့်ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(၁၆၇)

ပညာရေးဝန်ကြီးဌာန
အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ဒီပလိုမာသင်တန်းများအတွက်သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများ အချိန်မီလျှောက်ထားနိုင်ကြောင်း ကြေညာပါသည်–

စဉ် **ဒီပလိုမာသင်တန်းအမည်**

၁။ Diploma in Software Engineering အမှတ်စဉ်(၁၉)

၂။ Diploma in Network Engineering အမှတ်စဉ်(၁၄)

၃။ Diploma in Hardware Engineering အမှတ်စဉ်(၁၄)

၂။ လျှောက်ထားရန် လိုအပ်သည့်အရည်အချင်းများ–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်(သို့မဟုတ်) အခြေခံပညာ အထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ရရှိထားသူ ဖြစ်ရမည်။ (လက်မှတ်မူရင်းနှင့် မိတ္တူ ပူးတွဲတင်ပြရန်)

၃။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း (ကုန်သည်လမ်းနှင့်ကမ်းနားလမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ ဖုန်းအမှတ်– ၂၉၁၉၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ လျှောက်လွှာလက်ခံမည့်အစီအစဉ်–

(က) လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်နှင့် လျှောက်လွှာပိတ်မည့်ရက်

၁။ Diploma in Software Engineering –
၁–၉–၂၀၀၄ ရက်နေ့မှ၁၀–၉–၂၀၀၄ရက်နေ့အထိ

၂။ Diploma in Network Engineering –
၄–၁၀–၂၀၀၄ ရက်နေ့မှ ၁၅–၁၀–၂၀၀၄ ရက်နေ့အထိ

၃။ Diploma in Hardware Engineering –
၁–၁၁–၂၀၀၄ ရက်နေ့မှ ၁၂–၁၁–၂၀၀၄ ရက်နေ့အထိ

အတွင်းရေးမှူး။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) **အင်ဂျင်နီယာ** မ (၁၀) ဦး
- A.G.T.I (Civil) ဘွဲ့ရ–
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံးသုံးနှစ်ခန့် ရှိရမည်။

(၂) **ဆိုဒ်တာဝန်ခံစာရေး** မ (၁၀) ဦး
- ပညာအရည်အချင်း (ဘွဲ့ရ)
- ဆောက်လုပ်ရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသူဖြစ်ရမည်။

(၃) **စာရင်းကိုင်** မ (၁) ဦး
- B.Com, (LCCI Level II, III)
- အနည်းဆုံးလုပ်သက် သုံးနှစ်ရှိရမည်။

(၄) **စာရင်းစစ်** မ (၁) ဦး
- B. Com, (C.P.A)
- လုပ်သက်အနည်းဆုံး ငါးနှစ် ရှိရမည်။

(၅) ယာဉ်မောင်းကျွမ်းကျင် ကျား (၂) ဦး
- ယာဉ်မောင်းသက်တမ်းအနည်းဆုံး သုံးနှစ်ရှိရမည်။
- မောင်းနိုင်မှု ကျွမ်းကျင်မှုပေါ်မူတည်၍ လစာတိုးမြှင့်ပေးမည်။

(၆) **ဆိုဒ်လုံခြုံရေး** ကျား(၁၀) ဦး
- အသက် ၃၅ နှစ်မှ ၄၅ နှစ်အတွင်းဖြစ်ရမည်။
- ကျန်းမာရေးကောင်းပြီး အလုပ်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

* လျှောက်ထားလိုသူသည် ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓာတ်ပုံ တစ်ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ ပညာရေးအထောက်အထား၊ လုပ်ငန်းအထောက်အထားနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ယူနိုက်တက်ဆောက်လုပ်ရေးကုမ္ပဏီ
အမှတ် ၂၉၊ မော်တင်လမ်း (လမ်းသစ်လမ်း)၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၂၅၄၉၆၊ ၂၂၆၆၇၉။

ဇရပ်၊တန်ဆောင်း ရဟန်းဒါယကာ
ဦးဘရွှေ (ထားဝယ်)
(ဆေးနှင့်စာအုပ်ဆင်ဒီကိတ်ဆိုင်)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်းနေ ဒေါ်ကြည်၏ ခင်ပွန်း၊ ဦးမြင့်သိန်း–(ဒေါ်သန်းနွဲ့) (စန္ဒီးဝိုက်စက္ကူ အရောင်းတင်လုပ်ငန်း)၊ (ဦးမောင်စိုး)–ဒေါ်အေးမူ၊ ဒေါ်သန်းမူ၊ ဒေါ်တင်တင်နွယ်တို့၏ ဖခင်၊ ဒေါ်လဲ့လဲ့ချိုသိန်း (Physiotherapist-အကြောအဆစ်ဆေးကုဌာန၊ မြောက်ဥက္ကလာပ ဆေးရုံကြီး)၊ မရီရီချိုသိန်း(တတိယနှစ်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ မောင်ဝင်းနိုင်စိုး(အောင်မင်္ဂလာရေဒီယို၊ ကက်ဆက်ပြုပြင်ရေး–ထားဝယ်)တို့၏ အဘိုးသည် ၁၇–၈–၂၀၀၄ ရက် နံနက် ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု။**

ဒေါ်နီနီရှိန်
(ရုပ်ရှင်သရုပ်ဆောင်)
အသက်(၄၈)နှစ်

မန္တလေးတိုင်း ပလိပ်မြို့ (ဈေးကွက်သစ်) နေ ဦးပြေရှိန်(အငြိမ်းစား ရဲစခန်းမှူး)–ဒေါ်ကြည်ကြည်တို့၏သမီး၊ သီပေါမြို့နေ ဦးမျိုးအောင် (မြို့နယ်ဥက္ကဋ္ဌ)–ဒေါ်ဌေးဌေးရှိန် တို့၏ညီမ၊ မန္တလေးမြို့၆၈လမ်းနေ ဦးခင်မောင်သိန်း–ဒေါ်သီသီရှိန်၊ ပလိပ်မြို့ (ဈေးကွက်သစ်နေ) ဦးမောင်မောင်သွင်–ဒေါ်ညွန့်ကြည်၊(ရှမ်း/တောင်)ဖယ်ခုံမြို့နေ ဦးမောင်မောင်အောင်(ယာဉ်ထိန်း ရဲတပ်ကြပ်ကြီး)–ဒေါ်အေးအေး၊ မန္တလေးမြို့၊ ၂၂လမ်းနေ ဦးမောင်မောင်နိုင်(ရေပေးရေးစည်ပင်– ဒေါ်ဝင်းဝင်းညွန့်တို့၏အစ်မ၊ ကိုကျော်စွာထွန်း (မော်တော်ယာဉ်တာဝန်ခံ ဒုံးပျံဂျုံစက်)–မမိုးသန္တာခိုင်၊ မသရဖီထွန်း (ဒုံးပျံဂျုံစက်) တို့၏ မွေးမိခင်သည် မန္တလေးမြို့တွင် ၁–၈–၂၀၀၄ ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၈–၂၀၀၄ ရက်တွင် မန္တလေးမြို့ ကြာနီကန်သုသာန်၌ မီးသဂြိုဟ်ပြီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး မိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်နွဲ့

မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကထိက ဦးကျော်စိုးနိုင်၏ မိခင်ဒေါ်ခင်နွဲ့သည် ၁၃–၇–၂၀၀၄ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းမိပါသည်။

မြို့ပြအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်။

ချော်ရည်နှင့်ယိုမျိုးခုံသင်တန်း(ဖော်လမြိုင်)
သင်တန်းရက် (24-8-2004) မှ (30-8-2004)ထိ

သင်တန်း – အမှတ်(၈) ဆောက်လယ်မ ဈေးသစ်ရှေ့
ဖော်လမြိုင် (Gentleman ဆံသဆိုင်အောက်ထပ်)
ဖုန်း 01-690264, 02-36444

စားသောက်ဆိုင်ဖွင့်လိုသူများအတွက်

ယခုလက်ရှိ ဖွင့်လှစ်ထားသော ဆိုင်ကို အပြီးအစီး လက်လွှဲရောင်းလိုသည်။

★ အိမ်၊ မြေ ရောင်းမည်မဟုတ်ပါ။

★ နံ့စမ်းရန်ဖုန်း–၂၄၀၉၈၆၆လိုင်းခွဲ(၃၅၁)။

ယူမီကို ဆံပင်/မိတ်ကပ်အလှပြင်သင်တန်း

သင်တန်းစတင်ဖွင့်မည့်ရက် – ၁–၉–၂၀၀၄
သင်တန်းကာလ – (၃)လ
လက်ခံမည့်သင်တန်းသူဦးရေ – ၂၀ ဦး (အမျိုးသမီး)
သင်တန်းအချိန် – ၉ နာရီမှ ၁၂ နာရီ

သင်တန်းသူတစ်ဦးလျှင် လူခေါင်းအယောက် ၁၀၀ ကျော် ညှပ်ခိုင်းသည်။ အမှတ် **E** ၊ ၁၀၂၊ ပထမထပ်၊ ယုဇနပလာဇာအိမ်ရာ၊ အောင်မင်္ဂလာလမ်းနှင့် ဒဂုံသီရိလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ **Ph-2007,47 Ext 7826**

အမည်ပြောင်း

ဦးဇော်မင်း–ဒေါ်ငြိမ်းငြိမ်းတို့၏သား အထက(၁)မြောက်ဥက္ကလာပ၊ ဒသမတန်း (M) မှ မောင်ညီညီဇော်အား ယနေ့မှစ၍ မောင်ထွဋ်အောင်ဝေဟု ပြောင်းလဲခေါ်ပါရန်။**မောင်ထွဋ်အောင်ဝေ။**

မိဘအမည်မှန်

ဗန်းမော်မြို့၊ အထက(၂)သတ္တမတန်း(ခ)မှ မလီလီမြင့်၏ မိဘအမည်မှန်မှာ ဦးရုံးရှင် ၁/ဗမန(နိုင်)၀၂၄၉၆၃ နှင့် ဒေါ်ဆင်းကူ ၁/ဗမန(နိုင်)၀၃၀၀၈၂ တို့ဖြစ်ပါသည်။**ဦးရုံးရှင်–ဒေါ်ဆင်းကူ။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ **(Sealed Tender)** များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် ၂၄/မမ/ပြည်တွင်း/အထွေထွေပစ္စည်းများ (**CME**)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Waste Cotton	(20000)-Lb
2.	Painting Materials	(1)-Lot
3.	Co_2 Wire	(1)-Lot
4.	GI Pipe & Accessories	(1)-Lot
5.	Bolt & Nut	(1)-Lot
6.	Foam Rubber	(1)-Lot
7.	Basin & Camode	(1)-Lot
8.	Emery Cloth & Saw Blade	(1)-Lot
9.	Battery 12V, 200 & 150 Ah	(24)-Nos
10.	Bearing Spring 11D	(400)-Nos
11.	Perspex Sheet 8 x 4 x 3t	(1000)-Sht

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်– ၁–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉–၈–၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ–၆၀၂၆၁၃။

ဗိုလ်မှူး အေးနု အသက်(၉၁)နှစ်
ညွှန်ကြားရေးမှူး(ငြိမ်း)အကျဉ်းဦးစီးဌာန

သုံးဆယ်မြို့(ဦးပု–ဒေါ်ငွေစင်)တို့၏သား၊ (ဦးအေးထွန်း)–ဒေါ်လှမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၉)၊ ရေတွင်းကုန်း (၃)လမ်းနေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ဦးဟန်တင်–ဒေါ်ခင်မာကြည်၊ ဦးညွှန့်ဟန်(အကျဉ်းဦးစီးဌာန)–ဒေါ်မြင့်မြင့်သန်း(တွဲဖက် ပါမောက္ခ၊ရူပဗေဒ တောင်ငူတက္ကသိုလ်)၊ ဦးဌေးဝင်း(မန်နေဂျာ– MPPE-မြောင်းမြမြို့)–ဒေါ်မြင့်မြင့်ဦး၊ ဦးဇော်ဝင်း–ဒေါ်ခင်ဝင်းရီ၊ ဦးအောင်မြင့်–ဒေါ်သက်သက်ခိုင် (လ/ထ ကထိက သမိုင်း၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဒေါ်သူဇာအေး(Plastic World)၊ဒေါ်ညိုညို အေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇–၈–၂၀၀၄ ရက် (အင်္ဂါနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်းဒါယကာ
ဦးအော်က(ခ)တန်ကုတ်ကျိန်း
အသက်(၇၈)နှစ်

ဒေါ်ဖွေးဖွေး(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ ဖခင်သည် ၁၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပည့်–
ဦးကျော်သူ
ဓာတုဗေဒဌာန၊

[illegible]
မန္တလေး ကောင်းပြုး (အထူး)
[illegible]

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်သာ ခန့်ထားရန်)

မြန်မာပိုစတာရီယန် အထည်ချုပ်စက်ရုံမှ အကျင့်စာရိတ္တ ကောင်းမွန်၍ လုပ်ငန်းကျွမ်းကျင်သော အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(1) **Production Incharge** (အသက် ၂၅နှစ်မှ ၃၅နှစ်အတွင်း) ကျား/မ

(ဘွဲ့ရ၊ အထည်ထုတ်လုပ်မှုပိုင်းတွင် တာဝန်ယူနိုင်သူဖြစ်ပြီး ထုတ်လုပ်မှုကောင်းစေရန် စီမံခန့်ခွဲနိုင်ရမည်။ ဂျပန်စာ အရေးအပြော ကျွမ်းကျင်သူ ဦးစားပေးမည်။)

(2) **Buyer Q.C** (အသက် ၂၅နှစ်မှ ၃၅နှစ်အတွင်း) မ

(ဘွဲ့ရ၊ အထည်ချုပ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။)

– လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်နှင့်ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

မြန်မာပိုစတာရီယန်ကုမ္ပဏီလီမိတက်
အမှတ်-D/8၊ မင်္ဂလာဒုံစက်မှုဇုန်ဝင်း၊ မင်္ဂလာဒုံမြို့နယ်။

အမည်ပြောင်း

ဦးမောင်မောင်သိန်း၏ သားများ ဖြစ်ကြသော အထက(၂)မင်္ဂလာဒုံ အောင်ဆန်းသူရိယ လှသောင်းကျောင်း အဋ္ဌမတန်း(စီ)မှ မောင်လင်းထက်အောင်အား မောင်အောင်ကောင်းမြတ် ဟူ၍လည်းကောင်း၊ တတိယတန်း(ဘီ)မှ မောင်လင်းထွဋ်အောင်အား မောင်အောင်ကောင်းပိုင်ဟူ၍ လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကောင်းမြတ်၊မောင်အောင်ကောင်းပိုင်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့ ခေမာသီရိ ရပ်ကွက် အမှတ် ၄၅၃ နေ ဦးလာလားလ်–ဒေါ်စံသီးဒေဝီတို့၏ သား မောင်ကမား၁/မကန(နိုင်)၀၀၂၆၅၁ သည် မိဘများ၏ ဆုံးမမှုကို မနာခံဘဲ မိမိသဘော အလျောက်ပြုမူသွားပါသဖြင့် ၉–၈–၂၀၀၄ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သူများအား အသိပေး ကြေညာအပ်ပါသည်။

ဦးလာလားလ်
၁/မကန(နိုင်)၀၀၀၂၆၇
ဒေါ်စံသီးဒေဝီ
၁/မကန(နိုင်)၀၃၄၀၂၂။

မန္တလေး တူးတူး
မြန်မာထမင်းဆိုင်

မြန်မာထမင်း ဟင်း ကောင်းကောင်း သုံးဆောင်လိုသော မိတ်ဟောင်း မိတ်သစ်များအတွက် မန္တလေး တူးတူး မြန်မာထမင်းဆိုင်ကို ရန်ကုန်ဘူတာကြီးရှိ (စခန်းသာ) တွင် (၂၂.၈.၂၀၀၄) တနင်္ဂနွေနေ့မှစ၍ ဖွင့်လှစ်ပါမည်။

ရန်ကုန်ဘူတာကြီး (စခန်းသာ)
ဖုန်း – ၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၁၁၁

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ Sales Manager အမျိုးသား (၁) ဦး
- ဘွဲ့ရ၊ Sales & Marketing Diploma ရရှိပြီးသူ ဦးစားပေးမည်။ ကွန်ပျူတာ နားလည်တတ်ကျွမ်း၍ အင်္ဂလိပ်စာ အရေး၊ အပြော ကျွမ်းကျင်ရမည်။ စားသောက်ကုန်လုပ်ငန်း ဖြန့်ချိရေးအတွေ့အကြုံ ငါးနှစ်ရှိရမည်။

၂။ Marketing Manager အမျိုးသား (၁) ဦး
- ဘွဲ့ရ၊ Sales & Marketing Diploma ရရှိပြီးသူ ဦးစားပေးမည်။ ကွန်ပျူတာနားလည်တတ်ကျွမ်း၍ အင်္ဂလိပ်စာ အရေး၊ အပြောကျွမ်းကျင်ရမည်။ စားသောက်ကုန်လုပ်ငန်း Marketing အတွေ့အကြုံ ငါးနှစ်ရှိရမည်။

၃။ Sales Executive အမျိုးသား (၁) ဦး

၄။ Marketing Executive အမျိုးသား (၂) ဦး
- ဘွဲ့ရ၊ Marketing သင်တန်းများ တက်ရောက်ထားသူကို ဦးစားပေးမည်။ ကွန်ပျူတာနားလည်တတ်ကျွမ်း၍ အင်္ဂလိပ်စာ အရေး၊ အပြောကျွမ်းကျင်ရမည်။ စားသောက်ကုန်လုပ်ငန်း Sales & Marketing အတွေ့အကြုံ သုံးနှစ်ရှိရမည်။

၅။ Sales Representative အမျိုးသား (၅) ဦး
- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
- စားသောက်ကုန်လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး (၁)နှစ်ရှိသူ ဖြစ်ရမည်။

အထက်ပါ ရာထူးများအတွက် လျှောက်ထားလိုသူသည် ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ လိုင်စင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ပညာရေးထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်တကွ အောက်ဖော်ပြပါလိပ်စာသို့ တစ်ပတ်အတွင်း ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

လိပ်စာ – Myanmar Towards Co., Ltd.
W- 65, သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။

YANGON ENTERTAINMENT

မြန်မာနိုင်ငံဘောလုံးဝါသနာရှင် ချစ်ပရိသတ်ကြီးများအတွက် *2004-2005 English Premier League* ပွဲစဉ်များကို *Yangon Entertainment Co., Ltd.* မှ မြဝတီရုပ်မြင်သံကြားတွင် (*14.8.2004*)နေ့မှ စတင်ပြသနေပြီဖြစ်ပါသည်။ ကြော်ငြာထည့်ဝင်လိုသော မိတ်ဟောင်းမိတ်သစ်များ အနေဖြင့် *Yangon Entertainment Co., Ltd.* ၏အောက်ပါ ပုဂ္ဂိုလ်များထံဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

၁။ ဦးတင့်ဆွေ ဖုန်း - *245029*

၂။ မရှင်ရှင်စိုး ဖုန်း - *252325 / 243672*

၃။ ကိုရဲထွန်း ဖုန်း - *291318 / 294045*

လိပ်စာ - အမှတ် ၂ အောင်ဆန်းကွင်းအရှေ့ဘက်တန်း အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ခန့်ရန်သာ)

1. Media Sales Manager M./F

ဘွဲ့ရ၊ အသက် ၃၅မှ ၄၀နှစ်အတွင်း၊ လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ကျော်ရှိသူ၊ Media လုပ်ငန်းနှင့် ကုမ္ပဏီလုပ်ငန်းတစ်ခုလုံးကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စီမံခန့်ခွဲအုပ်ချုပ်နိုင်သူ၊ အင်္ဂလိပ်ဘာသာ အရေး အဖတ် အပြောကျွမ်းကျင်ပြီး နိုင်ငံတကာနှင့် ဆက်သွယ်လုပ်ကိုင်နိုင်သူဖြစ်ရမည်။ P.C Knowledge ရှိသူဖြစ်ရမည်။

2. Secretary 2

ဘွဲ့ရ၊ အသက် ၃၅နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ကျော်ရှိသူ၊ အင်္ဂလိပ်ဘာသာ အထူးကျွမ်းကျင်စွာရေး/ဖတ်/ပြောနိုင်ပြီး၊ P.C (English/ Myanmar)& E-mail ကျွမ်းကျင်စွာ အသုံးပြုနိုင်ပြီး ပြောဆိုဆက်ဆံရေး သိမ်မွေ့ပြေပြစ်၊ သွက်လက်ချက်ချာ၊ ရုပ်ရည်သန့်ပြန့်သူ ဖြစ်ရမည်။

3. Accountant F-1

ဘွဲ့ရ၊ LCCI Level III (or) D.A ၊ အသက် (၃၅)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိပြီး ကွန်ပျူတာစာရင်းနှင့် အင်္ဂလိပ်-မြန်မာကျွမ်းကျင်သူဖြစ်ရမည်။ အင်္ဂလိပ်ဘာသာ အသင့်အတင့်ရေးသားပြောဆိုနိုင်သူဖြစ်ရမည်။ ကြော်ငြာလုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

4. Marketing & Sales Executive M/F

ဘွဲ့ရ၊ အသက် ၃၀ နှစ်အောက်၊ ကြော်ငြာ/ရုပ်သံလုပ်ငန်းအတွေ့အကြုံနှင့် ဝါသနာရှိသူ၊ ဈေးကွက်ကျွမ်းကျင်သူ၊ သွက်လက်ချက်ချာ၊ ယဉ်ကျေးသိမ်မွေ့၊ ပြောဆိုဆက်ဆံရေးပြေပြစ်ပြီး ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။ ကြော်ငြာလုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

5. Computer Operator F-1

အသက် ၃၀နှစ်အောက် လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။ အင်္ဂလိပ်၊ မြန်မာ စာစီစာရိုက်အထူးကျွမ်းကျင်ရမည်။

6. Computer Graphic Designer M-2

ဘွဲ့ရ၊ အသက် ၃၀နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံရှိပြီး ကြော်ငြာဒီဇိုင်းများပြုလုပ်ရာတွင် ကိုယ်ပိုင်စိတ်ကူးဖြင့်တီထွင်လုပ်ကိုင်နိုင်ရမည်။ ဒီဇိုင်းနှင့်ပတ်သက်၍ အထူးကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူကို ဦးစားပေးမည်။

လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းနှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံချက်၊ ဓာတ်ပုံ နှစ်ပုံနှင့် အမှတ်၄၀၊ ၆၇လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၄၀၄၅၊ ၂၉၁၃၁၈သို့ ကြော်ငြာသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

First Myanmar Investment Co., Ltd.
(A Public Company)
F M I

အစုရှယ်ယာရှင်များအားလုံးသိသာစေရန်

FMI Co., ltd. ၏(၁၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် ... (Share transfer registration)ကို ...

အမှုဆောင်ဒါရိုက်တာအဖွဲ့
FMI Co., Ltd. FMI Centre

Diploma in IT

CHRD (UDEY)

အမှားပြင်ဆင်ချက်

ကျွန်တော်ဦးဗိုဒိုရာဆွာမိ ကြေညာထုတ်ပြန်ခဲ့သော ၁၅-၆-၂၀၀၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းတွင်ဖော်ပြခဲ့သည့် Special Power ရုပ်သိမ်းခြင်းနှင့် သတိပေးတားမြစ်ခြင်းတွင် ၈-၅-၂၀၀၃ရက်နေ့က လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း၏ ရက်စွဲကို ၉-၆-၂၀၀၃ရက်နေ့အစား ၁၁-၅-၂၀၀၃ရက်စွဲဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ဦးဗိုဒိုရာဆွာမိ ၁၂/ဗတထ(နိုင်) ၀၃၁၃၉၇**
အမှတ်၁၃၇၊ အနော်ရထာလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖခင်၊မိခင် အမည်မှန်

စစ်ကိုင်းတိုင်း၊ ကလေးဝမြို့၊ အထက သတ္တမတန်းမှ မောင်အေးချမ်းမောင်၏ ဖခင်၊ မိခင် အမည်မှန်မှာ ဦးမျိုးဝေ၊ ဒေါ်ကံမီ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဟားခါးမြို့နေ ဦးရှာလဲဟုပ်၏သား မောင်ရွှေလျှန်းထန်း ၄/ဟခန(နိုင်)၀၂၄၉၆၉ အား မောင်မောင်မြင့်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မောင်မြင့်။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊တန်ဆောင်း၊ဂူ၊ကျောင်း၊ဇရပ်
ဒါယကာကြီး
ဦးမောင်မောင်ခဆွေ (ခ) Carl
Managing Director, Integrated Marketing Ltd,
Vice President, Focus Energy Ltd.
အသက်(၄၅)နှစ်

သီရိသုဓမ္မသီဂိ ဒေါ်အေးအေးစိုး၏ခင်ပွန်း နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်ကြီး၏ ရွှေထီးတော်အလှူရှင်၊ ကလေးဝတောရစာသင်တိုက်ကြီး၏ ပစ္စည်းလေးပါး ဘက်စုံထာဝရအလှူရှင် ဦးမောင်မောင်ခဆွေသည် ၁၆-၈-၂၀၀၄ ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရပါသည်။

သုဂတိဘုံနန်းသို့ ရောက်ရှိပါစေ။
ဂေါပကအဖွဲ့
နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်မြတ်ကြီး၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ **(Sealed Tender)** များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Auto Telephone	110-Nos
2.	PVC Insulation Drop Cable	100-Coil
3.	Battery Charger 12V 10A	12-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၈-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉-၈-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၊၆၁၃။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊တန်ဆောင်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး
ဦးမောင်မောင်ခဆွေ
အသက်(၄၅)နှစ်

ကျေးဇူးရှင် ဆရာဦးမောင်မောင်ခဆွေ (Managing Director Integrated Marketing Ltd. နှင့် Vice President Focus Energy Ltd.) သည် ၁၆-၈-၂၀၀၄ ရက်တွင် မမျှော်လင့်ဘဲ ခွဲခွာသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

FEL ထောက်ရှာပင်/ကမ်းနီ
ရေနံမြေဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊တန်ဆောင်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး
ဦးမောင်မောင်ခဆွေ
အသက်(၄၅)နှစ်

ကျေးဇူးရှင် ဆရာဦးမောင်မောင်ခဆွေ (Managing Director Integrated Marketing Ltd. နှင့် Vice President Focus Energy Ltd.) သည် ၁၆-၈-၂၀၀၄ ရက်တွင် မမျှော်လင့်ဘဲ ခွဲခွာသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

IML မိသားစု၊ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

နှစ်ထပ်ကျောင်းဆောင်အလှူရှင်FEL Co.,ညွှန်ကြားရေးမှူး ဦးမောင်မောင်ခဆွေ ၁၆-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊
ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အထက(၂) မင်းဘူးမြို့။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊တန်ဆောင်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး
ဦးမောင်မောင်ခဆွေ
အသက်(၄၅)နှစ်

ကျေးဇူးရှင်ဆရာဦးမောင်မောင်ခဆွေ (Managing Director, Integrated Marketing Ltd. နှင့် Vice President Focus Energy Ltd.) သည် ၁၆-၈-၂၀၀၄ရက်တွင် မမျှော်လင့်ဘဲ ခွဲခွာသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

FEL ရန်ကုန်ရုံးချုပ်ဝန်ထမ်းများ။

ကားရောင်းမည်

Dyna -90 Model 14 B
ph- 383441
241104
(10:00 AM-5:00PM)

အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်ခင်မြင့် (ခ)ဒေါ်ဘေဘီစန်း ၁၂/မဂတ(နိုင်)၀၅၁၈၄၃ ကိုင်ဆောင်သူသည် မိဘကို စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ၎င်းအား အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သောကိစ္စများ လုံးဝတာဝန်မယူပါ။
ဒေါ်ခင်စန်း
၁၂/မဂတ(နိုင်) ၀၅၀၉၉၃။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း
ဒါယကာကြီး
ဦးမောင်မောင်ခဆွေ(ခ)Carl
Managing Director, Integrated Marketing Ltd.,
Vice President, Focus Energy Ltd.,
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ၂၄/G၊ ပြည်သူ့လမ်း၊ပြည်လမ်းနေ ဒေါ်အေးအေးစိုး (Director Y.I.E.C)၏ခင်ပွန်း၊ မကေခိုင်ခ(Olivia Kha)၊ မောင်အာကာခ(Raymond Kha)တို့၏ဖခင် ဦးမောင်မောင်ခဆွေ(ခ) Carl ကွယ်လွန်ခြင်းကို မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုမြတ်ကျော်-မစန္ဒာ၊အန်တီဖြူ၊
Royal Diamond စိန်ဆိုင်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့ အမှတ် ၂၄/G၊ ပြည်သူ့လမ်း၊ ပြည်လမ်းနေ သီရိသုဓမ္မသီဂိ ဒေါ်အေးအေးစိုး (Director, YIEC)၏ ခင်ပွန်း ဦးမောင်မောင်ခဆွေ (ခ) Carl အသက် (၄၅)နှစ်သည် ၁၆-၈-၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

SEAMEO Bussiness English Course မှ
သူငယ်ချင်းများ။

သီရိပုံချို ဦးကြည်မောင်
(အငြိမ်းစား ဗိုလ်မှူးကြီး)
ဘီစီ-၃၅၁၆
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၂၄၊ ကမ္ဘောဇရိပ်သာနေ ဒေါ်ကြည်ကြည်သာ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကြည်စိုး)၊ (ဦးပြည်စိုး)-ဒေါ်မြင့်မြင့်(အမက-၃၊ ဗဟန်း)၊ ဦးအောင်သန့်-ဒေါ်ခင်မျိုးကြည်၊ ဦးမောင်မောင်တို့၏ချစ်လှစွာသောဖခင် ဦးကြည်မောင်သည် ၁၉-၈-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားပြီပါသဖြင့် ၂၁-၈-၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
U.G. Hirjee
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အမှတ်(၁)စက်မှုဝန်ကြီးဌာန (မန္တလေး)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကျိုက္ကဆံအိမ်ရာ၊ တိုက် ၅၊ အခန်း (၀၀၃)နေ ဒေါ်မြူရီ၏ခင်ပွန်း၊ ပုသိမ်မြို့နေ ဦးကျော်မြင့်-ဒေါ်ခင်သန်းလွင်၊ ဒုတိယဗိုလ်မှူးကြီးတင်မျိုးတင့်-ဒေါ်မာလာလွင်၊ ဦးဒေါ်နယ်-ဒေါ်မေလဲ့လဲ့ချို၊ ရန်ကုန်မြို့နေ ဦးသန်းဦး-ဒေါ်ဂျယ်ရဒင်း၊ ဦးဂျယ်ရီ-ဒေါက်တာဒေါ်အေးအေးသန်း၊ ဦးစတင်လီ-ဒေါ်မေရီကာတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၈-၈-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တာမွေစိန်ဖရန့်စစ်ဘုရားကျောင်းမှ ရေဝေးခရစ်ယာန်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်ကြည်
မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊သတိပဋ္ဌာန်လမ်း၊ အမှတ် ၄၂ နေ (ဦးရွှေရန်-ဒေါ်လှတင်)တို့၏သမီး၊ (ဒေါ်ခင်ဝေး)၏ညီမ၊ ဦးအေးကြိုင်(မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)-ဒေါ်မူမူ(အထက-၁၊တာမွေ၊ငြိမ်း)တို့၏အစ်မ၊ ဦးစိုင်းမော်ခမ်း (MIPL)-ဒေါ်အေးစုပါ၊ ဦးစိုးဝင်း(CHC)-ဒေါ်အေးမာလာ၊ ဦးအောင်ကျော်မိုး(ဦးစီးအရာရှိ၊ ဘဏ္ဍာရေး၊ အိုး/အိမ်)-ဒေါ်စုနှင်းအောင်တို့၏ကြီးကြီး၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၉-၈-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၆:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၆-၈-၂၀၀၄ ရက်တွင်ကွယ်လွန်အနိစ္စရောက်သွားသော ဦးမောင်မောင်ခဆွေ(Managing Director Integrated Marketing Ltd.) နှင့် Vice President-Focus Energy Ltd.)၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ အစစအရာရာကူညီဆောင်ရွက်ပေးကြသော စစ်ဘက်၊နယ်ဘက်မှပုဂ္ဂိုလ်များအားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများအားလည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ FEL မှ Vice President နှင့် ဝန်ထမ်းများအားလည်းကောင်း၊ IML မှဝန်ထမ်းများအားလည်းကောင်း၊ နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက်နှင့် သံဃာတော်များအားလည်းကောင်း၊ ဖက်ပင်အိုင်စာသင်တိုက်နှင့် သံဃာတော်များအားလည်းကောင်း၊ ချမ်းမြေ့ဂုဏ်ဝေသီလရှင်စာသင်တိုက်အားလည်းကောင်း၊ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်းများနှင့် ကုမ္ပဏီများအားလည်းကောင်း၊ ဈာပနကိစ္စတွင် ကိုယ်တိုင်လိုက်ပါပို့ဆောင်သူများနှင့် ပန်းခြင်း၊ သင်္ကန်း၊ ပရိက္ခရာစသည်များပေးပို့ခြင်း၊ လူကိုယ်တိုင်နှင့် Fax, e-mail, Phone တို့ဖြင့် နှစ်သိမ့်အားပေးကူညီကြသူများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာကြီး Gabriel
စောဖိုးစိန်
(B.A, D.T)
(စိန့်ဂျွန်းဒိုင်အိုစီဇင်ဟိုက်စကူး)
အထက်တန်းပြ(ငြိမ်း)အထက(၂)ဗဟန်း
သန့်ရှင်းသောကားတိုင်အသင်းတော်၏
ဘဏ္ဍာထိန်း
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏
အချိန်ပြည့်စာချပုဂ္ဂိုလ်
အသက်(၆၉)နှစ်

သံတောင်မြို့နယ်၊ နန်းချိန်ခွင်ရွာနေ ဦးစောမေးရှာ၏သားကြီး၊ နော်သာမော်၊ ဒေါ်စာရာတို့၏မောင်၊ ဦးစောရှာဒရာ၊ နော်စိန်ဂျူးဗလီမူးမူတို့၏အစ်ကို၊ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အမှတ်(၉)ရပ်ကွက်၊ ၁၀၄၊ အင်းလျားလမ်း၊ သန့်ရှင်းသောကားတိုင်ဘုရားကျောင်းဝင်းနေ ဆရာကြီး Gabrielစောဖိုးစိန်သည် ၁၉-၈-၂၀၀၄ ရက် ညနေ ၄:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၈-၂၀၀၄ ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် အမှတ် ၁၀၄၊ အင်းလျားလမ်း၊ သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

အောက်မေ့ဖွယ်ဝတ်ပြုခြင်းကို ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ၁၀၄၊အင်းလျားလမ်း၊သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
နာယက ဦးတင်အုန်း
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရွှေအင်ကြင်းရိပ်မွန်၊ အမှတ် K1 နေ ဒေါ်ကြင်မြိုင်၏ခင်ပွန်း၊ မတည်ပဒေသာပင်အလှူရှင်နာယကသည် ၁၉-၈-၂၀၀၄ရက် နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းဝင်များပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်းအမ
ဒေါ်စောရွှေ
(သမဂ္ဂသုခစာအုပ်တိုက်၊ ပခုက္ကူမြို့)
အသက်(၇၇)နှစ်

ပခုက္ကူမြို့၊ (၈)ရပ်ကွက်၊ ပန်းစွာလမ်း၊ အမှတ် ၆ နေ (ဦးချို-ဒေါ်ဖွားမြစ်)တို့၏သမီး၊ (ဦးစောလှိုင်)၏ဇနီး၊ (ဦးကျော်တင့်)-ဒေါ်စန်းမြင့်တို့၏အစ်မ၊ ဦးပေါ်လာကြည် - ဒေါ်စောသန်းထွေး (အထက-၁၁)၊ဦးချစ်လှိုင်(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ငွေငွေကြွယ်၊ (ဦးချစ်ခိုင်)၊ ဦးသိန်းထွန်း-(ဒေါ်စောမြင့်လှိုင်)၊ ဒေါ်ထားထားလှိုင်(အထက-၄)၊ ဒေါ်သီတာလှိုင်တို့၏မိခင်၊မြေးလေးယောက်တို့၏အဘွားသည် ပခုက္ကူမြို့၌ ၁၉-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၀၄ရက် ညနေ ၄နာရီတွင် ပခုက္ကူမြို့၌သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်အုန်း
(ပုလဲစာပေ၊ တောင်တွင်းကြီး)
အသက်(၈၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ရွှေအင်ကြင်းရိပ်မွန်၊ တိုက် (K)၊ အခန်း ၁ (မြေညီထပ်)နေ ဒေါ်ကြင်မြိုင်၏ခင်ပွန်း၊ ဦးငွေနိုင်(ပုလဲစာပေ၊ တောင်တွင်းကြီးမြို့)-ဒေါ်ဆွေဆွေဝင်း၊ ဦးမြင့်လွင်(စက္ကူစက်)-ဒေါ်သင်းသင်းလှိုင်၊ ဦးခင်မောင်လေး(Shangrila Leap Int. Co., Ltd.)-ဒေါ်သင်းသင်းမြိုင်၊ ဦးအောင်သန်းထူး(2/0 Multigate Co.,)-ဒေါ်သင်းသင်းကြိုင်၊ ဒေါ်သင်းသင်းခိုင်(ပုလဲစာပေ၊ တောင်တွင်းကြီး)၊ ဦးဝင်းခိုင်(Shangrila Leap Int. Co.,Ltd.)-ဒေါ်ခင်ထွေးတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၁၉-၈- ၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁- ၈-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ခဆွေ
အသက်(၄၅)နှစ်

ရန်ကုန်တိုင်း၊မှော်ဘီမြို့နယ်ရှိ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ဆွမ်းစားကျောင်းကြီးဆောက်လုပ်လှူဒါန်းခဲ့သော ဦးမောင်မောင်ခဆွေသည် ၁၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် ဝမ်းနည်းရပါကြောင်းနှင့်ကျန်ရစ်သူမိသားစုအား စာနာထောက်ထားရပါကြောင်း ဖော်ပြအပ်ပါသည်။

သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
မှော်ဘီမြို့နယ်၊ရန်ကုန်တိုင်း။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်ခင်မြင့် (ပျဉ်းမနား)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အလက(၁)မြောက်ဥက္ကလာပ၊
အလက(၄)ကြည့်မြင်တိုင်
အသက်(၇၁)နှစ်

ပျဉ်းမနားမြို့၊ ချမ်းအေးရပ်နေ (ဦးဘခြား-ဒေါ်မြတင်)တို့၏သမီး၊ (ဦးဘညွှန့်-ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်သန်း - ဒေါ်ခင်သောင်း၊ (ဦးခင်ထွန်း) - ဒေါ်မြလွင်တို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ် ၁၇၀/၃၊ ပထမသီရိရိပ်သာ၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်နေ ဦးငွေဇင်၏ဇနီး၊ မမြတ်သူဇာဇင်-ကိုစန်းလွင်၊ မနန်းဥမ္မာဇင်(ပသဒ)၊ မနှင်းဥမ္မာဇင် F.M.I City P & T Section၊ မခင်ကြေးမုံဇင်(O.E.M (M) Co.,Ltd.)-ကိုဝင်းဝင်းအောင်တို့၏မိခင်သည် ၁၉-၈-၂၀၀၄ရက် မွန်းလွဲ ၁:၂၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၀-၈-၂၀၀၄ရက် ဇဟိုရ်ဂျွန်မာနမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်သို့ပို့ဆောင်ဒါဖနာမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကျော်မင်း(ခ)ဦးအိတုံ
(ကားအလှပစ္စည်းဆိုင်၊ ဗိုလ်ရွဲလမ်း)
အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးတန်အိန်-ဒေါ်ရွှေ)တို့၏သားငယ်၊ (ဦးကြည်ဟီး)-ဒေါ်ရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊ အမှတ် ၁၆၃ နေ ဒေါ်လင်လင်ကင်း၏ခင်ပွန်း၊ ဦးစိုး (Pwint Oo Forniture)-ဒေါ်နွယ်နီဦး၊ ဦးကိုကိုဦး(Ko Ko Car Decoration)-ဒေါ်ခင်မူရှိန်၊ ဦးညီညီဦး(Nyi Nyi Oo Car-Decoration)-ဒေါ်သူသူစိန်၊ ဦးခင်မောင်ဝင်း(မိသားစုအလှကုန်၊ မင်္ဂလာဈေး)-ဒေါ်စန္ဒာဦး၊ ဦးကျော်ထက်-ဒေါ်နီလာဦးတို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁၉-၈-၂၀၀၄ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးဒေါ်မြမြထွန်း (ငြိမ်း)
စစ်သူနာပြုအပတ်စဉ်(၃)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ တိုက် ၂၆၊ အခန်း ၁၉ နေ (ဦးထွန်းရှင် - ဒေါ်လုံ)တို့၏ သမီး၊ ဦးမောင်မောင်ကြီး (အငြိမ်းစား၊ SAT၊ မင်းဘူး)၏ဇနီး၊ ဦးညီညီဦး(Ocean Tanker Co., Ltd.)-ဒေါ်တင်မျိုးသီတာဦး (Ex. MAI)၊ ဦးဇော်မျိုးဦး (Ex. MAI)၊ မောင်အောင်မျိုးဦးတို့၏မိခင်၊ မောင်လင်းသစ်ညီညီ၏ အဘွားသည် ၁၈-၈-၂၀၀၄ရက် ည ၉:၂၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာ
ဓနုဖြူဆရာကြီး ဦးအေးဖေ
(ဓနုဖြူမြို့)
အသက်(၇၉)နှစ်

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်နေ (ဦးဘသိန်း - ဒေါ်သိုက်)တို့၏သား၊ (ဦးလှမောင် - ဒေါ်အေး)တို့၏ သားသမက်၊ (ဦးကျော်သိန်း)-ဒေါ်ခင်မိတို့၏မောင်၊ အမှတ် ၄၀/C၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်စိန်မြင့်၏ခင်ပွန်း၊ ဦးခင်မောင်အေး-ဆရာမဒေါ်ဥမ္မာစိန်၊ ဦးမျိုးသန်း-ဒေါ်စိမ်းစိမ်းထွေး၊ ဦးဗိုလ်လွင်-ဒေါ်သူဇာစိန်၊ ဦးမျိုးဆန်းတို့၏ဖခင်၊ မဆန်းမြင့်မြတ်ဦး၊ မောင်မျိုးထက်ဝင်း၊ မောင်လင်းသန့်မောင်၊ မောင်သစ်လွင်သော်တို့၏အဘိုးသည် ၁၉-၈-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁ နာရီတွင် တရုတ်ကျောင်းလမ်းနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြင့်
(B.A History)
အကြီးတန်းစာရေး
ရန်ကုန်တိုင်းအင်/ယာမှူးကြီးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ တိုးချဲ့စံပြရပ်ကွက်၊ စီမံကိန်း ၂ နေ ဦးလှငွေ - (ဒေါ်ကြင်အု)တို့၏ သမီး၊ မှော်ဘီမြို့နယ်၊ ဆက်သွားတောကျေးရွာအုပ်စု၊ဘန့်ဘွေးကုန်းရွာနေ(ဦးကုလား-ဒေါ်စော)တို့၏သမီးချွေးမ၊ဦးဖိုးမောင်-(ဒေါ်စိန်ကြိုင်)တို့၏ညီမ၊ ဦးသောင်းငွေ၊ ဒေါ်ခင်သန်းနု၊ ဦးမျိုးသန်း-ဒေါ်ခင်မာရီတို့၏အစ်မ၊ မြဝတီရိပ်သာ၊ တိုက် ၂၃၊ အခန်း ၁ နေ အရာခံဗိုလ်ထွန်းရီ(ကာကွန်၊ ကာကွယ်ရေးဝန်ကြီးဌာန)၏ဇနီး၊ဗိုလ်လောင်းရဲလင်းဇော်(ဒု-နှစ်၊ စစ်တက္ကသိုလ်)၏မိခင်သည် ၁၈-၈-၂၀၀၄ရက် တွင်ကွယ်လွန်ပါသဖြင့် ၂၀-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် (၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီ တွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Kap Sian Thang
အသက်(၂၇)နှစ်

ကလေးမြို့နယ်၊ ပင်လုံရပ်ကွက်၊ အမှတ် ၁၀/၄၄ နေ Pu Thang Za Mung-Pi Tin Zing တို့၏သား၊ Pu Zuan Siang-Pi Thuai Lian တို့၏သားသမက်၊ Tg.Cin Kam Dal, Nu Hau Khan Dim-Pa Kham Lam Khup, Nu Ciin Ngaih Don တို့၏ ညီ/မောင်၊ Nu Lun Don Niang,Lia Sui Tin Sung တို့၏အစ်ကို၊ Pa.Awn Za Pau-Nu Ciang Khan Zem တို့၏တူမောင်၊ Nu Lian San ၏ခင်ပွန်းသည် ၁၅-၈-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၁-၈-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးခရစ်ယာန်ဓမ္မာရုံ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (FGAမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တောရင် (ခရမ်းမြို့)
အသက်(၁၀၄)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ ရှမ်းစုကျေးရွာနေ (ဦးစံဖြိုး-ဒေါ်ငြိမ်းသူ)တို့၏သမီး၊ ခရမ်းမြို့၊ အမှတ် ၂၄၁၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ (ဦးမောင်ညွှန့်)၏ဇနီး၊ ဦးတင်လှိုင်-(ဒေါ်ကြည်)၊ (ဦးခိုမောင်)-ဒေါ်ရီ၊ ဦးသောင်းလှိုင်-ဒေါ်လှကြည်၊ (ဦးဝင်းမောင်)-ဒေါ်ခင်လှ၊ ဦးချစ်တင် - ဒေါ်ခင်သန်းတို့၏မိခင်ကြီး၊ ကိုအောင်လွင်-မနွယ်နွယ်ဝင်း(ခရမ်းသားသစ်ဆိုင်)၏အမေကြီး၊ မြေး ၁၆ယောက်၊မြစ်၂၆ယောက်တို့၏အဘွားသည် ၁၉-၈-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၃ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ခရမ်းမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

၂၅-၈-၂၀၀၄ရက်တွင် အမှတ် ၂၈ (ဘီ)၊ တပင်ရွှေထီးလမ်း၊ အေးချမ်းသာယာမြို့သစ်၊ ခရမ်းမြို့(ခရမ်းသားသစ်ဆိုင်)၌ နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရွှေ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ တိုက် ၂၊ အခန်း ၅၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးဝင်းမြင့်)၏ဇနီး၊ ဦးစိုးလွင် - ဒေါ်ခင်ချိုမြင့် (လက်ထောက်ကထိက၊ ရန်ကင်းပညာရေးကောလိပ်)၊ မောင်စိုးသူရတို့၏မိခင်၊ ဦးတင်အေး-ဒေါ်ရီရီငြိမ်း(တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၊ ကိုအောင်ရဲနိုင်-ဒေါ်တင်တင်ဦး၊ ဦးတိုးဝင်း-ဒေါ်ခင်မေအောင်၊ ဦးထွန်းမြတ်၊ ဦးအောင်နိုင်ဝင်း(အင်းစိန် ထောင်မှူး)-ဒေါ်တင်တင်ငွေ၊ (ဦးမိုးကျော်မိုး)-ဒေါ်မြင့်မြင့်ရီ၊ ဦးလှမြင့်-ဒေါ်ခင်မေအေး၊ (ဦးသန်းမြင့်)-ဒေါ်ငွေမြင့်၊ ဦးအေးလွင်-ဒေါ်ခင်ထွေးတို့၏ကြီးတော်၊မောင်ကောင်းမြတ်အောင်(အလက-၁၊ ဒဂုံ)၏အဘွားသည် ၁၈-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်စိန်
(မြို့သစ်မြို့၊ မကွေးတိုင်း)
အသက်(၇၀)

မကွေးတိုင်း၊ မြို့သစ်မြို့၊ လယ်ပြင်ရပ်နေ (ဦးဂျော်နီ-ဒေါ်ပုတို့)တို့၏သမီး၊ (ဦးအေးပေါ်)၏ဇနီး၊ ဦးသောင်းညွှန့်-ဒေါ်အုန်းမြင့်၊ ဦးအောင်စိန်တို့၏ညီမ၊ ဦးအောင်ရှိန်-ဒေါ်ညွှန့်ရီ၊ (ဦးစိုးမြင့်)-ဒေါ်ရင်မေ၊ ဦးအောင်ရှိန်-ဒေါ်ခင်ငွေတို့၏အစ်မ၊ ဦးဇော်ဦး-ဒေါ်လဲ့လဲ့မိုး၊ ဦးငွေအောင် - ဗိုလ်မှူးဒေါ်မြင့်မြင့်နိုင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၉-၈-၂၀၀၄ရက် နံနက် ၄ နာရီတွင် ပြင်ဦးလွင်မြို့ အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်-၇၀၀တွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တဆရ-ခ/၇၀၀မှ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်လှ(ခ)ဦးဖိုးနီ
(ဖျာပုံတင်လှ)
(ပန့်နော်ဇယ်ဆိုင်၊ဘုရင့်နောင်ဈေးကြီး)
အသက်(၅၈)နှစ်

(ဦးအေးမောင်-ဒေါ်ထွေးစိန်)၏သား၊ ဦးဘရွှေ-(ဒေါ်ထွေးစိန်)တို့၏သားသမက်၊ ဒေါ်စန်းစန်းရီ၏ခင်ပွန်း၊ မရီရီချို၊ ကိုကိုနိုင်-မမိုးသူဇာ၊ ကိုသိန်းဦး-မခင်ခင်ချို၊ ကိုငယ်-မဥမ္မာ၊ မောင်ချောခန့်၊ မချောစုလှိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၈-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (အမှတ် ၁၉၀/ခ၊ ၆ လမ်း၊ မြို့သစ်၊ အင်းစိန်မြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပြည်တော်ပြန်မြတ်စွာဘုရားကြီးနှင့်
ဘုန်းတော်ကြီးဦးသီလစေတီဂေါပကအဖွဲ့၏သြဝါဒါစရိယ
ရွှေကျင်နိကာယ ရတညျုမဟာနာယက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ဆင္ဃသံဂီတိဘာဏက
ဆင္ဃသံဂီတိကာရက ဂန္ဓာရုံကျောင်းတိုက်၏ပဓာနနာယက
ဆရာတော် ဘဒ္ဒန္တ ကောသလ္လ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့၊ ဂန္ဓာရုံကျောင်းတိုက်၏ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တကောသလ္လသည် ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၂ ရက် (၁၇-၈-၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၁:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၆ ရက်(၂၁-၈-၂၀၀၄ရက်) စနေနေ့တွင် အဂ္ဂိဈာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေတပည့်အပေါင်းနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားပါသည်။

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သူရဲသမိန် သုဓမ္မာမဟာနိကာယအကျိုးဆောင်
သူရဲသမိန်ရွာ၊ မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်
ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ဥေယျ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သူရဲသမိန်ရွာ၌သီတင်းသုံးတော်မူသော ဘဒ္ဒန္တဥေယျ အရှင်မြတ်သည် ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် (၄-၈-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂:၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇရုပ်ကလာပ်အား အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ကျင်းပပူဇော်မည့်ရက်ကို ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၇ ရက် (၂၂-၈-၂၀၀၄ရက်)တနင်္ဂနွေနေ့ဟု သတ်မှတ်ကြေညာခဲ့ခြင်းအစား ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက် (၁၂-၉-၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ပြင်ဆင်ကြေညာအပ်ပါသည်။

သူရဲသမိန်ရွာ တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဒေါ်အေးမြင့် (ဥက္ကံမြို့)
အသက်(၈၀)

ဥက္ကံမြို့နေ တောအုပ်ကြီး (ဦးဘဖြိုး-ဒေါ်စောခင်)တို့၏သမီး၊ (ဦးသူငယ်-ဒေါ်ထင်)တို့၏သမီးချွေးမ၊ တိုက် ၃၃၂၊ အခန်း၁၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်းနေ (ဦးလှအေး၊ ကုန်သွယ်/လယ်ယာ)၏ဇနီး၊ဒေါ်သိန်းရီ၊ ဦးသိန်းဖံ၊ (ဒေါ်သန်းမေ)၏ညီမ၊ ဗိုလ်မှူးအောင်မြင့်(ငြိမ်း)-ဒေါ်ခင်ဦး၊ (ဒေါ်စိန်စိန်)၏မိခင်၊ ဦးမျိုးမြင့်(အထက-၄၊ မြောက်ဥက္ကလာ)-ဒေါ်စန်းစန်းဝင်း (မူ-အုပ်၊ မ/၄၊ မြောက်ဥက္ကလာ)၊ ဦးမြင့်အောင်(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်အေးအေးဝင်း၊ ဒေါက်တာကျော်ဝင်း-ဒေါက်တာဝေဝေခင် (မွေး/ကု ဦးစီး)၊ ဒေါ်သင်းသင်းထွေးတို့၏မိခင်၊ မဝင့်သူဇာမျိုး(B.Sc,Mentor Co.,)၊ မစိုးသန္တာမျိုး(E.C.C.D ၊မူကြို)၊ မအိစန္ဒာမျိုး(မူလွန်ကွက်သစ်၊မှော်ဘီ)၊မဖြူသဇင်(တ/သတ္တ)၊ မချောသီရိ (BCSC)၊ မလတ်ဝတ်ရည်(BCSC)၊ မောင်လက်အောင်ဖြိုး(ဒုတိယနှစ်၊ ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မသီရိဆုဝေ (X-B၊ အထက-၂၊ ဗဟန်း)တို့၏အဘွားသည် တိုက် ၃၃၂၊ အခန်း ၁၊ အနောက်ရန်ကင်းနေအိမ်၌ ၁၈-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်သန်းရင် (ဒေးဒရဲမြို့)
အသက်(၇၀)

ဧရာဝတီတိုင်း၊ဒေးဒရဲမြို့နယ်၊ကုလားကုန်းတန်းရွာနေ (ဦးထွေး-ဒေါ်စောနု)တို့၏သမီး၊ (ဦးသာစိန်)၏ဇနီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ အမှတ် ၄၁၇ နေ ဒေါ်အေးအေးသန်း (ငွေစာရင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးလှထွန်း(မြို့နယ်ဥပဒေအရာရှိ၊ကော့ကရိတ်မြို့)-ဒေါ်မိမြသိန်း (အထက်တန်းပြ၊ မော်လမြိုင်)၊ ဦးသက်ဝင်း (ဇော်မျိုးထက်ကုမ္ပဏီလီမိတက်)-ဒေါ်မေစီ၊ ကိုကျော်နိုင်(ကျိုက်လတ်ရဲစခန်း)-မအေးအေးသွယ်၊ မောင်မင်းဆန်းတို့၏မိခင်၊ မောင်မင်းဟံသာထွန်း၊ မမေသက်နိုင်၊ မောင်ဝင်းခန့်ကျော်၊ မထက်ထက်သိမ့်၊ မောင်ထက်ဝေယံတို့၏အဘွားသည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၁၈-၈-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးရန်အေး (မအူပင်)
အသက်(၈၂)နှစ်

မအူပင်မြို့၊ အမှတ် ၃၁၊ ဈေးလမ်းနေ ဒေါ်ပိုးတီ၏ခင်ပွန်း၊ ဦးခင်မောင်ဇော်၊ ဦးတင်မောင်ဇော် (Makro Co., Ltd.) - ဒေါ်ချိုချို၊ ဒေါ်လှလှစိုး (အလက-၁)၊ ဦးနေဝင်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်စိုးစိုးရည်၊ မချိုချိုနိုင်-ကိုဟန်စိုး၊ ကိုခင်မောင်တင့်တို့၏ဖခင်၊ မမေသဇင်ဇော်၏အဘိုးသည် ၁၇-၈-၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် မအူပင်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ပု
တာဇစက္ကီယောဂီ၊ဇရပ်အမှတ်(၁၀၉)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ် (ဦးထွန်းရ-ဒေါ်သိန်းကျင်)တို့၏သမီး၊ (ဦးအောင်သိန်း)၏ဇနီး၊မြောက်ဥက္ကလာပမြို့နယ်၊ ဧရာ ၁၃ လမ်းနေ ဦးအောင်သိန်း-ဒေါ်တင်နုတို့၏ညီမ၊ မုံရွာမြို့နေ ဦးအောင်သန်း၏အစ်မ၊ ဦးလှမြင့်သိန်း-ဒေါ်ညိမ်းညိမ်း၊ ဦးခင်မောင်ဝင်း-ဒေါ်မြမြ၊ ဦးစန်းမောင်-ဒေါ်စန်းစန်း၊ ဦးကျော်အောင်-(ဒေါ်နီနီအောင်)၊ဦးအောင်ဇင်-(ဒေါ်နှင်းဆီ)၊ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်ခင်၊ ဦးလှထွေး-ဒေါ်မော်မော်တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၉-၈-၂၀၀၄ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်အောင်
(M.E.P.E၊ ငြိမ်း)
အသက်(၅၃)နှစ်

ပျဉ်းမနားမြို့နယ် (ဦးအောင်ဘ-ဒေါ်ဖွားတင်)၊(ဦးမောင်ကို)၊ဒေါ်ခင်ညွှန့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ် (က/၇)၊ ဝန်ထမ်းအိမ်ရာနေ ဒေါ်ဝင်းရီ၏ခင်ပွန်း၊ မောင်တင်ထွန်းဝင်း၊ မသီတာဝင်း၊ မသန္တာအောင် - မောင်ရန်အောင်လင်း၊ မောင်ကျော်ကျော်လင်း-မဝင်းဝင်းမော်တို့၏ဖခင်၊မောင်ကောင်းမြတ်သူ၏အဘိုးသည် ၁၉-၈-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီ တွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အမေရိကန်တို့ အီရတ်စစ်ပွဲကိုဆင်နွှဲခြင်းသည်မှားယွင်း
ခေါင်းဆောင်များနှင့်လမ်းခွဲခဲ့သူ ရီပတ်ဘလစ်ကင်အမတ် ထုတ်ဖော်ပြောကြား

ဝါရှင်တန် ဩဂုတ် ၁၉

အိမ်ဖြူနှင့်ကွန်ဂရက်၌ သူ၏ ရီပတ်ဘလစ်ကင် ခေါင်းဆောင်များနှင့်လမ်းခွဲကာ အဆက်အသွယ်ဖြတ်ခဲ့သော နီဘရာစကာပြည်နယ်မှ ရီပတ်ဘလစ်ကင်အမတ် ဒေါ့ဘီရိုက်တာက အီရတ်ကို အမေရိကန်တို့ စစ်ရေးအရ အရေးယူဆောင်ရွက်ခြင်းသည်မှားကြောင်း သူ၏မဲဆန္ဒရှင်များထံ စာတစ်စောင် ရေးသားပေးပို့ကာ ပြောကြားလိုက်သည်။

အီရတ်စစ်ပွဲသည် အကုန်အကျကြီးမားသော သပွတ်အူလိုက်နေသည့် အရှုပ်အထွေးကြီးတစ်ခုဖြစ်ကြောင်း ဘီရိုက်တာက သူ၏ မဲဆန္ဒရှင်များထံ ရေးသားပေးပို့သောစာ၌ ရေးသားဖော်ပြထားသည်။

အီရတ်နိုင်ငံအား ဆင်နွှဲခဲ့သည့် စစ်ပွဲနှင့်ပတ်သက်၍ မိမိအနေဖြင့် အတိတ်၏ခြေရာကို ကောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ အီရတ်အားစစ်ပွဲဆင်နွှဲစေခဲ့သည့် ပြည့်စုံမှုမရှိသော ထောက်လှမ်းရေး သတင်းမှားများနှင့် မှားယွင်းသောကောက်ချက်ချမှုများသည် ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ အီရတ်ကိုစစ်ရေးအရဆောင်ရွက်ခြင်းမှာ မှားကြောင်း ၎င်းက သူ၏မဲဆန္ဒရှင်များထံရေးသားပေးပို့သည့်စာ၌ဖော်ပြထားသည်။

ဘီရိုက်တာသည် အောက်လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီနှင့် အောက်လွှတ်တော် ထောက်လှမ်းရေးကော်မတီဒုတိယဥက္ကဋ္ဌဖြစ်ခဲ့သည်။

ထောက်လှမ်းရေးသတင်းကို အကြီးအကျယ်လွဲမှားစွာ အဓိပ္ပာယ်ဖော်ဆောင်ခဲ့သည့်ပြင် အီရတ်အား စစ်ပွဲဆင်နွှဲခြင်းဖြင့် ပေါ်ထွက်လာမည့် အကျိုးဆက်များကို ဘုရှ်အစိုးရအား သတိပေးထားသော်ငြားလည်း စစ်ပွဲဆင်နွှဲခြင်းဖြင့် အခြားအမှားများကိုလည်း ဘုရှ်အစိုးရက ထပ်မံကျူးလွန်ခဲ့ကြောင်း ဘီရိုက်တာက ပြောကြားသည်။ အမ်အင်အေ၊ရိုက်တာ

မီးသတ်ယာဉ်များကြည့်ရှုစစ်ဆေး

ဩဂုတ် ၁၉ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ရေဦးမြို့နယ်၊ ခင်ဦးမြို့နယ်၊ မင်းတပ်မြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့နယ်နှင့် ကျိုက်ထီးရိုး(ကင်မွန်းစခန်း)တို့သို့ ပေးပို့မည့် တီအီးမီးသတ်ယာဉ်ခြောက်စီးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းအကျယ်–၉) (မီးသတ်ဦးစီး)

ပြေးခုန်ပစ်အဆင့်အတန်း ပြန်လည်ဦးမော့လာစေရေးရည်ရွယ် (၁၅)ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲ မြို့ကြီးကိုးမြို့တွင်ကျင်းပမည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၉

မြန်မာ့အားကစားလောကတွင် ပြေးခုန်ပစ်အားကစားနည်းသည် ယခင်က အာရှအဆင့်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာဖိတ်ခေါ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်ဖြင့် အောင်ပန်းများဆင်နိုင်ပြီး ကမ္ဘာ့ပြိုင်ပွဲများအထိ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သည်။ တစ်ချိန်က အာရှတစ်ခွင် ပြိုင်ဘက်နိုင်ငံများ၏ အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သည်။

မြန်မာ့ပြေးခုန်ပစ် အဆင့်အတန်း ပြန်လည်ဦးမော့လာစေရန် အားကစားဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားချက်နှင့်အညီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ(မန်နေဂျင်းဒါရိုက်တာ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်)နှင့် အမှုဆောင်သစ်များက ရေရှည် စီမံကိန်းများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တာလတ်၊ တာဝေးနှင့် အပစ်၊ အခုန် မျိုးဆက်သစ်လူငယ်များရှာဖွေခြင်း၊ လက်ရှိပဏာမလက်ရွေးစင်များနှင့်လက်တွဲ၍ နိုင်ငံတကာပြိုင်ပွဲများ

စာမျက်နှာ ၁၁ ကော်လံ ၄ ❐

ပဏာမမြန်မာ့လက်ရွေးစင် ကျော်စွာမိုး လုံတံပစ်လေ့ကျင့်နေဟန်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရောမငါးမန်းပါးစပ်ကြီး

တိုကျိုမြို့အနောက်ဘက် ကီလိုမီတာ ၂၀၀ အကွာ ဆီဇူအိုကာမြို့မှ တိုကေးရေကြောင်းသိပ္ပံတက္ကသိုလ်တွင် ပြသထားသော နမူနာငါးမန်းကြီးတစ်ကောင်၏ ၄ဒသမ၂ မီတာ အကျယ်ရှိ ရောမပါးစပ်ကြီးအား ကလေးငယ်များက စိတ်ဝင်တစားကြည့်ရှုလေ့လာနေကြစဉ်။ **(အပေါ်ပုံ)**

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့အသေးဆုံးရဟတ်ယာဉ်

ဆီကိုအက်ပ်ဆွန် ဂျပန်အီလက်ထရွန်နစ်ကုမ္ပဏီကြီးက အမြင့် ၈၅မီလီမီတာ၊ ဒလက် အချင်း ၁၃၆မီလီမီတာနှင့် အလေးချိန် ၈ ဒသမ ၆ ဂရမ်ရှိသော ကမ္ဘာ့အပေါ့ဆုံး Micro Flying Robot II ကို တီထွင် ထုတ်လုပ်ခဲ့သည်။ ဩဂုတ် ၁၉ ရက်၌ တိုကျိုရှိကုမ္ပဏီဌာနချုပ်တွင် လေထဲ၌ ပျံဝဲပြခဲ့သည်။ **(အောက်ပုံ) (ဓာတ်ပုံ–အင်တာနက်)**

စနူကာ ယှဉ်ပြိုင်

ဩဂုတ် ၁၉ရက်က အငယ်တန်း စနူကာ ပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်တွင် သီဟဝင်း(ရန်ကုန်)ကို အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသော ကျော်မိုး(ရှမ်းပြည်နယ်)ယှဉ်ပြိုင်နေစဉ်။

(သတင်း–၁၃) (မြန်မာ့အလင်း)

သတင်းဆောင်းပါး ကဲ့ဗွေး

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က)အဖွင့်ပွဲစဉ် မြန်မာနှင့်ဗီယက်နမ် ယနေ့ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၄ ခုနှစ် အယ်လ်ဂျီဖလား (LG-Cup)ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ် ၂၀ ရက်**(ယနေ့)**စတင်ကျင်းပမည်ဖြစ်ရာ အုပ်စု(က)အဖွင့်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိမ်ရှင် ဗီယက်နမ်အသင်း၊ အုပ်စု(ခ)အဖွင့်ပွဲစဉ်အဖြစ် တောင်ကိုရီးယားတက္ကသိုလ်ညွှန့်ပေါင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■